# လောကပါလ

## ဥပဒေရေးရာစာစောင်

ISSN 1513-9174

အမှတ်စဉ် ၂၉ (ဒီဇင်ဘာလ ၂၀၀၇ ခုနှစ်)



မြန်မာနိုင်ငံရှေ့နေများကောင်စီ

# လောကပါလဥပဒေရေးရာစာစောင်

အမှတ်စဉ် (၂၉) ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ

# မြန်မာနိုင်ငံရှေ့နေများကောင်စီ

ထောက်ပံ့သည့်အဖွဲ့အစည်း – Friedrich Naumann Stiftung (FNS)

..................................................................................................

ထုတ်ဝေဖြန့်ချိ – **မြန်မာနိုင်ငံရှေ့နေများကောင်စီ**

မူပိုင် – **မြန်မာနိုင်ငံရှေ့နေများကောင်စီနှင့် စာမူရှင်များ**

မျက်နှာဖုံးဒီဇိုင်း – စောတာခစ်

ကွန်ပြူတာစာစီ – ဦးသန်းနိုင်

**ပညာပေးရေးအတွက် ထပ်ဆင့် ကူးယူဖြန့်ချိမှုများကို အားပေးသည်။**

ဥပဒေပညာဖြင့် လူ့အဖွဲ့အစည်း၏ငြိမ်းချမ်းမှုကို တည်ဆောက်အံ့

**မြန်မာနိုင်ငံရှေ့နေများကောင်စီ**
P.O. Box 144, Mae Sot, Tak, 63110, Thailand
E-mail ; blcsan@ksc.th.com , blcburma@blc-burma.org

**အခြေခံဥပဒေရေးရာစာစောင်၊ အမှတ်စဉ် (၂၉) ၂၀၀၇ ခုနှစ် ၊ ဒီဇင်ဘာလ**

# မာတိကာ

**ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ** **စာမျက်နှာ**

❖ တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်မည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ---------- ၁
❖ အခြေခံဥပဒေမူကြမ်းရေးဆွဲရေး ကော်မရှင်ဖွဲ့စည်းခြင်းဖြင့် နအဖစစ်အစိုးရ အမှားတခုထပ်မံကျူးလွန် ---------------------- ၇
❖ ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်ပတ်သက်၍ ထိုင်းနှင့် မြန်မာကွာခြားချက် -- ၁၀
❖ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ
(အပိုင်း-၇)နအဖ၏ဖွဲ့စည်းပုံအခြေခံဥပဒေမူများအရ ဥပဒေပြုလွှတ်တော်၏ အနေအထားကိုသုံးသပ်ခြင်း ---------------------- ၁၄
(အပိုင်း-၈)အတိတ်တွင်လူထုခံစားခဲ့ရသော လူ့အခွင့်အရေးချိုးဖောက်မှုများကို ထင်ဟပ်ရန်လိုအပ်သောဖွဲ့စည်းပုံအခြေခံဥပဒေ ---------- ၁၈
(အပိုင်း-၉)နအဖ၏အခြေခံမူများကို ၂၀၀၇ခုနှစ် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နှိုင်းယှဉ်လေ့လာခြင်း ------------------------ ၂၂

**တရားဥပဒေစိုးမိုးရေး**

❖ မြန်မာနိုင်ငံအတွင်းရှိ ရှေ့နေကြီးများသို့ မေတ္တာရပ်ခံပန်ကြားချက် ------- ၂၆
❖ တူရကီနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းနှင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး၏အခန်းကဏ္ဍ ---------------------- ၂၈

**ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ**

❖ ငြိမ်းချမ်းစွာဆန္ဒပြသော သံဃာတော်များအား လူစုခွဲရန် သေနက်ပစ်ဖောက် နှိမ်နင်းသည့်ကိစ္စအပေါ် အရေးယူပေးရန်တောင်းဆိုသည့် ထုတ်ပြန်ချက် ---- ၃၄
❖ ခရီးသွားလာသော နိုင်ငံသားများအား ဧည့်စာရင်းမတိုင်ဟုအကြောင်း ပြကာ အရေးယူခြင်းသည် ဥပဒေနှင့် မညီညွတ်ကြောင်း ထုတ်ပြန်ချက် ---- ၃၇
❖ မြန်မာနိုင်ငံမှ နိုင်ငံရေးအကြမ်းဖက်မှုများ ---------------------- ၃၉
❖ ဆန္ဒပြသူများကို အရပ်ဝတ် ဝတ်ထားသူများက ဖမ်းဆီးမှုအပေါ် ဆွေးနွေးသုံးသပ်ချက် ---------------------- ၄၉
❖ မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးတို့အပေါ် လေ့လာသုံးသပ်ခြင်း(အပိုင်း-၁) ---------------------- ၅၃
❖ အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ဆွေးနွေးသုံးသပ်တင်ပြချက် ---- ၅၇

## ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ

(အောက်ပါ ဖော်ပြချက်များသည် (၉၊ ၉၊ ၂၀၀၇)နေ့တွင် ပလောင်လူငယ်ရုံးရှိ သင်တန်းခန်းမတွင် ဆရာဦးအောင်ထူးမှ သင်တန်းသူ၊ သင်တန်းသားများအား ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးချက်များကို ပြန်လည်ကောက်နုတ်တင်ပြထားပါသည်။)

# တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မည့်ဖွဲ့စည်းပုံအခြေခံဥပဒေ

**ဦးအောင်ထူး**

တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် တိုင်းပြည်ရဲ့အမြင့်ဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စီးပွားရေးနှင့်ပတ်သက်ပြီး အခြေခံမူများကို ထည့်သွင်းအာမခံဖို့လို အပ်ပါတယ်။ ဘာကြောင့်ဒီလိုပြောရ သလဲဆိုရင် ယနေ့ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲတော့မှာဖြစ်တယ်။ အဲ့ဒီလိုရေးဆွဲတော့မယ့် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ စီးပွားရေးနှင့်ပတ်သက်ပြီး လူထုတွေကြုံတွေ့ခံစားနေရတာကို ဖြေရှင်းနိုင်ဖို့ အချက်တွေအာမခံဖို့ လိုအပ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ တိုင်းပြည်မှာ လက်ရှိဖြစ်ပျက်နေတဲ့ အခြေအနေတွေကို ထင်ဟပ်ဖော်ပြနိုင်ဖို့ ကြိုးစားရမယ်၊ အဲ့ဒီဘက်ကနေချဉ်းကပ်တဲ့အခါ ပထမဦးဆုံး ငြင်းပယ်လို့မရအောင် ပြုရတဲ့အချက်ကတော့ မြန်မာပြည်လူထုတွေ ရင်ဆိုင်နေရတဲ့အဓိကပြဿနာက စီးပွားရေးပြဿနာဖြစ်တယ်၊ အဲ့ဒီ စီးပွားရေးပြဿနာ ကို ဘယ်လိုဖြေရှင်းမလဲဆိုတာ စဉ်းစားရမှာဖြစ်တယ်။ ဆင်းရဲငတ်ပြတ်နေတဲ့ ပြဿနာကြီးကို တစုံတရာ ဖြေရှင်းကျော်လွှားနိုင်အောင် ဖွဲ့စည်းပုံအခြေခံ ဥပဒေကနေပြီး ဘာတွေအာမခံချက်ပေးမလဲဆိုတဲ့ဘက်ကနေ စဉ်းစားဖို့ဖြစ်လာတယ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေက အသွင်းသဏ္ဍာန်ကြီးဘဲ သွားလို့မရဘူး၊



အနှစ်သာရအရ လူထုကိုအကျိုးရှိမည့်အချက်တွေ၊ လူထုအနေနဲ့ ဘဝရင်ဆိုင်နေရတဲ့ ပြဿနာ တွေကို တစုံတရာရင်ဆိုင် ဖြေရှင်းသွားနိုင်ဖို့အတွက်ကို ဘာတွေ အခုတ်မြစ်ချမလဲ။ အဲ့ဒီလို စဉ်းစားဖို့ရှိတဲ့ အခါမှာ အရေးကြီးဆုံးပြဿနာ (issue) ကတော့ စီးပွားရေးဖြစ်တယ်၊ စီးပွားရေး ကြောင့် ကနေ့ဆန္ဒပြပွဲတွေဖြစ်လာတယ်၊ လူထုဘဝဟာ ကုန်းကောက်စရာမရှိလောက်အောင် ဆင်းရဲနေကြတယ်၊ ဘုန်းကြီးတွေ ဆန္ဒပြပွဲဖြစ်ကြတယ်။ ဘုန်းကြီးတွေကို ဒေးကဒကာတွေက လျှောက်တယ်၊ အရှင်ဘုရားတို့ကို တပည့်တော်တို့ အရမ်းကျေးဇူးတင်တယ်၊ တပည့်တော်တို့ကိုယ်စား လုပ်ပေးတဲ့အတွက် အရမ်းကျေးဇူး တင်ပါတယ်၊ တပည့်တော်တို့ငတ်နေကြပါပြီးလို့ အရှင်ဘုရားတို့ ပြောတယ်၊ ဒါကြောင့် ဒကာဒကာမတို့ရှေ့ကနေ ဘုန်းကြီးတွေက ထွက်ကြတယ်၊ မော်တော်ကားတွေကို မီးနဲ့ဝင်ရှို့တာတွေလုပ်တော့ လူတွေပါဝင်ရှို့ ကြတယ်။ အဲ့ဒီအခါမှာ ဘုန်းကြီးတွေက နင်တို့ဝင် မလာနဲ့၊ နင်တို့မလုပ်နဲ့လို့ပြောတဲ့အခါ ဘုန်းကြီးတွေက ရှေ့ကဝင်ခံပေးတဲ့သဘောပါ၊ ဘုန်းကြီးတွေရဲ့ယူဆချက်က ဒကာဒကာမတွေ ငတ်နေတဲ့ အချိန်မှာ ငါတို့မှာတာဝန်ရှိတယ်၊

ငါတို့က ဒကာဒကာမတွေကို မှီခိုနေရတာဖြစ်တယ်၊ သူတို့ငတ်နေရင် ငါတို့မှာလဲ စားစရာ မရှိတော့ဘူး၊ သူတို့ ပြဿနာက ငါတို့ပြဿနာဖြစ် တယ် ဆိုတဲ့ဘက်ကနေ ဝင်တာဖြစ်တယ်။ အဲ့တော့ စီးပွားရေးပြဿနာဟာ မြန်မာပြည်မှာ အကြီး မားဆုံးဖြစ်လာတယ်။

မြန်မာပြည်ဟာ လွတ်လပ်ရေးရပြီးတဲ့နောက် ၁၉၄၈–၆၂ ကာလမှာ တနည်းအားဖြင့် ဒီမိုကရေစီတစုံ တရာအားကောင်းခဲ့တဲ့ အချိန်ကာလမှာ မြန်မာပြည်ကလူက စင်္ကာပူနိုင်ငံ သွားတဲ့အခါမှာ ရွှေဥဒေါင်းသည်ကြိုသလို ကြိုရတယ်၊ စင်္ကာပူက စပြီးဖွံ့ဖြိုးဖို့လုပ်တုန်းဖြစ်တယ်၊ အဲ့ဒီအချိန်အခါမှာ မြန်မာပြည်က လူတွေသွားရင် တိုင်းကြီးပြည်ကြီးသားတွေဖြစ်နေတယ်။ စင်္ကာပူကသူတွေက ရွှေဥဒေါင်းသည်လိုကြိုတာ၊ ဟော်တယ်တွေ ဂါတ်ဟောက်တွေမှာ ကောင်း ကောင်းထားတာ၊ နှစ်ပေါင်း (၅၀)ကျော်ပြီးတဲ့နောက်ပိုင်းမှာ ပြောင်းပြန်ဖြစ်သွားတယ်။ ကျနော်တို့နိုင်ငံသားတွေရဲ့ ဘဝဟာ ကွယ်လွန်သွားတဲ့ ကျောက်ခန်းရောင်ဝေရဲ့စကားနဲ့ ပြောရ မယ်ဆိုရင် တိရိစ္ဆာန်သာသာဘဝဖြစ်သွားတယ်။ မြန်မာပြည်ထဲမှာ ဘက်စိကားတွေ သိပ်ကြပ်လွန်းတဲ့အခါကျတော့ မဖြစ် သင့်တာတွေဖြစ်နေကြပြီး၊ မြို့ကြီးတွေမှာဖြစ်တယ်၊ လမ်း ပေါ်တွေမှာဖြစ်တယ်၊ တော်ထဲမှာတွေဖြစ်တယ်၊ တိရိစ္ဆာန်သာသာဘဝ ရောက်သွားကြကုန်ပြီး။ စီးပွားရေးဟာ သိပ်နောက်ကျလွန်းတဲ့အခါကျတော့ လူ့ဂုဏ် သိက္ခာပါ ကျဆင်းသွားတယ်။ အဲ့ဒီလောက်ကြီးမားတဲ့ပြဿနာကို အနာဂါတ်ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဘယ်လို အခြေခံ အုတ်မြစ်တွေချမလဲဆိုတာ စဉ်းစားဖို့လိုအပ်လာတယ်။ အဲ့လိုစဉ်းစားကြည့်တဲ့အခါမှာ လူထုနားလည်း နိုင်လောက်တဲ့ အဆိုပြုချက်ကို တင်ပြချင်ပါတယ်။

အဓိက စဉ်းစားချက်က ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ လူထုသဘောကို ထင်ဟပ် စေရမယ်။ လူထုတွေရဲ့ပြဿနာကို ဖြေရှင်းနိုင်ဖို့အတွက် တစုံတရာအခြေခံအုတ်မြစ်တွေ ချပေးရမယ်။ လူထုတွေ အဓိကရင်ဆိုင်နေရ တာကတော့ စီးပွားရေးပြဿနာဖြစ်တယ်။ ယနေ့မှာ စီးပွားရေးအခြေအနေတွေဟာ ဘာကြောင့်ဒီလိုဖြစ်နေရ တာလဲ၊ ကနေ့ နအဖပြုတ် ကျပြီး ဒီမိုကရေစီအစိုးရတရပ်တက်ရင်ကော စီးပွားရေးပြဿနာကပြေလည်နိုင်ပါ့မလား၊ မေး စရာဖြစ်လာတယ်၊ လွယ်လွယ်နဲ့တော့စဉ်းစားလို့မရပါဘူး။ အဲ့တော့ ဒီနေ့ကမ္ဘာကြီးမှာ ရှိတဲ့ နိုင်ငံတွေ အတော်များများမှာ အောင်မြင်နေတယ်လို့ပြောလို့ရတဲ့ ကျင့်သုံးနေတဲ့စီးပွားရေးစနစ် ကတော့ ဈေးကွက်စီးပွား ရေးစနစ်ဖြစ်တယ်။ ဈေးကွက်စီးပွားရေးကို လေ့လာတဲ့တဲ့အခါမှာ အမည်မဖော်လိုတဲ့စီးပွားရေးပညာရှင်တွေနဲ့ ဆွေးနွေးမှုတွေလုပ်ခဲ့တဲ့အချက်အချို့ကို တင်ပြချင်ပါတယ်။ သူတို့ဆီကနေ မေးရတယ်၊ ဆွေးနွေးရတယ်၊ လေ့လာ ရတယ်။ အဲ့ဒီလိုအပြန် အလှန်လေ့လာမှတ်သားပြီးမှ ဈေးကွက်စီးပွားရေးနဲ့ပတ်သက်ပြီး တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသင့်သည့် အနိမ့်ဆုံးစံပြဋ္ဌာန်းချက် အချက်(၂၀)ကို ရရှိခဲ့တယ်။ အဲ့ဒီအချက်နှစ်ဆယ်ကို အနိမ့်ဆုံးအားဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေမှာ အာမခံဖို့လိုပါတယ်။ သို့မှသာ ဈေးကွက်စီးပွားရေးစနစ်ကို အကောင်အထည် ဖော်နိုင်ပြီး တိုင်းပြည်တိုးတက်မှာဖြစ်တယ်။ ပြည်သူလူထုလည်း ဆင်းရဲငတ်မွတ်ဘေးမှ လွတ်မှာ ဖြစ်တယ်။ အဲ့ဒီအချက် (၂၀)ကတော့ အောက်ပါအတိုင်းဖြစ်ပါတယ်။

**တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုရှိစေရန် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းသင့်သည့် အနိမ့်ဆုံးစံပြဋ္ဌာန်းချက်များ**

၁။ ဈေးကွက်စီးပွားရေးစနစ်ကို ဥပဒေစိုးမိုးမှုအခြေခံဖြင့် ဆောင်ရွက်နိုင်ရန် လွတ်လပ်၍ ဘက်မလိုက်သော တရားစီရင်ရေးဖြင့် အာမခံရမည်။

၂။ ပုဂ္ဂလိကပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် (Property rights) ကို ဥပဒေနှင့်အညီ ကာကွယ်ပေးရမည်။ ထို့အပြင် ကုမ္ပဏီတခု၊ အဖွဲ့အစည်းတခုက ဈေးကွက်ကိုလက်ဝါးကြီး မအုပ်နိုင်ရန်၊ လက်ဝါးကြီးအုပ်မှုမှ ကာကွယ်သည့် ဥပဒေ (Anti-Trust Law) ကိုပြဋ္ဌာန်းရမည်။

၃။ အစိုးရသည် ကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများကို ဘက်လိုက်မှုကင်းရှင်းစေရမည်။ စီးပွားရေးလုပ်ငန်း များတွင် ကုမ္ပဏီအချင်းချင်းဖြစ်ပွားသောအမှုများ၊ ကုမ္ပဏီနှင့် အလုပ်သမားများ အကြား ဖြစ်ပွားသောအမှုများ၊ ကုမ္ပဏီနှင့် အစိုးရ (သို့) ဒေသဆိုင်ရာအာဏာပိုင်များအကြား ဖြစ်ပွားသောမှုခင်းများကို တရားမျှတစွာဖြေရှင်းနိုင်ရန် ပဋိပက္ခဖြေရှင်းရေးရုံးများ၊ တရားရုံးများကို ဥပဒေနှင့်အညီ စနစ်တကျဖွဲ့စည်းရမည်။

၄။ ဗဟိုဘဏ်အပါအဝင် ငွေကြေးဆိုင်ရာအာဏာပိုင် အဖွဲ့အစည်းများ (monetary institutions) ဘဏ္ဍာရေး ဆိုင်ရာ အဖွဲ့အစည်းများ (financial institutions) လွတ်လပ်စွာတည်ထောင်မှုကို ဥပဒေနှင့်အညီပြဋ္ဌာန်း ကာကွယ်ရမည်။ တိုင်းပြည်တွင် လည်ပတ်သော ငွေကြေးပမာဏနှင့်ငွေစက္ကူ ရိုက်နှိပ်ထုတ်ဝေမှုကို ဗဟိုဘဏ်က ဆုံးဖြတ်လုပ်ကိုင်ရမည်။

၅။ အခွန်များကောက်ယူခြင်းနှင့် အခြားနည်းလမ်းဖြင့် ရှာဖွေခြင်းများအပါအဝင် တိုင်းပြည်၏ဝင်ငွေ၊ ထွက်ငွေ ရသုံးခန့်မှန်းခြေငွေများ သတ်မှတ်ခြင်း၊ ခန့်ခွဲခြင်း၊ ရာထားသုံးစွဲခြင်း ဆိုင်ရာများကို ဥပဒေပြုလွှတ်တော်က ကြီးကြပ် လုပ်ဆောင်ရမည်ဖြစ်ပြီး တပြည်လုံးလူထု သိရှိအောင် နှစ်စဉ်ပုံမှန် ထုတ်ပြန်ကြေငြာရမည်။

၆။ နိုင်ငံသားများဥပဒေနှင့် အညီပိုင်ဆိုင်သော ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအားလည်းကောင်း၊ မရွှေ့ မပြောင်းနိုင် သောပစ္စည်းများအားလည်းကောင်း၊ နိုင်ငံခြားသားများငှားရမ်းလုပ်ကိုင်နေသော မြေယာနှင့် အခြား ပိုင်ဆိုင်ခွင့် များအားလည်းကောင်း၊ ကာလပေါက်ဈေးနှင့် အညီထိုက်သင့်သော လျော်ကြေးပေးအပ်ခြင်းမရှိပဲ၊ အတင်းအဓမ္မ နိုင်ငံပိုင်အဖြစ် သိမ်းယူခြင်းမပြုရ။

၇။ တိုင်းပြည်စီးပွားရေးတိုးတက်ရန်အတွက် နိုင်ငံသားများ၏လွတ်လပ်စွာကုန်ထုတ်လုပ်မှု၊ ရောင်းဝယ်ဖောက် ကားမှု၊ ပြည်းတွင်း ပြည်ပ ကုန်သွယ်မှုတို့ကို မည်သည့်အဖွဲ့အစည်းကမျှ ဟန့်တားနှောက်ယှက်ခြင်းမရှိစေရန် ဥပဒေအရ ကာကွယ်ပေးရမည်။

၈။ နိုင်ငံသားတိုင်းသည် လွတ်လပ်စွာသက်မွေးဝမ်းကျောင်းခွင့်ရှိရမည်ဖြစ်ပြီး နိုင်ငံတွင်း၌သော်လည်းကောင်း၊ ပြည်ပ နိုင်ငံများသို့သော်လည်းကောင်း အသက်မွေးကျောင်းမှုအတွက် ခရီးသွားလာပိုင်ခွင့်၊ အလုပ်လုပ်ခွင့်၊ ပညာသင် ကြားခွင့်၊ ဥပဒေနှင့်အညီနေထိုင်ခွင့်များ ရရှိရမည်ဖြစ်ပြီး၊ ထို့အတွက်ဥပဒေကြောင်းအရ ကူညီထောက် ပံ့ပေးရမည်။

၉။ နိုင်ငံသားတိုင်းသည် အင်တာနက်၊ အီးမေးအပါအဝင် ခေတ်မီသတင်းဆက်သွယ်ရေး နည်းပညာများကို လေ့လာ သင်ကြားခွင့်၊ ယင်းတို့ကိုအသုံးပြု၍ ပြည်တွင်း၊ ပြည်ပမှ သတင်းအချက်အလက်များကို ဥပဒေနှင့်အညီ လွတ်လပ်စွာ ရှာဖွေခွင့်၊ စုဆောင်းခွင့်၊ သုံးစွဲခွင့်၊ ဖြန့်ဖြူးခွင့် ရှိစေရမည်။

၁၀။ ဥပဒေနှင့်အညီ တရားဝင် ပိုင်ဆိုင်သော ငွေကြေးနှင့် ပစ္စည်းများအား ပြည်ထောင်စုအ

တွင်းတနေရာမှ တနေရာသို့ဖြစ်စေ၊ ပြည်ထောင်စုပြင်ပမှ ပြည်ထောင်စုနိုင်ငံအတွင်း သို့ဖြစ်စေ၊ ပြည်ထောင်စုနိုင်ငံအတွင်းမှ ပြည်ထောင်စု နိုင်ငံပြင်ပသို့ဖြစ်စေ၊ ဥပဒေနှင့်အညီ ရွှေ့ပြောင်းခြင်းကို မည်သူမျှ တားဆီးပိုင်ခွင့် မရှိစေရ။

၁၁။ နိုင်ငံသားတိုင်းသည်လည်းကောင်း၊ နိုင်ငံအတွင်း၌ဥပဒေနှင့်အညီ တရားဝင်နေထိုင်သူတိုင်းသည်လည်းကောင်း၊ ပြည်တွင်းငွေစက္ကူနှင့် နိုင်ငံခြားငွေစက္ကူများကို ဥပဒေနှင့်အညီ လွတ်လပ်စွာကိုင်တွယ်သုံးစွဲခွင့် လဲလှယ်ပြောင်းရောင်းဝယ်ခွင့် ရှိစေရမည်။

၁၂။ အစိုးရသည် တမျိုးသားလုံး၏အခြေခံအဆောက်အအုံ တိုးတက်မှုရှိစေရန် ဆောင်ရွက်ရမည်။ လျှပ်စစ်၊ ရေထောက်ပံ့မှု၊ ဆက်သွယ်ရေး၊ သယ်ယူပို့ဆောင်ရေး စသည့် ရုပ်ဝတ္ထု အခြေခံအဆောက်အအုံများကို လူထုဖွံ့ဖြိုးရေး လုပ်ငန်းများအတွက်အဓိက အသုံးပြုရမည်။ ပညာရေး၊ ကျန်းမာရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပါဝင်သည့် လူမှုရေး အခြေခံအဆောက်အအုံများလည်း တိုးတက်စေရမည့်အပြင် လူမျိုး၊ လူတန်းစား၊ လူ့အလွှာ၊ လူ့ဇာတိ မခွဲခြားဘဲ နိုင်ငံသားတိုင်းခံစားခွင့် အခွင့်အလန်း တန်းတူရှိစေရမည်။

၁၃။ စျေးကွက်စီးပွားရေးစနစ် ကောင်းမွန်စွာလည်ပတ်နိုင်ရန်အတွက် အစိုးရ၏ရိုးသားပွင့်လင်းမှု၊ တာဝန်ခံမှု၊ လာဒ်ပေးလာဒ်ယူကင်းရှင်းမှုတို့အပါအဝင် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တရပ် (Good governance)ကို တည်ဆောက်ရမည်။ စျေးကွက်စီးပွားရေးတွင် နိုင်ငံ၏ပါဝင်မှု အခန်း ကဏ္ဍကိုလျှော့ချပြီး၊ အစိုးရသည်ကိုယ်တိုင်ပါဝင်လုပ်ဆောင်ခြင်းထက် စျေးကွက်ကို ပံ့ပိုးကူညီ သူအဖြစ်ဆောင်ရွက်ရမည်။

၁၄။ ပြည်ထောင်စု တဝှမ်းလုံးဖွံ့ဖြိုးရေးလုပ်ငန်းများအတွက်အတွက် ဥပဒေပြုအဖွဲ့များကသော်လည်းကောင်း၊ ပြည်ထောင်စုအစိုးရအဆင့်ဆင့်ကသော်လည်းကောင်း ဆုံးဖြတ်စီမံချက်ချမှတ်သည့်ကိစ္စရပ်များအားလုံးကို အများပြည်သူသိရှိစေရန် နှစ်စဉ်ပုံမှန်ထုတ်ပြန် ကြေငြာရမည်။ အစိုးရ၏ဆောင်ရွက်ချက်များ၊ ဒေသဆိုင်ရာ အာဏာပိုင်များ၏ ဆောင်ရွက် ချက်များနှင့် စပ်လျဉ်း၍ နိုင်ငံသားများတွင် မေးမြန်းခွင့်၊ သတင်းရယူခွင့်၊ အကြံပေးခွင့်၊ သုံးသပ် တင်ပြခွင့်များ ရှိစေရမည်။

၁၅။ လူတိုင်းတွင် ပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု အပေါ်အခြေခံ၍ တူညီသော အလုပ်အကိုင် အခွင့် အလန်းရရှိစေရမည်။ စျေးကွက်စီးပွားရေးနှင့် လိုက်လျောညီထွေရှိစေပြီး အရည်အချင်းနှင့်ပြည့်စုံသော လုပ်အားရှင်များကို မွေးထုတ်ပေးနိုင်ရန် လွတ်လပ်သော ပညာရေးစနစ်တည်ထောင်လည်ပတ်မှုကို ဥပဒေနှင့်အညီ အာမခံရမည်။

၁၆။ နိုင်ငံတော်တွင် မျက်မှောက်လူနေမှုစရိတ် (Living cost)ကိုကာမိသော အနိမ့်ဆုံးလုပ်အားခ (Minimum Wages) စနစ်ကို ဥပဒေနှင့်အညီပြဋ္ဌာန်းရမည်။ တူညီသောအလုပ်အတွက် ညီမျှသော လုပ်အားခကို ခံစားရရှိရမည် ဖြစ်ပြီး၊ သင့်တော်သောအလုပ်ချိန်၊ နာနေခွင့်၊ လုပ်ငန်းခွင်တည်မြဲမှု၊ လုပ်အားစွမ်းရည်၊ ကျွမ်းကျင်မှုအလိုက် လုပ်အားခရရှိခွင့် အပါအဝင် အလုပ်သမားများရရှိသင့်သော အခွင့်အရေးများအတွက် အလုပ်သမားဥပဒေများ ပြဋ္ဌာန်းပေးခြင်း၊ လွတ်လပ်သောအလုပ်သမားသမဂ္ဂများ ဖွဲ့စည်းတည်ထောင်ခြင်းတို့ ကိုခွင့်ပြုရမည်။

၁၇။ တိုင်းပြည်၏ စီးပွားရေးတည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူ့ကိုယ်စားလှယ်များ၊ ဥပဒေပညာရှင်များ၊ အစိုးရကိုယ်စားလှယ်များ၊ စီးပွားရေးပညာရှင်များ ပါဝင်သော "စီးပွားရေးစောင့်ကြည့်ရေးကော်မရှင်" တရပ်ကို ဥပဒေနှင့်အညီဖွဲ့စည်းရမည်။ (Commission for Economic Watch)

၁၈။ ပြည်တွင်း၊ ပြည်ပယှဉ်ပြိုင်နိုင်မှု စွမ်းဆောင်ရည်မြင့်မားရေး၊ ကုန်ထုတ်စွမ်းအားမြင့် မားရေးတို့အတွက် စွန့်ဦးတီ ထွင်လုပ်ငန်းရှင်များ၊ ကျွမ်းကျင်သောလုပ်အားရှင်များ ပြုစုပျိုးထောင်ရေး၊ သုတေသနလုပ်ငန်းများ တိုးတက်ရေးအတွက် တိုင်းပြည်မှ ပံ့ပိုးကူညီဆောင် ရွက်ပေးရမည်။

၁၉။ ဈေးကွက်စီးပွားရေးစနစ်တွင် စီးပွားရေးလုပ်ငန်းဆောင်တာများကို ဈေးကွက်ယန္တ ယားနှင့်အညီဆောင် ရွက်နိုင်ရန် အစိုးရသည် အုပ်ချုပ်ရေးအရဝင်ရောက်စွက်ဖက်ခြင်း၊ ဟန့်တားနှောက်ယှက်ခြင်းများကို တတ်နိုင် သမျှ ရှောင်ကြဉ်ရမည်။

၂၀။ တိုင်းပြည်၏ စီးပွားရေးကဏ္ဍများ၊ ကျေးလက်နှင့် မြို့ပြဒေသများ၊ ပြည်နယ်နှင့် တိုင်းများအကြားတွင် ဘက်ညီ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲချမ်းသာကွာဟမှုကို အနည်းဆုံးဖြစ်အောင်ဆောင်ရွက်ရမည်။

နံပါတ်(၁)အချက်နှင့်ပတ်သက်ပြီး အနည်းငယ်ရှင်းပြရလျှင် ဈေးကွက်စီးပွားရေးစနစ်ကို ဖေါ်ဆောင်တယ်ဆိုရင် ဥပဒေစိုးမိုး ရေးရှိရမှာဖြစ်တယ်။ ဥပဒေစိုးမိုးရေးကို အောင်မြင်စွာဖေါ်ဆောင်နိုင်ဖို့က ဘက်မလိုက်ဘဲ လွတ်လပ်သောတရား စီရင်ရေးစနစ်ရှိရမယ်။ စီးပွားရေး၊ တရားစီရင်ရေးနှင့် ဥပဒေစိုးမိုးရေးတို့ကို ဆက်စပ်ဖို့ ကြိုးစားထားတယ်။ ဘာကြောင့်လဲဆိုတော့ ကနေ့စင်္ကာပူနိုင်ငံဟာ ဒီမိုကရေစီနိုင်ငံလို့ ပြောလို့ရလား၊ စင်္ကာပူကို ဒီမိုကရေစီနိုင်ငံလို့ပြောပါဆိုရင် လူတွေက နှောက်နှေးနေကြတယ်။ ဘာကြောင့်လဲဆိုရင် စင်္ကာပူမှာအုပ်ချုပ်တဲ့အစိုးရဟာ အခြေခံလူ့အခွင့်အရေးတွေကို တော်တော်များများမပေးလိုကြဘူး။ ဥပမာ ဆန္ဒပြခွင့်မယ်ဆိုရင် လူ(၅)ယောက်ဘဲ ပြခွင့်ရတယ်၊ စင်္ကာပူဒီမိုကရေစီနိုင်ငံဖြစ်ပြီးလားလို့ မေးလို့ရှိရင် လူတွေရဲ့စိတ်ထဲမှာ ချက်ချင်းပြောဖို့အခက်အခဲရှိတယ်။ ဒါပေမဲ့ စင်္ကာပူနိုင်ငံဟာ စီးပွားရေးမှာတိုးတက်နေတယ်။ စင်္ကာပူစီးပွားရေး တိုးတက်ရတဲ့အကြောင်းအရင်းတွေ အများကြီးရှိပါတယ်။ ဥပမာ ပထဝီအနေအထားအရ အချက်အခြာ ကျတယ်၊ လူဦးရေနည်းတယ်၊ စီးပွားရေးနှင့်ဆိုင်တဲ့ နည်းပညာတွေအသုံးပြုနိုင်တယ်။ Economic Factors တွေအများကြီးရှိပါတယ်၊ အဲ့ဒီထဲမှာ အရေးကြီးတဲ့ Legal Factor ကဘာလဲဆိုတော့ စင်္ကာပူမှာ ဥပဒေစိုးမိုးရေးဟာ အများစုရှိတာကိုတွေ့ရတယ်။ အဲ့ဒီအ ချက်အပေါ် အများစုကလက်ခံကြတယ်။ ဘယ်သူမှ မငြင်းကြဘူး၊ ဒါပေမဲ့ စင်္ကာပူမှာ ဒီမိုကရေစီရှိတယ်လို့ပြောရင် ဟုတ်ရဲ့လားဆိုတာ ဖြစ်လာတယ်။ ဥပဒေစိုးမိုးရေး ရှိတယ်ဆိုရင် အားလုံးကလက်ခံကြတယ်။

နောက်သာဓကတခုက တောင်ကိုးရီးယားပါ။ တောင်ကိုးရီးယား သမ္မတ ပတ်ချုံကျီဆိုတာ စစ်ဗိုလ်ချုပ် ကြီးပါ၊ အာဏာသိမ်းစစ်အစိုးရဖြစ်တယ်။ ပတ်ချုံကျီ လက်ထက်ကတည်းက စပြီး ကိုးရီးယားစီးပွားရေးဟာ တိုးတက်လာတယ်။ နအဖဟာ အရင်က အင်ဒိုနီးရှားကို သွားလေ့လာလေ့ရှိတယ်။ အင်ဒိုနီးရှားမှာ စစ်တပ်က ကြာရှည်အုပ်ချုပ်ခွင့်ရအောင် ကြိုးစားခဲ့ကြတယ်။ စုဟာတိုအုပ်ချုပ်သလိုမျိုး၊ လုပ်နည်းတွေအများကြီးလေ့လာ သင်ကြားခဲ့တယ်။ နောက်ပိုင်းမှာ နအဖက တောင်ကိုးရီးယားကို လေ့လာခဲ့တယ်။ တောင်ကိုးရီးယားမှာ ပတ်ချုံကျီလက်ထက်မှာ အာဏာရှင်သမ္မတဖြစ်သော်လည်း စီးပွားရေးမှာ တိုးတက်ခဲ့တယ်။ နအဖအနေနဲ့ တအားသဘောကျခဲ့တယ်။ အဲ့တော့ တောင်ကိုးရီးယားလိုမျိုး မြန်မာပြည်မှာလည်း စီးပွားရေးကို တိုးတက်အောင် လုပ်ပြချင်တယ်၊ ပတ်ချုံကျီလက်ထက်မှာ နိုင်ငံသားတယောက်ရဲ့ဝင်ငွေဟာ တနှစ်ကို ဒေါ်လာ ၇၀၀ ရှိတဲ့အဆင့် ကနေ ဒေါ်လာ ၇၀၀၀ ဖြစ်သွားတယ်။ ကနေ့မှာ သမ္မတ ပတ်ချုံကျီကို သတိရနေတဲ့သူတွေ အများကြီးပဲ၊ ဘာကြောင့်လဲဆိုတော့ စီးပွားရေးတိုးတက်အောင် လုပ်ပေးခဲ့လို့ပဲ၊ ဘာကြောင့်စီးပွားရေးမှာ တိုးတက်ခဲ့တာလဲလို့ ပြန်ကြည့်တဲ့

အခါကျတော့ တောင်ကိုးရီးယားမှာ တရားစီရင်ရေးဟာ အရေးကြီးတဲ့အခန်းကဏ္ဍမှာ ပါဝင်ခဲ့တယ်။ အာဏာရှင်လက်အောက်မှာသည်ပင်လျှင် တရားစီရင်ရေးဟာ အာဏာအပြည့် ရှိခဲ့တယ်။ ဥပမာတခုပြောရ မယ်ဆိုရင် တောင်ကိုးရီးယားမှာ တခါက သမ္မတက ဥပဒေကဲ့သို့ အာဏာတည်တဲ့ အမိန့်တခုကို ထုတ်ပြန်ခဲ့တယ်။ အဲ့ဒီအမိန့်က ဘာလဲဆိုတော့ အစိုးရအမှု ထမ်းတွေ လုပ်ငန်းတာဝန်ထမ်းဆောင်ရင်းနဲ့ လုပ်ဆောင်မှုကြောင့် လူထုနစ်နာသွားခဲ့ရင် လူထုကိုနစ်နာကြေးပေးရမယ်။ ဒါပေမဲ့ တပ်မတော်က လုပ်ဆောင်မှုတွေမပါဘူး၊ ဘာကြောင့်လဲ ဆိုတော့ သူ့ရဲ့စဉ်းစားချက်က ရိုးရိုးလေးပါ၊ တပ်မတော်သားတွေက နိုင်ငံတဝှမ်းလုံးမှာ အများကြီး ဘဲ၊ သူတို့လုပ်ဆောင်တာမှားတိုင်း လူထုကို လျော်ကြေးပေးရမယ်ဆိုရင် အစိုးရကမွဲသွားလိမ့်မယ်။ အဲ့ဒါကို အမိန့်ထုတ်ပြန်ခဲ့တယ်။ အဲ့တော့ အောက်ခြေတရားရုံးက သမ္မတထုတ်ပြန်တဲ့ အမိန့်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ဆန့်ကျင်နေတယ်။ ဖွဲ့စည်းပုံမှာ တန်းတူအခွင့်အရေး **(Equality Rights)** ကို အာမခံထားတယ်။ ဒီတော့ တပ်မတော်သားတွေကို ချန်ထားလို့ မရဘူး။ ဥပဒေပြုရင်၊ အမိန့်ထုတ်ပြန်ရင် နိုင်ငံသားအားလုံးတန်းတူဖြစ်ရမယ်လို့ ထောက်ပြခဲ့ တယ်။ သမ္မတဟာ အကြီးအကျယ်ဒေါသထွက်ပြီး အဲ့ဒီတရားသူကြီးကို အရေးယူဖို့လုပ်တယ်။ အဲ့ဒီအမှုဟာ တရားရုံးချုပ်ကို ရောက်သွားတယ်။ တရားရုံးချုပ်ကလဲ အောက်တရားရုံးက ထောက်ပြချက် ကို အတည်ပြုလိုက်တယ်။ တရားရုံးချုပ်က သမ္မတအမိန့်ထုတ်ပြန်တာ မှားတယ် လို့ ဆုံးဖြတ်လိုက်တယ်။ သမ္မတဟာ တရားရုံးချုပ်တရားသူကြီးများကိုပါ အရေးယူဖို့လုပ်လာ တယ်။ ပြဿနာကအကြီးအကျယ်ဖြစ်လာတယ်။ နောက်ဆုံး လူထုတွေက ဆန္ဒထွက်ပြလာ တော့ သမ္မတပတ်ချီကျိုဟာ ပြုတ်တဲ့အဆင့်ဖြစ်သွားခဲ့တယ်။ အဲ့တော့ ချုံပြောရရင် တောင်ကိုးရီးယားနိုင်ငံမှာ စီးပွားရေးတိုးတက်တာဟာ တရားစီရင်ရေးက တိုက်ရိုက်မ ဟုတ်သော်လည်း သွယ်ဝိုက်ပြီးအထောက်အပံ့ပြုပေးဖြစ်ခဲ့တယ်ဆိုတာ တွေ့ရပါတယ်။ ဒါကြောင့် စီးပွားရေးမှာ တိုးတက်ဖို့အတွက် ဥပဒေစိုးမိုးရေးဟာ အလွန်အရေးကြီးပါတယ်။

တတိယသာဓကတခုက တရုတ်နိုင်ငံပါ။ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးရပြီးနောက်ပိုင်း (၁၉၄၈–၆၂)မှာ အစာရေစာပေါကြွယ်ဝပြီး နိုင်ငံခြားကို ဆန်တန်ချိန် တစ်နှစ်ကို တစ်သန်း ကျော်ပို့နိုင်တဲ့အချိန်မှာ တရုတ်နိုင်ငံ မှာ ဆန်ပြုတ်သောက်နေရတာတွေရှိနေတယ်။ ယနေ့မှာ တရုတ်နိုင်ငံဟာ ဘာကြောင့်တိုးတက်သွားလဲလို့ ပြန် ကြည့်တဲ့အခါမှာ တရုတ်ခေါင်းဆောင်ကြီး တိန်ရှောင်ဖိန်လက်ထက်မှာ တိုးတက်ဖွံ့ဖြိုးရေးပေါ်လစီကို ဥပဒေစိုးမိုးရေးအခြေခံနဲ့ အကောင် အထည်ဖော်နိုင်ခဲ့လို့ ယနေ့ တရုတ်နိုင်ငံဟာ ချမ်းသာကြွယ်ဝခဲ့ပါတယ်။ ၁၉၅၆ နှင့် ၆၆ အကြားမှာ တရုတ်ပြည်ဟာ ယဉ်ကျေးမှုတော်လှန်ရေးဖြစ်ခဲ့တယ်။ အဲ့ဒီအချိန်မှာ အရင်းရှင်နှင့် အလုပ်သမား အကြား ပြဿနာတွေတောက်လျှောက်ဖြစ်ခဲ့တယ်။ မော်စီတုန်းလက်ထက်မှာ အရင်းရှင်ဆိုရင် လက်တွေကို ကြိုးနဲ့တုတ်၊ ရင်ဘတ်တွေမှာ စာတွေကပ်ပြီး လမ်းမှာ ဒရွတ်တိုက် ဆွဲတာမျိုးလုပ်ခဲ့တယ်။ တရားရုံးရောက်ရင် တရားသူကြီးက ရွာသားတွေကို ဘယ်လိုသဘောရ လဲဆိုတာ မေးပြီးမှ အဲ့ဒီအရင်းရှင်တွေကို အရေးယူဆုံးဖြတ် တယ်။ နောက်ပိုင်း တရုတ်ပြည်ဟာ ဈေးကွက်စီးပွားရေးစနစ်ကို စတင်ကျင့်သုံးတော့မယ်လို့ဆုံးဖြတ်တဲ့အခါမှာ တရားဥပဒေစိုးမိုး ရေးကို စပြောလာကြတယ်။ ၁၉၈၀ လောက်ကနေစပြီး တရုတ်ပြည်ရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေမှာ ဥပဒေစိုးမိုးရေးအခြေခံသဘောတရားတွေကို ထင်ဟပ်ဖော်ပြလာတယ်။ တရားရုံးတွေစနစ် တကျဖြစ်လာတယ်။ လွတ်လပ်တဲ့တရားစီရင်ရေးစနစ်မရှိတာတောင် ဘက်မလိုက်တဲ့တရားစီရင် ရေးစနစ်ကို ကျင့်သုံးအကောင်အ ထည်ဖော်လာခဲ့တယ်။ တရုတ်ပြည်ရဲ့စီးပွားရေးစနစ်ကို

ဥပဒေစိုးမိုးရေးက နောက်ကနေအ ထောက်အပံ့ပြုပေးတဲ့ အတွက် ယနေ့တရုတ်စီးပွားရေးဟာ အိပ်နေတဲ့နဂါးကနေ အမောက်ထောင်နေတဲ့နဂါးအဖြစ် ကြောက်ခမန်းလိလိ တိုးတက်လာတာကို တွေ့ရပါတယ်။ ဒါဟာ တိုင်းပြည်စီးပွားရေးကို ဘက်မလိုက်သောတရားစီရင်ရေးက အထောက်အပံ့ပေးပြီး လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ခဲ့လို့ဖြစ်ပါတယ်။

နိဂုံးချုပ်ပြောရလျှင် တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် တရားမျှတတဲ့တရားစီရင်ရေးလိုအပ်ပါတယ်။ တရားမျှတတဲ့တရားစီရင်ရေးရှိမှ တရားသူကြီးများက ဘက်မလိုက်ဘဲ မျှတစွာ စစ်ဆေးစီရင်နိုင်မှာ ဖြစ်ပါတယ်။ သို့မှသာ တရားစီရင်ရေးက တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အထောက်အပံ့ပြုနိုင်မှာ ဖြစ်တယ်။ နောက်တချက်က တရားဥပဒေစိုးမိုးရေးအခြေခံတွေကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက် နိုင်ဖို့လိုအပ်ပါတယ်။ အဲ့ဒီလိုအကောင်အထည်ဖော်ဆောင်ရွက်နိုင်ဖို့အတွက် နိုင်ငံရဲ့အမြင့်ဆုံးဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ အဲ့ဒီအချက်တွေကို ထည့်သွင်းအာမခံဖို့လိုအပ်ပါတယ်။ ဒါကြောင့် ယခုရေးဆွဲတော့မည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် စီးပွားရေးနှင့်ပတ်သက်၍ အထက်ဖော်ပြပါ အနိမ့်ဆုံးစံပြဋ္ဌာန်းချက် အချက်(၂၀)ကို ထည့်သွင့်အာမခံပြဋ္ဌာန်းခြင်းဖြင့် တိုင်းပြည်စီးပွားရေးကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်မည့် နိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဖြစ်မှာ မလွဲကြောင်းတင်ပြလိုက်ရပါသည်။

✡✡✡✡✡✡✡✡✡

## အခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင် ဖွဲ့စည်းခြင်းဖြင့် စစ်အစိုးရ အမှားတစ်ခုထပ်မံကျူးလွန်ကြောင်း ဆွေးနွေးသုံးသပ်တင်ပြချက်

**သတင်းနှင့်မှတ်တမ်းဌာန**

စစ်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို ဖွဲ့စည်းလိုက်တာဟာ စစ်အစိုးရက မိမိတို့ ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို ကိုယ်တိုင်ဖောက်ဖျက်ခဲ့ပြီး အမှားတခု ထပ်မံကျူးလွန်လိုက်တာဖြစ်တယ်လို့ ပြည်ပအခြေစိုက် ဥပဒေပညာရှင်နှင့် တိုင်းရင်းသားခေါင်းဆောင်တွေက သုံးသပ်ပါတယ်။ ဘာကြောင့်ဒီလိုသုံး သပ်ကြပါလဲ၊ ဒီအကြောင်းကို ထိုင်းအခြေစိုက်သတင်းထောက် ဦးမိုးဇော်က တင်ပြထားပါတယ်။

### ဦးမိုးဇော်

မနေ့က မြန်မာစစ်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းရေးဆွဲရေးကော်မရှင်ကို အဖွဲ့ဝင် ၅၄ ယောက်နဲ့ ဖွဲ့စည်းကြောင်းကြေငြာခဲ့ပါတယ်။ မြန်မာနိုင်ငံရှေ့နေများကောင်စီရဲ့အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက ဒီလိုဖွဲ့စည်းတာဟာ စစ်အစိုးရက သူတို့ကိုယ်တိုင်ချမှတ်ခဲ့တဲ့ အမိန့်ကြေငြာစာအမှတ် ၁/၉၀ ကို ထပ်မံဖေါက်ဖျက်တာဖြစ်တယ်လို့အောက်ပါအတိုင်း ပြောဆိုပါတယ်။

### ဦးအောင်ထူး

အမျိုးသားညီလာခံ စအကောင်အထည်ဖော်ကတည်းကိုက ၁/၉၀ နဲ့ဆန့်ကျင်တယ်လေ။ ၁/၉၀ အပိုဒ်(၂၀)ရဲ့ သဘောအရဆိုရင်တော့ ၁၉၉၀ မေလရွေးကောက်ပွဲမှာ ရွေးချယ်တင်မြှောက်ခြင်းခံထားရတဲ့ ပုဂ္ဂိုလ်တွေရဲ့တာဝန် တွေဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့သာ ဖြစ်တယ်လို့ အတိအလင်းပြဋ္ဌာန်းထားတဲ့အတွက် ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲမည့်ပုဂ္ဂိုလ်

တွေက လွှတ်တော်ကိုယ်စားလှယ်တွေဘဲဖြစ်ရမယ်။ ဒါက ပထမတချက်။ ဒုတိယတချက်က အဲ့ဒီအချက်ကလေးကို လေးစားတယ်ဆိုရင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲဖို့ အမျိုးသားညီလာခံ ခေါ်ကတည်းကိုက လွှတ်တော်ကိုယ်စားလှယ်တွေကိုသာ ခေါ်ခွင့်ပေးရမှာဖြစ်တယ်။ အခြား ပုဂ္ဂိုလ်တွေပါလို့ မရဘူး။ အခြားပုဂ္ဂိုလ်တွေ ပါစေချင်တယ်ဆိုရင် ၁/၉၀ ကို နအဖက အရင်ဆုံး ဖြတ်ပေးဖို့လိုတယ်။ သို့သော် ၁/၉၀ ကို မဖျက်ပဲနဲ့ အမျိုးသားညီလာခံ ဆက်ကျင့်ပသွားတာ ကိုက ၁/၉၀ အပိုဒ် (၂၀)နှင့်ဆန့်ကျင့်သွားတာဖြစ်တယ်။ ဒါဒုတိယတချက်ဖြစ်တယ်။ တတိယ အချက်က ဖွဲ့စည်းပုံအခြေခံမူတွေကို ချပြီးတဲ့အခါမှာလည်းပဲ ဒီမူတွေအတိုင်း ဖွဲ့စည်းပုံအခြေခံ ဥပဒေတရပ်အဖြစ် အသွင်းပြောင်းတော့မယ်ဆိုရင် ၁/၉၀ အပိုဒ် (၂၀)အရဆိုရင်တော့ လွှတ် တော်ကိုယ်စားလှယ်များရဲ့တာဝန်သာဖြစ်တာကြောင့် အဲ့ဒါကို လုံးဝ ဥပက္ခာပြုပြီး သူ့နည်း သူ့ဟန်နဲ့ဆက်ဆွဲတဲ့ ပုဂ္ဂိုလ်ကတော့ လက်ရှိတည်ရှိဥပဒေနဲ့ကော ဖြစ်သင့်တာနဲ့ရော လုံးဝမကိုက်ညီတဲ့အချက်ဖြစ်တယ်လို့ ကျနော် ပြောလိုတယ်။

**ဦးမိုးဇော်**

ဦးအောင်ထူးက လက်ရှိရေးဆွဲမည့်အခြေခံဥပဒေဟာ လူထုပါဝင်မှုကို ပိတ်ပင်ထားတာကြောင့် ဥပဒေကောင်း တရပ်မဖြစ်နိုင်ဘူးလို့ ဆက်ပြောပါတယ်။

**ဦးအောင်ထူး**

ဒီကိုယ့်တိုင်ပြည်ရဲ့အသက်သွေးကြောလိုဖြစ်တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီးရေးဆွဲတဲ့ကိစ္စမှာ လူထုရဲ့ပါဝင်ပတ်သက်မှုက အရေးကြီးဆုံးဖြစ်ပါတယ်။ ဒါနဲ့ဆန့် ကျင်ပြီးတော့ လူထုပါဝင်နိုင်မှုကို စနစ်တကျ ငြင်းပယ်နိုင်ဖို့ရာအ တွက်ကို ၅/၉၆ ကိုပြဌာန်းပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲဖို့ကြိုးစားတဲ့ အဖွဲ့အစည်း တွေ၊ ပုဂ္ဂိုလ်တွေကို ထောင်ဒဏ် အနှစ်(၂၀) ချတဲ့ဥပဒေ ရှိ နေတာကိုက ကျနော်တို့မြန်မာနိုင်ငံမှာ စစ်မှန်တဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးကို လုံးဝပိတ်ပင်ဟန့်တားထား တဲ့အချက်ဖြစ်တယ်။ ဘယ်တိုင်းပြည်မှာမှ ဒီဥပဒေမျိုးမရှိဘူး၊ ဘယ်နိုင်ငံမှာမှ မရှိဘူး။ ဒါကြောင့် ဒီအခြေခံအောက် ကနေပြီးတော့ ဒီတိုင်းပြည်မှာ ဘယ်လိုနည်းနဲ့မှ စစ်မှန်တဲ့ ဖွဲ့စည်း ပုံအခြေခံဥပဒေကောင်းတရပ် ပေါ်မလာနိုင်ဘူး။




**ဦးမိုးဇော်**

ရှမ်းပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး အဖွဲ့ဝင်လည်းဖြစ်၊ ပအိုဝ်အမျိုးသားလွတ် မြောက်ရေးအဖွဲ့ရဲ့ ဥက္ကဌ လည်းဖြစ်တဲ့ ဗိုလ်မှူးကြီးခွန်ဥက္ကာကတော့ အခုလို သုံးသပ်ပါတယ်။

**ဗိုလ်မှူးကြီးခွန်ဥက္ကာ**

ကျနော့်သုံးသပ်ချက်ကတော့ အခြေခံမူ(၆)ချက်၊ အသေးစိတ်အခြေခံမည့် (၁၀၄)ချက်၊ အဲ့ဒီအချက်တွေထွက်လာ ကတည်းကိုက ကျနော်တို့လုပ်ထုံးလုပ်နည်းနဲ့အညီမဟုတ်ဘူး၊ နောက်

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတရပ်ကို ရေးဆွဲရမည့်လုပ်ငန်းစဉ်နဲ့လည်း မကိုက်ဘူး၊ ဒီ process ကမှားနေတဲ့အခါကျတော့ ဒီ process အမှားက နေရလဒ်ဖြစ်တဲ့ အခြေခံမူ (၆)ချက်၊ အသေးစိတ်အခြေခံရမည့်မူ (၁၀၄)ချက်က တကယ်တော့ ဘယ်ကိုမှ ဦးမတည်းဘူး၊ စစ်အုပ်ချုပ်ရေးကို တရားဝင်ဖို့သာ ဦးတည်နေတယ်။ ဦးတည်နေတော့ အဲ့ဒီထဲကိုက လွဲနေပြီး၊ မှားနေပြီး၊ အခုဦးအောင်တိုးဥက္ကဌဖြစ်တဲ့ မူကြမ်းရေးဆွဲသူများက မွန်းမံဦးတော့ မူကြမ်းရေးသူတွေက သနပ်ခါးလိမ်း၊ ပန်းပန်တာဘဲရှိမယ်။ မူလအခြေခံကိုက မှားနေတဲ့အခါကျတော့ အဲ့ဒါက ဖွဲ့စည်းပုံကောင်းတခုတော့ ဖြစ်လာစရာအကြောင်းမရှိဘူးလို့သုံးသပ်တာပေါ့။

**ဦးမိုးဇော်**

ဖယ်ခုံမြို့နယ်က ကယမ်းအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခွန်မားကိုဘန်က မြန်မာအစိုးရအနေနဲ့ အခုလို ဒီဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးကို တဇွတ်ထိုးဆောင်ရွက်နေတာကို ပြည်သူတွေနဲ့နိုင်ငံတကာက လက်ခံမှာမဟုတ်ဘူးလို့အောက်ပါအတိုင်းပြောပါတယ်။

**ဦးခွန်မားကိုဘန်**

တိုင်းပြည်ရဲ့အာဏာ မူလပိုင်ရှင်အစစ်အမှန်ဟာ ပြည်သူလူထုဖြစ် တယ်။ လူထုက ၁၉၉၀မှာ



ပြည်သူလွှတ်တော် ကိုယ်စားလှယ်များကို ယုံကြည်စွာ အာဏာလွှဲအပ်ထားပြီးဖြစ်တယ်။ အဲ့ဒါတွေကို နအဖက လုံးဝဆန့်ကျင်တဲ့အတွက်ကြောင့် ပြည်သူလူထုတရပ် လုံးကို စော်ကားလိုက်ခြင်းဖြစ်တယ်။ ဒါကြောင့် ညီလာခံ ဘဲဖြစ်ဖြစ်၊ အခုသူတို့ ရေးဆွဲမယ်ဆိုတဲ့ ရေးဆွဲရေးကော်မရှင် ၅၄ ဦးဘဲဖြစ်ဖြစ်၊ ဒါက အားလုံးအတုအယောင်ဘဲဖြစ်တယ်။ ဒါကို ပြည်သူလူထုက လက်ခံနိုင်မှာ မဟုတ်ဘူး၊ နိုင်ငံတကာလည်း လက်ခံနိုင်မှာမဟုတ်ဘူး။ သူက တွေ့ဆုံဆွေးနွေး ရေးကို ကျော်ခိုင်းပြီးတော့ တဇွတ်ထိုးလုပ်ရပ်တခုဖြစ်တယ်လို့ ကျနော်အဲ့လိုမြင်ပါတယ်။

**ဦးမိုးဇော်**

ဒါကတော့ဖယ်ခုံမြို့နယ်က ပြည်သူ့လွှတ်တော်ကိုယ်စာလှယ် ဦးခွန်မားကိုဘန်ရဲ့အမြင်ပါ။ မြန်မာနိုင်ငံမှာ လွတ်လပ်ရေးရပြီးအချိန်မှာ ကျင့်သုံးခဲ့တဲ့ ၁၉၄၇ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ပင်လုံသဘောတူညီချက်ဖြစ်တဲ့ တိုင်းရင်းသားတန်းတူညီမျှရေးမရှိတာကြောင့် ပြည်တွင်းစစ်အရှိန်မြင့်မားခဲ့ရတယ်။ နောက် ၁၉၇၄ ဥပဒေဟာ ဒီမိုကရေစီမရှိတာကြောင့် ၁၉၈၈ မှာ လူထုအရေးတော်ပုံကြီးပေါ်ပေါက်ခဲ့ရတယ်။ ဒါကြောင့် နောက်ရေးဆွဲမည့် အခြေခံဥပဒေဟာ အရင်အခြေခံဥပဒေတွေရဲ့ အားနည်းချက်တွေအပေါ်မှာ သင်ခန်းစာယူသင့်တယ်လို့ ဦးခွန်မားကိုဘန်ကတိုက်တွန်းထားပါတယ်။

*(မှတ်ချက်။ ။ ၂၀၀၇ ခုနှစ်၊ အောက်တိုဘာ (၁၉)ရက်နေ့တွင် ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့် ချက်ကို ဥပဒေရေးရာစာစောင် စာဖတ်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်းဖြစ်သည် )*

✡✡✡✡✡✡✡✡

# ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်ပတ်သက်၍ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံ ကွာခြားချက်အပေါ် ဆွေးနွေးသုံးသပ်ချက်

**သတင်းနှင့်မှတ်တမ်းဌာန**

ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်ပတ်သက်၍ ထိုင်းနိုင်ငံနှင့်မြန်မာနိုင်ငံတို့ ဘယ်လိုကွာခြားချက်များရှိ သလဲဆိုတာကို ဒီမိုကရက်တစ်မြန်မာ့အသံမှ ဒေါ်အေးအေးမာက ထိုင်းနိုင်ငံအခြေစိုက် မြန်မာနိုင်ငံရှေ့နေများ ကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးကို ဆက်သွယ်မေးမြန်းထားပါတယ်။

**ဒေါ်အေးအေးမာ**

ပထမဦးဆုံး ဖွဲ့စည်းပုံအခြေခံဥပဒေနောက်ခံသမိုင်းနှင့်ပတ်သက်ပြီး ထိုင်းနှင့်မြန်မာတို့ရဲ့ ကွာခြားချက်ကို သိပါရစေရှင်။

**ဦးအောင်ထူး**

ထိုင်းနိုင်ငံမှာ စစ်အစိုးရမှ ဦးဆောင်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေကို ဩဂုတ်လ(၁၉)ရက်နေမှာ လူထုဆန္ဒခံယူပွဲပြုလုပ်သွားမှာဖြစ်တယ်။ ထိုင်းနိုင်ငံရဲ့ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်ပြီးတော့ ဖွဲ့စည်းပုံအခြေခံဥပဒေကို အနည်းငယ်ရှင်းပြချင်ပါတယ်။ လက်ရှိ ထိုင်းနိုင်ငံရဲ့ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အားကောင်းချက်တွေက ပထမတစ် ချက်အနေနဲ့ပြောရရင် ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကဲ့သို့ဘဲ တိုင်းပြည်ရဲ့အချုပ်အခြာအာဏာကို လူထုကပိုင်ဆိုင်တယ်ဆိုတဲ့အယူအဆ အခြေခံသဘော တရားကို ဆက်လက်ကျင့်သုံးခြင်းဖြစ်တယ်။ အဓိကအားဖြင့် ဥပဒေပြုအာဏာကို အဓိက ကျင့်သုံးတဲ့အောက်လွှတ်တော် ကို လူထုကဆန္ဒမဲနှင့် ရွေးချယ်တင်မြှောက်ထားခြင်းခံရတဲ့ လူတွေနဲ့သာ ဖွဲ့စည်းထားခြင်းဖြစ်တယ်။ အထက်လွှတ်တော်မှာလဲ တဝက်တိတိက လူထုဆန္ဒမဲ နှင့် ရွေးချယ်တင်မြှောက်ထားခြင်းဖြစ်တယ်။ နောက်တဝက်က ခန့်အပ်ခြင်းစနစ်နှင့်သွားတာ ဖြစ်တယ်။ အဓိကအားဖြင့် တိုင်းပြည်၏အချုပ်အခြာအာဏာကို လူထုက ပိုင်ဆိုင်တယ်ဆိုတဲ့ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အသက်သွေးကြောကို ဆက်လက်ကျင့်သုံးသွားခြင်း ဖြစ်သည်။ နောက်တစ်ချက်က ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေက ပြဋ္ဌာန်းထားတဲ့ နိုင်ငံသား များ၏အခြေခံအခွင့်အရေး များကို ဆက်လက်အာမခံချက်ပေးထားတယ်။ ဒါပြင် စိတ်ဝင်စား စရာကောင်းတဲ့ တချို့အခြေခံအခွင့်အရေးများ ကိုလည်း ထပ်ပြီးပြဋ္ဌာန်းထားတာကို တွေ့ရပါ တယ်။ ဘာကြောင့်လဲဆိုတော့ ပြီးခဲ့တဲ့ ၉၇ ခုနှစ်ဖွဲ့စည်းပုံဥပဒေ သက်တမ်းအတောအတွင်းမှာ ဖြစ်ခဲ့တဲ့ သမိုင်းအတွေ့အကြုံများအပေါ် အခြေခံပြီး ဒါမျိုးတွေ နောက်မဖြစ်အောင် Sanction သဘောနှင့် ပြဋ္ဌာန်းချက်အသစ်များကို ထည့်သွင်းထားတာကို တွေ့ရပါတယ်။ ဥပမာအား ဖြင့် သတင်းဌာနတိုင်းရဲ့ လွတ်လပ်ခွင့်ကို ပိတ်ပင်တားဆီးခြင်းမလုပ်ရဘူးဆိုတာ ပြဋ္ဌာန်းချက်မှာ ပါလာတယ်။ ဆိုလိုတာက သတင်းလုပ်ဆောင်ရမည့် ပုဂ္ဂိုလ်များက သတင်းသမားများ လိုက်နာ ရမည့်ကျင့်ဝတ် (ethic)ကလွဲရင် ကျန်သည့် သတင်းဌာနများ၏လွတ်လပ်ခွင့်များကို လုံးဝပိတ်ပင်

ထားခြင်းမျိုးမလုပ်ရဘူးဟု ပြဋ္ဌာန်းချက် များပါလာသည်။ နောင်အခါ နိုင်ငံရေးသမားများဟာ သတင်းဌာနများ၏ပိုင်ဆိုင်ခွင့်များသို့ ရှယ်ယာဝင်တာမျိုး မလုပ်ရတော့ဘူး၊ ဆိုတော့ သတင်းလုပ်ငန်းနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းချက်အသစ်ပေါ်လာတာဖြစ်တယ်။

နောက်တချက်က အခြေခံအခွင့်အရေးများအခန်းအောက်မှာ ထိုင်းနိုင်ငံသားများ၏အိမ်ယာမဲ့ ဖြစ်ခြင်းမှ စောင့်ရှောက်ရမယ်၊ ထိုင်းနိုင်ငံသားများဟာ အိမ်မဲ့ယာမဲ့မဖြစ်ရဘူးလို့ ပြဋ္ဌာန်းချက် များပါလာတယ်။ နောက် အစိုးရ အရာရှိများက လွတ်လပ်စွာစုဝေးပြီး အရေးဆိုခွင့်ရှိရမည်။ အစိုးရအရာရှိများက အစိုးရနှင့်ညှိနှိုင်းခွင့်ရှိရမယ်။ ဒါအရင်ကမပါသည့်အခွင့်အရေးဖြစ်တယ်။ တိုင်းပြည်ဝန်ထမ်းများက လူမှုဖူလုံရေးအကျိုးခံစားခွင့်များကို အစိုးရကသတ်မှတ်ပေးရမယ်၊ ဒါကို မြန်မာနိုင်ငံရဲ့ဖွဲ့စည်းပုံမှာ လုံးဝမစဉ်းစားသေးသည့် အချက်တချက်ဖြစ်တယ်။ ဒီလို အခွင့်အရေး မျိုးကို ထိုင်းနိုင်ငံမှာ ထည့်သွင်းအာမခံထားပါတယ်။

တတိယအချက်က နိုင်ငံရေးအရ လူထု၏တိုက်ရိုက်ပါဝင်ပတ်သက်မှုများကို ခွင့်ပြုထားတယ်။ ဆိုလိုတာက နိုင်ငံရေးဖြစ်စဉ်တိုင်းမှာ လူထုကပါဝင်ပတ်သတ်နေရမယ်။ ဥပမာအားဖြင့် လူထုတစ်သောင်းက လက်မှတ်ရေးထိုးလျှင် ဥပဒေပြုလွှတ်တော်ထဲမှာ ဥပဒေကြမ်းတင်ရန်အဆိုပြုနိုင်တယ်။ လူတစ်သောင်းက လက်မှတ်ရေးထိုးလျှင် နိုင်ငံရေးအရာရှိများ၊ ပါလီမန်ကိုယ်စားလှယ်များအပါအဝင် အရေးယူရန်၊ ဖြုတ်ချရန်အဆိုတင်သွင်းနိုင်တယ်။ နောက် နိုင်ငံတကာ သဘောတူစာချုပ်များကို လက်မှတ်ရေးထိုးမည်ဆိုလျှင် လက်မှတ်မထိုးခင်မှာ သက်ဆိုင်ရာ အစိုးရမှ ထိုင်းနိုင်ငံသားများထံမှ သဘောတူညီချက်ရယူရမည်။ ဒီပြဋ္ဌာန်းချက်များဟာ တိုင်းပြည်သူလူထုများအား နိုင်ငံရေးအရ တိုက်ရိုက်ပါဝင်ပတ်သက်ခြင်းကို ခွင့်ပြုသည့်ပြဋ္ဌာန်းချက်များဖြစ်သည်။ နောက်တချက်က ဥပဒေစိုးမိုးရေး ၏အသက်သွေးကြောကို ကျင့်သုံးသည့် လွတ်လပ်သည့်တရားစီရင်ရေးကို ဆက်လက်တည်ရှိနေသည်။ အခြေခံဥပဒေတရားရုံး၊ အုပ်ချုပ်ရေး ဆိုင်ရာတရားရုံ၊ တရားရုံးချုပ် စသည့်လွတ်လပ်တဲ့တရားရုံး (၃)ရုံးက ဆက်လက်တည်ရှိနေတယ်။ နောကတခုက အစိုးရနှင့်ဆက်စပ်သည့် တိုင်းပြည်အဆောက်အအုံများ **(Government Institution)** က ၁၉၉၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တည်ရှိသည့် အတိုင်း ဆက်လက်တည်ရှိနေတယ်။ အစိုးရဝန်ထမ်းအရာရှိများ၏ တာဝန်ထမ်းဆောင်မှုများကို စုံစမ်းစစ်ဆေးသည့်အရာရှိ ဆိုတာဆက်လက်ရှိနေတယ်။ နောက်တခါ အမျိုးသားအဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်လည်း ဆက်ရှိနေတယ်။ အဲ့လိုဆက်ရှိ ခြင်းအားဖြင့် တရားရုံးလွတ်လပ်မှုစနစ်ဆက်ရှိခြင်း၊ လူထုကော်မရှင်ဆက်ရှိခြင်းအားဖြင့် ဘာအကျိုးရှိလာသလဲ ဆိုတော့ မတရားသည့်အမှုများ မပေါ်ပေါက်အောင် ဟန့်တားရာရောက်သည်။ အစိုးရအရာရှိများ မဟုတ်တာ လုပ်လာလျှင် အရေးယူဆောင်ရွက်နိုင်အောင် ယန္တရားများ ဆက်ရှိနေသည်။

နောက်ဆုံးတချက်က ထိုင်းနိုင်ငံရဲ့ဖွဲ့စည်းပုံတွင် ပြင်ဆင်ခြင်းနှင့်ပတ်သက်ပြီး ပြင်ဆင်နိုင်ခွင့် ဆက်ပေးထားခြင်းရှိတယ်။ ဒီဖွဲ့စည်းပုံမှာ တစုံတရာအားနည်းချက်များ ပါလျှင် ပြင်ဆင်နိုင်ဖို့ ပြဋ္ဌာန်းထားတယ်။ ဖွဲ့စည်းပုံကို အတည်ပြုမယ်၊ ပြီးတော့ ရွေးကောက်ပွဲကိုကျင့်ပမယ်၊ နောက်ပြည်သူ့အစိုးရတရပ်ပေါ်လာသည့်အခါတွင် ဒီဖွဲ့စည်းပုံကို ပြင်သွားမည်ဟု

ရည်ရွယ်ချက်ဖြင့် ဒီမိုကရက်တစ်ပါတီမှ ဦးဆောင်ပြီး ဖွဲ့စည်းအုပ်ချုပ်ပုံကို ထောက်ခံကာ ပြည်သူလူထုက အတည်ပြုခဲ့တာဖြစ်တယ်။
နောက်တပိုင်းက ထိုင်းနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်လာပုံဖြစ်စဉ်နှင့် မြန်မာနိုင်ငံတွင် လက်ရှိလုပ်နေသည့် ဖွဲ့စည်းပုံရေးဆွဲနေသည့်ဖြစ်စဉ်ကို နှိုင်းယှဉ်ကြည့်လျှင် နောက်ခံကွာခြားချက်ရှိနေတာကို တွေ့ရပါတယ်။ အနည်းငယ်ပြောချင်ပါတယ်။ ထိုင်းနိုင်ငံမှာ စစ်တပ်က အာဏာသိမ်းခဲ့သည်ဆိုသောလည်း အရပ်သားအစိုးရကို ဆက်လက်ဖွဲ့စည်းပေးခဲ့သည်။ သက်ဆိုင်ရာလုပ်ထုဌာနများတွင် စစ်တပ်က မည်သည့်စစ်ဗိုလ်ချုပ်မှ ဝင်ရောက်စွက်ဖက်မှုမရှိပေ။ မူလရှိနေသည့် အစိုးရယန္တရားများဆက်ရှိနေတယ်။ မြန်မာနိုင်ငံမှာက စစ်တပ်က အာဏာသိမ်းပြီးတော့ အုပ်ချုပ်ရေးယန္တရားအကုန်လုံးတွင် စစ်တပ်ကဝင်ထိုင်နေကြတယ်။ နောက်တချက်က ထိုင်းနိုင်ငံတွင် စစ်အစိုးရတက်ခဲ့သည်ဟု ဆိုသောလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပြဌာန်းမှုများကို ဝင်ရောက်ထိန်းချုပ်ရန် မည် သည့်ဥပဒေပြဌာန်းချက်များမရှိပေ။ မြန်မာနိုင်ငံမှာတော့ ဖွဲ့စည်းပုံနှင့်ပတ်သက်ပြီးပြဌာန်းထားတဲ့ ၅/၉၆ ဥပဒေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အယူအဆများကို ဆွေးနွေးပြောဆိုသည့်ပုဂ္ဂိုလ်များကို ထောင်ဒဏ်အနှစ် (၂၀) ချ မှတ်တာကို ခံရမှာဖြစ်တယ်။

ထိုင်းနိုင်ငံတွင် စစ်တပ်က အာဏာသိမ်းခဲ့သော်လည်း သတင်းလွတ်လပ်ခွင့်များ ဆက်ရှိနေတယ်။ သတင်းစာ၊ ဂျာနယ်များ၊ ရုပ်မြင်သံကြားများကို ပုံမှန်ဆက်လွှင့်ပေးထားတယ်။ မြန်မာနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲနေသော်လည်း ဒီအခွင့်အရေးတွေကို ပိတ်ပင်ထားတယ်။ ထိုင်းနိုင်ငံမှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို လွတ် လပ်စွာ ဝေဖန်ခွင့်၊ ရှုတ်ချခွင့်၊ အကြံပေးခွင့်ရှိတယ်။ မြန်မာနိုင်ငံတွင် ဘာအခွင့်အရေးမှမရှိဘူး၊ နောက်ဆုံးတချက်က ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံမှာ လူထုစုဝေးခွင့်ရှိတယ်။ လွတ်လွတ်လပ်လပ်လုပ်ခွင့်ရှိတယ်။ မြန်မာနိုင်ငံမှာ လုံးဝလုပ်ခွင့်မရှိဘူး။ ဒီအခြေခံရှုထောင့်တွေအရ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ပေါ်ပေါက်ရေးဖြစ်စဉ်မှာ ထိုင်းနှင့် မြန်မာကွာခြားပါတယ်။

**ဒေါ်အေးအေးမာ**

ထိုင်းနိုင်ငံ၏ ရွေးကောက်ပွဲကို ပြည်သူလူထုက လက်မခံရင်ရော။

**ဦးအောင်ထူး**

နောက်စည်းကမ်းချက်တခုက အကယ်၍ လက်ရှိစစ်အစိုးရဦးဆောင်ရေးဆွဲသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထု ကလက်မခံဘူး၊ ဆန္ဒခံယူပွဲကို ပယ်ချလိုက်မယ်ဆိုရင် အရင်ဖွဲ့စည်းပုံထဲက တခုကို ပြန်ကြည့်ရန်ကြိုးစားသွားမှာ ဖြစ်တယ်။ အထူးသဖြင့် ၁၉၉၇ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြန်လည်စိစစ်ပြီး ယူသုံးသွားမည်ဆိုသည့် သဘောမျိုး ကို ပြဌာန်းထားကြသည်။ အခုလက်ရှိ ဖွဲ့စည်းပုံအခြေခံဥပဒေကို လူထု (၅၀)ရာခိုင်နှုန်းကျော် ထောက်ခံမည်။ (၄၀)ရာခိုင်နှုန်းကျော်ကန့်ကွက်မည်။ ကန့်ကွက်မဲက များလာတာကို တွေ့ရမည်ဖြစ်သည်။ ဘာကြောင့်များလာသလဲလို့ သုံးသပ်ကြည့်သည့်အခါ အဓိကအားဖြင့် ၁၉၉၇ ဖွဲ့စည်းပုံအခြေခံဥပဒေကို အများအားဖြင့်ကြိုက် ကြပါတယ်။ အဲ့လိုကြိုက်တဲ့လူထုက မျှော်မှန်းတယ်။ လက်ရှိဖွဲ့စည်းပုံကို ပယ်လိုက်မယ်၊ ငြင်းလိုက်မယ်ဆိုရင် ၁၉၉၇ ဖွဲ့စည်းပုံအခြေခံဥပဒေက ပြန်လည်အသက်ဝင်

လာမှာဖြစ်တယ်။ ဒုတိယတချက်က ထိုင်းနိုင်ငံမှာရှိသည့် လူလတ်တန်းစားများက လက်ရှိ ဖွဲ့စည်းပုံတွင် ပါရှိသည့် ဒီမိုကရေစီယန္တရားများကို သူတို့ကမကြိုက်ဘူး၊ ဥပမာ အားဖြင့် ဆီးနိတ်လွှတ်တော်အမတ်များ၏တဝက်ကို ရွေးချယ်ခန့်အပ်တာကို သူတို့ကမကြိုက်ဘူး။ ဒါကို ဒီမိုကရေစီအားကောင်းအောင် လုပ်သည့်အတွက်ကြောင့် မထောက်ခံဘူးဖြစ်တယ်။ တချိန် တည်းမှာ ဝန်ကြီးချုပ်တက်ဆင်ကို ထောက်ခံသည့်လူထုများရှိနေသေးသည်။ တက်ဆင်ဖြုတ် ချလိုက်ခြင်းကို မကျေနပ်သည့်အခါ မထောက်ခံသည့်ပုံကို မဲထည့်ကြသည်။ နောက်အာဏာ သိမ်းအစိုးရက ရေးဆွဲထားသည့်ဖွဲ့စည်းပုံဖြစ်သည့်အတွက်ကြောင့် လက်မခံနိုင်ဘူးဆိုသည့် အတွက် ကန့်ကွက်မဲထည့်ကြသည်ကိုလည်း တွေ့ရသည်။ နိဂုံးချုပ်အားဖြင့် ဖွဲ့စည်းပုံအခြေခံ ဥပဒေဟာ အလုပ်ဖြစ်မဖြစ်ဆိုတာ စောင့်ကြည့်ရမှာဖြစ်တယ်။ ဘာကြောင့် စောင့်ကြည့်ရမလဲ ဆိုတာ ဒီဇင်ဘာနောက်ဆုံးထားပြီးတော့ ရွေးကောက်တင်မြှောက်ပွဲကျင့်ပပေးမည်ဟု စစ်အစိုးရ၏ ကတိဟာ ဖြစ်လာမလား၊ ရွေးကောက်ပွဲပြီးသည့်အခါတွင် ထိုင်းစစ်တပ်များက တကယ်ပဲ အာဏာလွှဲပြီးတော့ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ တိုင်းပြည်ကိုထူထောင် မလားဆိုတာကို စောင့်ကြည့်ရမှာဖြစ်သည်။

**ဒေါ်အေးအေးမာ**

အခုအခြေအနေမျိုး နှိုင်းယှဉ်ချက်များမှာ စစ်တပ်အာဏာသိမ်းမှု ဘယ်သူက ကတိတည်ပြီး တော့ ဘယ်သူက ဘယ်လိုမျိုးဖြစ်သလဲ။

**ဦးအောင်ထူး**

အခုအချိန်ထိ ထိုင်းနိုင်ငံ၏စစ်အစိုးရနှင့် မြန်မာနိုင်ငံစစ်အစိုးရတို့၏ နှိုင်းယှဉ်ချက်ကတော့ ထိုင်းအစိုးရက သူပေးထားသည့်ဂတိအတိုင်း တောက်လျှောက်လုပ်ဆောင်နေသည်ကို တွေ့ရသည်။ ထိုင်းစစ်အစိုးရက ဒီမိုကရေစီ အခြေခံကို မဖောက်ဘူး။ လူထုရဲ့အချုပ်အခြာ အာဏာကို မဖေါက်ဘူး။ ထိုင်းအမျိုးသားစီးပွားရေးကိုလည်း မဖျက်ဆီးဘူး။ ထိုင်းနိုင်ငံဟာ ပုံမှန်အတိုင်းဆက်လက်တည်နေတာကိုတွေ့ရပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့်အညီ စစ်တပ်က လွှတ်တော်ထဲမှာရော၊ အစိုးရအဖွဲ့ထဲမှာရော စစ်တပ်ကနေပြီး နေရာဝင်ရန် အလား အလာရှိသည်ကို လုံးဝမတွေ့ရပေ။ စစ်ခေါင်းဆောင်များသည် အကယ်၍ နိုင်ငံရေးအာဏာလို ချင်သည်ဆိုလျှင် စစ်တပ်ထဲမှ ထွက်ပြီး ရွေးကောက်ပွဲဝင်ကာ ဒီမိုကရေစီလမ်းကြောင်းအတိုင်း သွားရမှာဖြစ်သည်။ အခုအချိန်ထိ စစ်တပ်၏လှုပ်ရှားမှုများသည် လူထုအပေါ်တွင်လည်း ဂတိတည်ပြီးတော့ဖြစ်သင့်ဖြစ်ထိုက်သည့် အရပ်သားအုပ် ချုပ်ရေးမှုအပေါ် တနည်းအားဖြင့် လူထုအုပ်ချုပ်ရေးလမ်းကြောင်းကိုသာ ဆက်သွားနေခြင်းဖြစ်သည်။ နောက်ကို စစ်တပ်က ဒီအတိုင်းဆက်သွားမလားဆိုတာကိုတော့ လာမည့်ဒီဇင်ဘာလနောက်ပိုင်းတွင် ရွေးချယ်တင် မြှောက်ပွဲပြီးသည့်အခါ အာဏာလွှဲပြောင်းပေး မပေးဆိုတာကိုတော့ ဆက်စောင့်ကြည့်ဦး မည်ဖြစ်တယ်။

**ဒေါ်အေးအေးမာ**

ဟုတ်ကဲ့၊ ဦးအောင်ထူးကို ကျေးဇူးတင်ရှိပါတယ်။

*(မှတ်ချက်။ ။ ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ချက်ကို ဥပဒေရေးရာစာစောင် စာဖတ်ပရိတ်သက်များအား ပြန်လည်တင်ပြခြင်းဖြစ်သည်)*

(ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာနှင့်ပတ်သက်၍ ဦးအောင်ထူးရေးသားပြုစုကာ ဒီမိုကရက်တစ်မြန်မာ့အသံမှ ထုတ်လွှင့်ခဲ့ပြီးသော အခြေခံဥပဒေရေးရာဆောင်းပါးများကို ခွင့်ပြုချက်ဖြင့်ပြန်လည်တင်ပြခြင်းဖြစ်သည်။)

# ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လူထု၏အခန်းကဏ္ဍ

## အပိုင်း(၇)

## နအဖ၏ ဖွဲ့စည်းပုံအခြေခံဥပဒေမူများအရ ဥပဒေပြုလွှတ်တော်၏ အနေအထားကို သုံးသပ်ခြင်း

တိုင်းပြည်တခုကို ဖွဲ့ စည်းတည်ဆောက်ရာမှာ အချုပ်အခြာအာဏာကြီး သုံးရပ်ရှိတဲ့အနက် ဥပဒေပြုအာဏာဟာ ပင်မအာဏာကြီးတရပ်ဖြစ်ပါတယ်။ ဥပဒေပြုအာဏာကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ အညီဘယ်လို ကျင့်သုံးသင့်တယ်ဆိုတာကို လေ့လာတဲ့အခါ ပုံသဏ္ဌာန်ထက် အနှစ်သာရပိုင်းကို ပိုပြီးအလေးထားဘို့လိုပါမယ်။ သို့မှသာ တိုင်းပြည်အတွက်ရော လူထုအတွက်ပါ အကျိုးရှိပြီး ငြိမ်းချမ်းဖွံ့ ဖြိုးတဲ့ လူ့ အဖွဲ့ အစည်းတရပ် ပေါ်ပေါက်လာနိုင်မှာ ဖြစ်တယ်။ ဒါဖြင့်ရင် ဘယ်လို အနှစ်သာရမျိုးကို ဆိုလိုတာလဲ။ တရားမျှတတဲ့ ဥပဒေတွေ ပေါ်လာစေဘို့ ဥပဒေပြုရေး လုပ်ငန်းစဉ်မှာ လူထုရဲ့ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုထားတဲ့ ပြဋ္ဌာန်းချက်တွေ ပါဘို့ လိုတယ် ဆိုတဲ့ အနှစ်သာရဖြစ်တယ်။

ဒီမိုကရေစီနိုင်ငံတွေကို လေ့လာကြည့်ပါ။ ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုရဲ့ ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုထားတာကို တွေ့ရမှာဖြစ်တယ်။ အမေရိကန်ပြည်ထောင်စုမှာ တရားရေးနဲ့ပတ်သက်ပြီး ဥပဒေတခုခုပြုတော့မယ်ဆိုရင် တရားစီရင်ရေးမှာ လက်ရှိလုပ်ဆောင်နေကြတဲ့ တရားသူကြီးတွေနဲ့ ရှေ့နေအသင်းကြီးတွေ ပါဝင်ပတ်သက်ခွင့်ရစေမယ့် ဆက်စပ်မှုမျိုးကို စနစ်တကျ ဖန်တည်းပေးထားတယ်။ တရားသူကြီးတွေနဲ့ဖွဲ့စည်းထားတဲ့ တရားစီရင်ရေးဆိုင်ရာ ညီလာခံဆိုတာရှိတယ်။ တရားစီရင်ရေးဆိုင်ရာ ပြဿနာတွေကို ညီလာခံမှာ ဆွေးနွေးကြလေ့ရှိတယ်။ အမေရိကန်ပြည်ထောင်စုမှာ အားကောင်းတဲ့ ရှေ့နေအသင်းကြီးလည်း ရှိတယ်။ လက်ရှိလည်ပတ်နေတဲ့ တရားစီရင်ရေး စနစ်ရဲ့အားကောင်းချက် အားနည်းချက်တွေကို အတွေ့ အကြုံရှိတဲ့ ရှေ့နေကြီးတွေရဲ့အမြင်အရ သုံးသပ်ကြလေ့ရှိတယ်။ အမေရိကန်ပြည်ထောင်စု တခုလုံးအတွက် ပြုဘို့ သင့်တဲ့ တရားစီရင်ရေးဆိုင်ရာ ဥပဒေကြမ်းတွေနဲ့ ပတ်သက်ပြီး တရားသူကြီးတွေနဲ့ ဖွဲ့ စည်းထားတဲ့ တရားစီရင်ရေး ဆိုင်ရာညီလာခံနဲ့ ရှေ့နေကြီးတွေနဲ့ ဖွဲ့ စည်းထားတဲ့ လွတ်လပ်တဲ့ ရှေ့နေအသင်းကြီး တို့ အကြားမှာ ဆက်သွယ်ညှိနှိုင်းမှုတွေ လုပ်လေ့ရှိတယ်။ ပြီးတော့ ရရှိလာတဲ့ သဘောထား အခြေခံတွေကို တရားသူကြီးချုပ်က လက်ခံယူပြီး ဥပဒေပြုကွန်ဂရက်လွှတ်တော်ရဲ့ တရားစီရင်ရေးဆိုင်ရာကော်မတီမှာ ထင်ဟပ်တင်ပြမှုတွေ ပြုတယ်။ အဲဒါအပြင် အုပ်ချုပ်ရေး အာဏာကို ကျင့်သုံးတဲ့ သမတ ရဲ့သဘောတူညီမှုရရှိအောင် အစိုးရရှေ့နေချုပ်ကနေ တဆင့် ဆက်သွယ်ညှိနိုင်းတယ်။ ဒီလို နည်းနဲ့တရားစီရင်ရေးဆိုင်ရာ ဥပဒေတွေ ပေါ်ထွက်လာတာ ဖြစ်တယ်။

အမေရိကန်ပြည်ထောင်စုမှာ လွှတ်တော်နှစ်ရပ်လုံးအတွင်းမှာ ဥပဒေပြုကြပုံတွေကို ရုပ်မြင်သံကြားကနေ ၂၄ နာရီ ရိုက်ပြီး တိုက်ရိုက်ထုတ်လွှင့်ပေးတယ်။ လူထုက အိမ်ကနေထိုင်ကြည့်ပြီး ငါတို့မဲပေးရွေးချယ် စေလွှတ်လိုက်တဲ့ လွှတ်တော်အမတ်ဟာ လူထုရဲ့ပြဿနာတွေကို ကောင်းမွန်စွာလေ့လာခြင်းမရှိဘဲ ပြောချင်ရာတွေ လျှောက်ပြီးဆွေးနွေးနေသလား၊ တခြားအမတ်တွေ စိတ်ဝင်တစား ဆွေးနွေးနေကြတဲ့ အချိန်မှာထိုင်ပြီး အိပ်ငိုက်နေသလား ဆိုတာကအစ ကြီးကြပ်ခွင့်ရတယ်။

ဂျာမနီ နိုင်ငံရဲ့ ဥပဒေပြုလွှတ်တော်တွေကို လေ့လာခွင့်ရခဲ့ဘူးတယ်။ သူတို့ နိုင်ငံရဲ့ အထွဋ်အမြတ် ဂုဏ်ကြက်သရေဆောင်အဖြစ် ဂျာမန်တနိုင်ငံလုံးက ဂုဏ်ယူကြတယ်။ သတင်းထောက်တွေနဲ့ ပြင်ပက ပုဂ္ဂိုလ်တွေကို ဘယ်လိုတက်ရောက်လေ့လာခွင့်ပေး၊ မေးမြန်းဖြေကြားမှုတွေပြု၊ အကြံပေးချက်တွေရယူပြီး ဥပဒေပြုတဲ့ လုပ်ငန်းစဉ်မှာ လူထုရဲ့ပါဝင်ပတ်သက်မှုရှိစေဘို့ ဘယ်လိုကြိုးပမ်းဆောင်ရွက်ကြတယ် ဆိုတာကို ရှင်းပြကြတယ်။

ဘယ်လ်ဂျီယံဟာလည်း သေးငယ်ပေမယ့် ဥရောပမှာအချက်အခြာနိုင်ငံတခုဖြစ်တယ်။ ခမ်းနားလှတဲ့ လွှတ်တော်အဆောက်အဦကြီးထဲကိုဝင်ရောက်၊ တာဝန်ရှိတဲ့ အရာရှိတွေရဲ့ လိုက်ပြရှင်းလင်းမှုတွေကို တဆင့်ပြီးတဆင့် နားထောင်ပြီးတဲ့ အခါမှာ သူတို့ နိုင်ငံလူထုတွေဟာ သူတို့ ရဲ့ ဥပဒေပြုလွှတ်တော်ကို ဘာကြောင့် ချစ်မြတ်နိုး တန်ဘိုးထားကြတယ် ဆိုတာကို ခံစားမိလာတယ်။ ဘယ်လ်ဂျီယံရဲ့ဥပဒေပြုလုပ်ငန်းစဉ်မှာ အနှစ်သက်ဆုံး အချက်နှစ်ခုရှိတယ်။ တချက်ကတော့ ပြုမယ့် ဥပဒေနဲ့ ပတ်သက်ပြီး ပြင်ပက ကျွမ်းကျင်တဲ့ ပညာရှင်တွေ၊ အထူးပြုလေ့လာလုပ်ဆောင်နေတဲ့ လွှတ်လပ်တဲ့ လူထုအသင်းအဖွဲ့ ့တွေက တာဝန်ရှိသူတွေ၊ ပြုမယ့် ဥပဒေကြောင့် နစ်နာသွားနိုင်မယ်လို့ ယူဆရတဲ့ သက်ဆိုင်ရာလူထုတွေကို လွှတ်တော်အတွင်းကို စနစ်တကျဖိတ်ကြားပြီး သူတို့ရဲ့သဘောထား အမြင်တွေကို တင်ပြခွင့် ပြုတာဖြစ်တယ်။ နောက်တချက်ကတော့ ဥပဒေပြု လွှတ်တော်အတွင်းမှာ ပြုမယ့် ဥပဒေနဲ့ပတ်သက်လို့ ဆွေးနွေးမှုတွေကို စနစ်တကျ မှတ်တမ်းတင်ပြီး လူထုအများလေ့လာခွင့်ရအောင် နှစ်စဉ်ပုံမှန်စါအုပ်ထုတ်ဝေဖြန့်ချိခြင်း ပါဘဲ။

အိန္ဒိယဟာ ကမ္ဘာမှာ အကြီးဆုံးဒီမိုကရေစီနိုင်ငံအဖြစ်ကျော်ကြားပါတယ်။ အိန္ဒိယမှာ ဥပဒေပြုလွှတ်တော် အမတ်တဦးခြင်းစီတိုင်းဟာ ဩဇာကြီးလှတယ်။ တချိန်ထဲမှာ ထိုအမတ်တွေဟာ လူထုရဲ့သဘောထားဆန္ဒကို တလေးတစား လေ့လာကြရတယ်။ သူတို့ အကြံပေးတဲ့အတိုင်း မလုပ်လို့ဆိုပြီး လူထုက မကြေနပ်တဲ့အတွက် အဲ့သည်အမတ်ရဲ့အိမ်ခြံဝင်းထဲအထိ ဝင်ရောက်၊ တဲကလေးတွေထိုး၊ လနဲ့ချီပြီးနေထိုင်ကြ၊ အဲသည် အမတ်က မနက်ရုံးတက်၊ ညနေရုံးဆင်းလာဘို့ အိမ်ကနေအထွက်အဝင်လုပ်တဲ့အခါ တိုင်းမှာ လက်သီးလက်မောင်းတန်းပြီး ဒို့အရေး ဒို့အရေးနဲ့ ထွက်ထွက် ဆန္ဒပြကြတဲ့မြင်ကွင်းကို ကိုယ်တိုင်လေ့လာခဲ့ဘူးပါတယ်။

ဖိလစ်ပိုင်နဲ့ထိုင်းနိုင်ငံတွေဟာ ဒီမိုကရေစီနိုင်ငံစစ်စစ်အဖြစ်ကိုရောက်နေပြီလို့ ပြောရခက်ပါသေးတယ်။ ပြဿနာတွေ အများကြီးကို ရင်ဆိုင်နေရဆဲပါ။ ဒါပေမယ့် ဥပဒေပြုလွှတ်တော်တွေဖွဲ့ စည်းလည်ပတ်လုပ်ဆောင်ကြပုံတွေ များစွာ စနစ်ကျလာပြီဆိုတာကို လေ့လာခဲ့ရဘူးပါတယ်။

အဲသည် နှစ်ခုစလုံးမှာ လူထုရဲ့ ပါဝင်ပတ်သက်မှုကို စနစ်တကျ ခွင့်ပြုလာတာဟာ သူတို့ဥပဒေပြု လွှတ်တော်တွေရဲ့ အသက်သွေးကြောဖြစ်လာတယ်လို့ ပြောရမှာပါဘဲ။ ဖိလစ်ပိုင်နိုင်ငံမှာ လွှတ်တော်အမတ်တွေဟာ သူတို့ရဲ့နေအိမ်တွေမှာအချိန်သတ်မှတ်ပေးပြီး လူထုနဲ့တွေ့ဆုံ ဆွေးနွေးဘို့ ရုံးခန်းကလေးတွေ ကိုယ်စီဖွင့်ထားကြတယ်။ သူတို့ကိုမဲပေးရွေးချယ်ထားတဲ့ လူထုတွေက အဲသည်မှာ လာရောက်တွေ့ဆုံကြပြီး လွှတ်တော်မှာ ဘယ်လိုဥပဒေတွေ ပြုသင့်တဲ့ အကြောင်း အကြံပေးကြလေ့ရှိတယ်။ နိုင်ငံခြားရေးရာတွေနဲ့ပတ်သက်ရင်လည်း ဖိလစ်ပိုင်လွှတ် တော်ဟာ လိုအပ်မယ်လို့ယူဆရင် နိုင်ငံခြားက ပုဂ္ဂိုလ်တွေကိုပါ ဖိတ်ကြားပြီး လွှတ်တော်အ တွင်းမှာ ရှင်းလင်းဆွေးနွေးကြားနာမှုတွေ လုပ်လေ့ရှိပါတယ်။ မြန်မာနိုင်ငံအရေးနဲ့ ပတ်သက်လို့ အခြားဒီမိုကရေစီရေး လှုပ်ရှားသူခေါင်းဆောင်တချို့နဲ့အတူ မိမိလည်း တက်ရောက်ဆွေးနွေး တင်ပြခဲ့ဘူးပါတယ်။

ထိုင်းဥပဒေပြုလွှတ်တော်နဲ့ ပတ်သက်လို့ မှတ်မှတ်သားသား တင်ပြစရာ အချက်အချို့ရှိပါတယ်။ ပထမဆုံးအချက်ကတော့ ထိုင်းနိုင်ငံမှာ အတွေ့အကြုံမရှိသေးတဲ့ ကိစ္စရပ်တွေနဲ့ ပတ်သက်လာ ရင် တက္ကသိုလ်က ပညာရှင်တွေ၊ လူထုအသင်းအဖွဲ့တွေက ကျွမ်းကျင်သူတွေကို ဖိတ်ကြားရှင်း လင်းစေပြီး လွှတ်တော်အမတ်တွေက တလေးတစားနားထောင်ကြတဲ့ အချက်ဖြစ်ပါတယ်။ လူ့အခွင့်အရေး ကော်မရှင် ဆိုင်ရာ ဥပဒေကိုပြဋ္ဌာန်းတော့မယ့် ကာလမှာ ထိုင်းတက္ကသိုလ်တွေ၊ ပညာရှင်တွေ၊ လူ့ အခွင့်အရေး အဖွဲ့အစည်းတွေ အကြားမှာ အချင်းချင်းလေ့လာဆွေးနွေးမှု အမြင်ဖလှယ်မှုတွေ ပြင်းထန်ခဲ့တယ်။ အဲသည်အခါမှာ ထိုင်းလွှတ်တော်ကနေပြီး ချူလာလောင် ကောင်း တက္ကသိုလ်က ဥပဒေပညာ ပါမောက္ခဝစ်တစ် မွန်တဟွန်ကို ဖိတ်ကြားရှင်းလင်းစေခဲ့တယ်။ လွှတ်တော် အမတ်တွေဟာ သူ့ရဲ့ရှင်းပြချက်တွေကို ကျောင်းသားကလေးတွေ လိုက်ရေးမှတ် သလို ရေးမှတ်ကြ၊ မေးကြမြန်းကြတာတွေကို လေ့လာခဲ့ဘူးပါတယ်။ ပညာရှင်တွေကို သည်လို တန်ဘိုးထားတဲ့ ဥပဒေပြုရေး လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ထိုင်းမှာ စစ်အစိုးရဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်းတခုကို အတည်ပြုနိုင်ဘို့ မကြာမီမှာတင်ဘဲ လူထုဆန္ဒခံယူပွဲ ကျင်းပတော့မှာ ဖြစ်တယ်။ အတည်ပြု မပြု သဘောထား ယူတော့မယ့် ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ မြန်မာနိုင်ငံမှာ နအဖရေးဆွဲထားတဲ့ ဖွဲ့စည်းပုံဆိုင်ရာ အခြေခံမူတွေ အပေါ် နှိုင်းယှဉ် လေ့လာတဲ့ ဆွေးနွေးပွဲ တခုကို ယခု ဩဂုတ်လ (၅) ရက်နေ့ က ဘန်ကောက်မြို့ သမာဆတ်တက္ကသိုလ်မှာ ကျင်းပခဲ့တယ်။ သမာဆတ် တက္ကသိုလ်က ဆရာ ဆရာမတွေ နဲ့ ကျောင်းသူကျောင်းသားတွေ၊ လူထု အသင်းအဖွဲ့အချို့ကခေါင်းဆောင်တွေ၊ မြန်မာ့အရေး တက်ကြွလှုပ်ရှားသူတွေနဲ့ ရှေ့နေ တချို့ ၊ စုစုပေါင်း လူ (၁၅၀) ကျော်ခန့် တက်ရောက်ခဲ့တယ်။ ဟောပြောဆွေးနွေးလို့ အပြီးမှာ လက်ရှိထိုင်း စစ်အစိုးရကဖွဲ့ စည်းပေးထားတဲ့ အမျိုးသား ဥပဒေပြုလွှတ်တော် (National Legislative Assembly) နဲ့ ဆက်စပ် တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တဦးက အခုလိုမျိုးဆွေးနွေးမှုကို သူတို့ရဲ့အမျိုးသားဥပဒေပြုလွှတ်တော်ထဲမှာ လာရောက်လုပ်ဆောင်ပေးလို့ ရမလားလို့ ကမ်းလှမ်းပါတယ်။ ဆိုလိုခြင်တာကတော့ စစ်အစိုးရ အုပ်ချုပ်နေတဲ့ ကာလအတွင်းမှာ သည်ပင်လျှင် ထိုင်းနိုင်ငံရဲ့ ဥပဒေပြုရေး လုပ်ငန်းစဉ်တွေမှာလူထုရဲ့ ပါဝင်ပတ်သက်မှုတိုးလာတဲ့ ရေချိန် ဘယ်လောက်မြင့်သလဲ ဆိုတာ သည်အချက်က သက်သေပြပါတယ်။

ဥပဒေပြုရေးလုပ်ငန်းစဉ်နဲ့ စပ်လျဉ်းလို့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကို ၁၉၆၂ ခုနှစ် စစ်တပ် အာဏာသိမ်းခဲ့စဉ်ကစလို့ ပြန်ကြည့်ပါ။ နှစ်ပေါင်း လေးဆယ့်ငါးနှစ်ကြာကာလအတွင်းမှာ ဥပဒေပြုရေးလုပ်ငန်းစဉ်ကို လျှို့ဝှက်ချက်လို ကျင့်သုံးခဲ့တာကြောင့် လူထုရဲ့အခန်းကဏ္ဍပျောက် ဆုံးနေတာကို အောက်ပါ အတိုင်းတွေ့ ရမှာဖြစ်တယ်။

ဥပဒေပြုအဖွဲ့ တွေကနေ ဥပဒေတွေပြုကြတော့မယ့်အခါမှာ ဥပဒေပြုတော့မယ့် အကြောင်းရပ်နဲ့ ပတ်သက်လို့

(၁) လူထုဆီကနေ သဘောထားဆန္ဒကောက်ယူတာ တကြိမ်တခါမျှမရှိခဲ့။
(၂) သတင်းစာတွေကနေတဆင့် တင်ပြခွင့် မပေးခဲ့။
(၃) လူထုအသင်းအဖွဲ့ တွေကနေ တင်ပြတယ် ဆိုတာလည်း မရှိခဲ့။
(၄) ပညာရှင်တွေရဲ့သုတေသနပြုချက်တွေကို အလေးထားဆွေးနွေးပြီး ဥပဒေပြုခဲ့ တာမျိုးလည်း မရှိခဲ့။
(၅) တက္ကသိုလ်တွေမှာ ဆွေးနွေးခြင်းခုံမှုတွေလည်း ခွင့်မပြုခဲ့။
(၆) ပေါ်လာမယ့် ဥပဒေကြောင့် နစ်နာသွားနိုင်သူ သက်ဆိုင်သူများကို ဖိတ်ခေါ်တင် ပြခွင့် ပြုတာမျိုးလည်းမရှိခဲ့။
(၇) လွှတ်တော်အတွင်း ဆွေးနွေးနေစဉ်မှာ လွတ်လွတ်လပ်လပ် တက်ရောက်နား ထောင်ခွင့် မပြုခဲ့။
(၈) လွှတ်တော်အတွင်း ဆွေးနွေးပွဲများကို လည်း ရုပ်မြင်သံကြားများ ရိုက်ယူ၍ ဖြန့်ချိခွင့် မပြုခဲ့။
(၉) လွှတ်တော် ဆွေးနွေးပွဲမှတ်တမ်းများကို ပုံမှန် စနစ်တကျ ထုတ်ဝေဖြန့်ချိခြင်း မရှိ။ လေ့လာဖတ်ရှုခွင့် မပြုခဲ့။

ဒီလို အကြောင်းအချက်တွေကြောင့် ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုအနေနဲ့ ပါဝင်ပတ်သက် ကောင်းကျိုးပြုပြီး တိုင်းပြည်အတွက် အကျိုးရှိမယ့် ဥပဒေတွေ ပေါ်လာအောင်လုပ်ခွင့်ရဘို့ ဝေးလို့ ဥပဒေပြုရေးအတွက် ဘာတွေဆွေးနွေးနေကြတယ်ဆိုတာကိုတောင် လူထုက ဘာမျှ မသိခဲ့တာ ပါဘဲ။ ရလာဒ် အနေနဲ့ ကတော့ လူတဦးခြင်းစီရဲ့ အခြေခံလွတ်လပ်မှုတွေကိုရော၊ တိုင်းပြည်ရဲ့ တိုးတက်ဖွံ့ဖြိုးမှုအတွက်ကိုပါ အကျိုးမပြုတဲ့မတရားတဲ့ ဥပဒေတွေ တလျှောက်လုံးပေါ်လာတော့ တာဘဲ ဖြစ်ပါတယ်။

ဒါကြောင့် တရားမျှတတဲ့ ဥပဒေတွေ ပေါ်လာစေဘို့ ဥပဒေပြုရေးလုပ်ငန်းစဉ်မှာ လူထုရဲ့ပါဝင်ပတ် သက်မှုကို စနစ်တကျ ခွင့်ပြုထားတဲ့ ပြဌာန်းချက်တွေ အနာဂါတ်မြန်မာနိုင်ငံရဲ့ ဖွဲ့စည်းပုံ အခြေခံဥပဒေမှာပါဘို့ လိုပါတယ်။ နအဖရဲ့ ဖွဲ့ စည်းပုံမူတွေထဲမှာတော့ တခုမျှမတွေ့ ရပါကြောင်း တင်ပြရင်း နိဂုံးချုပ်ပါတယ်။

✡✡✡✡✡✡✡✡✡✡

## အပိုင်း(၈)

## အတိတ်တွင် လူထုခံစါးခဲ့ရသော လူ့အခွင့်အရေးချိုးဖေါက်မှုများကို ထင်ဟပ်ရန် လိုအပ်သော ဖွဲ့စည်းပုံအခြေခံဥပဒေ

အာဏာရှင် အုပ်စိုးခဲ့တဲ့ တိုင်းပြည်တွေမှာ လူ့အဖွဲ့အစည်းဟာ အပေါ်ယံအားဖြင့် တည်ငြိမ်နေသယောင် ထင်ရပေမယ့် အတွင်းအနှစ်သဘောအရ အစိပ်စိပ်အမွှာမွှာပြိုကွဲလျှက်ရှိကြတယ်။ အဲဒါတွေကို ပြန်လည်စုစည်းပြီး စစ်မှန်တဲ့ အမျိုးသား ပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ဘို့ ကြိုးစားကြတဲ့အခါမှာ လူ့အဖွဲ့အစည်းရဲ့အတိတ်မှာ ဖြစ်ပွားခဲ့တဲ့ လူ့အခွင့်အရေး ချိုးဖေါက်မှုတွေ၊ ဒဏ်ရာဟောင်းတွေကို ရိုးသားပွင့်လင်းစွာဖေါ်ထုတ်ကြတယ်။ ခွင့်လွှတ်တန်သည်ကို ခွင့်လွှတ်၊ အရေးယူမှ ဖြစ်မည့်ကိစ္စများကို အရေးယူ၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဦးတည်ပြီး အရေးမယူသင့်တဲ့ ဖြစ်ရပ်များအတွက် ထိခိုက်ခံစားခဲ့ရတဲ့ ပြည်သူတွေကို လျော်ကြေးနဲ့ နစ်နာကြေးတွေ ပြန်လည်ပေးအပ်၊ စသည်ဖြင့် စနစ်တကျပြန်လည် ကုစါးပေးကြရမြဲဖြစ်တယ်။ အဲသလို လုပ်ဆောင်နိုင်ဘို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လိုအပ်တဲ့ ပြဋ္ဌာန်းချက်များထည့်သွင်းကြလေ့ရှိတယ်။ ဒါနဲ့ ပတ်သက်လို့ တောင်အာဖရိက နိုင်ငံရဲ့ အတွေ့ အကြုံကို မျှဝေလိုပါတယ်။

တောင်အာဖရိကနိုင်ငံကို ၁၆၅၂ ခုနှစ်ကထဲက ကိုလိုနီအဖြစ်သိမ်းပိုက်ခြင်းခံခဲ့ရတယ်။ လူဖြူများက ဒေသခံလူမဲတွေကို ကျေးကျွန်များသဖွယ် ဆက်ဆံခဲ့ပြီး သခင်နှင့်ကျွန် ဆက်ဆံရေးပုံစံကို နှစ်ပေါင်းမြောက်များစွာ ကျင့်သုံးခဲ့တယ်။ ၁၉၁၂ခုနှစ်မှာ ဒေသခံ အာဖရိကလူမျိုးစုအကြီးအကဲတွေ၊ ပညာတတ်တွေ၊ ဘုန်းကြီးတွေ၊ အလုပ်သမား လယ်သမားတွေ စုစည်းပြီး အာဖရိကအမျိုးသားကွန်ဂရက် ( African National Congress) အေအင်စီ ကို ဖွဲ့စည်းထူထောင်၊ လွှတ်မြောက်ရေး လှုပ်ရှားမှုအတွက် ကြိုးပမ်းဆောင် ရွက်ခဲ့ကြတယ်။ အသားအရောင်ခွဲခြားတဲ့ အခြေခံနဲ့ကျင့်သုံးအုပ်ချုပ်တဲ့ စနစ်ကို ကာကွယ် ရတာဟာ တန်ဘိုးကြီးမားပြီး၊ ရေရှည်ကျင့်သုံးဘို့ မလွယ်ဘူးဆိုတာကို လူဖြူအစိုးရက ၁၉၈၀ ခုနှစ်နောက်ပိုင်းမှစပြီး လေ့လာခဲ့တယ်။ လူဖြူလူမဲခွဲခြားရေးစနစ်ကို ဆန့်ကျင်တဲ့ လှုပ်ရှားမှုတွေ ပြည်တွင်းပြည်ပမှာ အားကောင်းလာပြီးနောက် လူဖြူအစိုးရဟာ နိုင်ငံရေးအပြောင်းအလဲလုပ်ဘို့ အေအင်စီ နှင့် စတင်ဆွေးနွေးခဲ့တယ်။

၁၉၉၀ ခုနှစ်မှာ အေအင်စီ ရဲ့ ကျော်ကြားတဲ့ ခေါင်းဆောင်နယ်လဆင်မန်ဒဲလားကို ထောင်မှလွှတ်ပေးခဲ့ပြီး ၁၉၉၀ ဖေဖေါ်ဝါရီ လမှစကာ လူဖြူအစိုးရနှင့် အေအင်စီ အပါအဝင် နိုင်ငံရေးပါတီ စုစုပေါင်း ၂၆ ပါတီ ကြားမှာ တောင်အာဖရိကနိုင်ငံမှာ အတည်ပြုကျင့်သုံးမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့ ပတ်သက်လို့ တရားဝင်စတင် ဆွေးနွေးလာခဲ့ကြတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ ကြောရိုးများကို သဘောတူအတည်ပြု နိုင်ခဲ့ပြီးနောက် ၁၉၉၃ ဒီဇင်ဘာလ (၆) ရက်နေ့တွင် ဆွေးနွေးပွဲကို ရပ်ဆိုင်းခဲ့တယ်။ အဲဒီနောက် ၁၉၉၄ အေပြီလမှာ နိုင်ငံရေးပါတီ အသီးသီးဟာ ရွေးကောက်ပွဲအတွက် မဲဆွယ်မှုများ စတင်ခဲ့ကြသည်။

အဲဒီကာလအတွင်း လူဖြူအစိုးရရဲ့ ကာကွယ်ရေးဌာန စစ်တပ်မှ ဗိုလ်ချုပ်တဦးက မန်ဒဲလား ထံ ဖုံးဆက်လာတယ်။ အဲသည် လူဖြူဗိုလ်ချုပ်က ဘာပြောသလဲဆိုတော့ "လက်ယာ အစွန်း ရောက်တွေက ရွေးကောက်ပွဲကို ဖျက်ဆီးကြမယ့် စီမံချက်ကို အတိအကျ သတင်းရရှိ ထားတယ်။ ကျုပ်တို့စစ်တပ်အနေနဲ့ ယခင်က ကျူးလွန်ကောင်းကျူးလွန်ခဲ့မယ့် လူ့အခွင့်အရေး ချိုးဖေါက်မှု တွေအပေါ် လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ပေးမယ်ဆိုရင် ရွေးကောက်ပွဲမပျက်စီးအောင် ကာကွယ်စောင့်ရှောက်ပေးမယ်" တဲ့ ။ သဘောကတော့ လူဖြူအစိုးရရဲ့ ရဲနှင့် စစ်တပ်ကိုယ်စား အတိအလင်း အပေးအယူလုပ်လာခဲ့တာပါဘဲ။ သည်အခါမှာ အေအင်စီ အနေနဲ့ အကြီး အကျယ် အကြပ်အတည်း ကြုံတွေ့ခဲ့ရတယ်။ အေအင်စီ ခေါင်းဆောင်ပိုင်းမှာ သဘောထားအရ အုပ်စုနှစ်စုကွဲသွားခဲ့ကြတယ်။ တစုက ဒီမိုကရေစီနိုင်ငံအဖြစ်ကို အမြန်ဆုံးအသွင်ကူးပြောင်း တည်ဆောက်ရေးဟာ အရေးအကြီးဆုံးဖြစ်တာကြောင့် လူဖြူစစ်တပ်နဲ့ ရဲတွေက တောင်းဆိုတဲ့ အတိုင်း လွတ်ငြိမ်းချမ်းသာခွင့် ထုတ်ပြန်ပေးသင့်တယ်လို့ အဆိုပြုတယ်။ အခြားတစုကတော့ မိမိတို့ဟာ လူ့အခွင့်အရေးရရှိရေးအတွက် နှစ်ပေါင်းများစွာ တိုက်ပွဲဝင်လာ ခဲ့ကြပြီးမှ လူ့အခွင့် အရေးချိုးဖေါက်ခဲ့ကြသူတွေအားလုံးကို ခွင့်လွှတ်လိုက်ရမယ်ဆိုရင် အဓိပ္ပါယ်မရှိဘူး၊ သေကြေဘဝပျက်စီး နစ်နာဆုံးရှုံးခဲ့ကြသူတွေအပေါ် သစ္စာမဖေါက်နိုင်ဘူး၊ လို့ အကြောင်းပြပြီး ငြင်းဆိုခဲ့ကြတယ်။ နောက်ဆုံးမှာ အေအင်စီ အတွင်းမှာရော လူဖြူအစိုးရနဲ့ပါ ညှိနိုင်းပြီး အောက်ပါ အခြေခံနှစ်ရပ်အပေါ်မှာ သဘောတူညီ နိုင်ခဲ့ကြတယ်။

(၁) နိုင်ငံရေးရည်မှန်းချက်နှင့် ကျူးလွန်ခဲ့သော ပြစ်မှုများ၊ နိုင်ငံရေးမှုခင်းများနှင့် စပ်လျဉ်း၍ ဖြစ်ပြီးသမျှ အမှန်တရားကို ဖေါ်ထုတ်ကာ ပြည့်ပြည့်ဝဝ ဖွင့်ဟဝန်ခံကြ သူများအပေါ် လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်၊

(၂) လက်ရှိ အုပ်စိုးလျက်ရှိသော လူဖြူအစိုးရအနေဖြင့် ကိုယ့်ကိုယ်ကို လွတ်ငြိမ်းချမ်း သာခွင့်မပေးရန်၊ လွတ်ငြိမ်းချမ်းသာခွင့်ပေးရေးအာဏာကို ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်း၍ အစိုးရသစ်အား လွှဲအပ်လိုက်ပြီး ရွေးကောက်ပွဲ အပြီးတက်လာသောအစိုးရသစ်က လွတ်ငြိမ်းချမ်းသာခွင့် ကိစ္စများအား ကြီးကြပ် ဆောင်ရွက်သွားရန်၊

အဲဒီနောက်ရွေးကောက်ပွဲကို အောင်မြင်စွာ ဆက်လက်ကျင်းပနိုင်ခဲ့ကြတယ်။

တောင်အာဖရိကနိုင်ငံဟာ ပဋိပက္ခတွေ၊ အကြမ်းဘက်မှုတွေ၊ မတရားမှုတွေကြောင့် အခြေခံ လူထုများ၊ နိုင်ငံရေးအင်အားစုများ အကြားမှာ ဖေါ်မပြနိုင်လောက်တဲ့ ခံစားမှုတွေနဲ့ ပြည့်လျှမ်း ပြီး အစိပ်စိပ်ကွဲနေတဲ့ လူ့အဖွဲ့အစည်းဖြစ်ခဲ့တယ်။ ၁၉၉၃ ခုနှစ် ဥပဒေနံပါတ် ၂၀၀ နဲ့ ထုတ်ပြန်ခဲ့တဲ့ တောင်အာဖရိက ဖွဲ့စည်းပုံ အခြေခံဥပဒေဟာ အဲသလို အစိပ်စိပ်ကွဲနေတဲ့ အတိတ်ကလူ့အဖွဲ့ အစည်း နဲ့ အသားအရောင်၊ လူမျိုး၊ လူတန်းစား၊ ယုံကြည်မှု၊ လိင် စသည်တို့မခွဲခြားဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး တို့အပေါ်တွင် တည်ဆောက်တဲ့ အနာဂါတ်လူ့အဖွဲ့အစည်း တို့ အကြားမှာ သမိုင်းဝင်ပေါင်းကူးပေးခဲ့တယ်။ တောင်အာဖရိကနိုင်ငံရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ်မှာ အခြေခံပြီး ၁၉၉၅ ခုနှစ်မှာ ပါလီမန်ကနေ ***အမျိုးသားစည်းလုံးရေးနှင့် ပြန်လည်သင့်မြတ်ရေး တိုးမြှင့်ရေးဆိုင်ရာ***

***ဥပဒေ*** ကို ပြဋ္ဌာန်းပေးခဲ့တယ်။ အဲဒီ ဥပဒေရဲ့ ပထမ စာမျက်နှာကို မူရင်းအတိုင်းဘာသာပြန်ဆို ဖေါ်ပြလိုက်ပါတယ်။

လွန်ခဲ့ပြီးသောကာလက ဖြစ်ပွားခဲ့သည့် ပဋိပက္ခများကြောင့် ယနေ့တိုင်ပျောက်ဆုံးလျက်ရှိကြသူများ အပေါ် အခြေခံလျက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် သတ်မှတ်ပြဋ္ဌာန်းပေးသော ပိုင်းဖြတ်သည့်ရက်ဖြစ်သည့် ၁၉၆၀ ခုနှစ် မတ်လ (၁) ရက်နေ့မှ စတင်ကာ နိုင်ငံအတွင်း၌ဖြစ်စေ အပြင်၌ဖြစ်စေ ကျူးလွန်ခဲ့သည့် လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့်စပ်လျဉ်း၍ ဖြစ်ပွားပုံ၊ ဖြစ်ပွားခဲ့သည့်အတိုင်းအတာပမာဏ၊ ဖြစ်ပွားရသည့်အကြောင်းရင်း စသည်တို့အပေါ် အရင်းအတိုင်းပြည့်ပြည့်စုံစုံ စုံစမ်းစစ်ဆေးဖေါ်ထုတ်သွားမည်။ အဆိုပါကာလအတွင်းနိုင်ငံရေး ရည်မှန်းချက်နှင့်ပြစ်မှု ကျူးလွန်ခဲ့ကြ၍ အမှန်အတိုင်း ပြည့်ပြည့်ဝဝ ထုတ်ဖေါ် ဝန်ခံကြသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးအပ် သွားမည်။ လူ့အခွင့်အရေး ချိုးဖေါက်ကျူးလွန်ခံခဲ့ရသူများအတွက် လူ့ဂုဏ်သိက္ခာနှင့် အမျိုးသားဂုဏ်သိက္ခာများ၊ ဘဝတည်ဆောက်ခွင့်များ၊ ကုစားခွင့် သက်သာခွင့်များ ပြန်လည်ရရှိ အောင်ဆောင် ရွက်သွားမည်။ အနာဂါတ်တွင် အလားတူလူ့အခွင့်အရေးချိုးဖေါက်မှုများထပ်မံမဖြစ်ပွားစေရန် ကာကွယ်လုပ်ဆောင်သင့်သော အကြံပြုချက်များအပါအဝင်ဖြစ်ခဲ့ပြီးသမျှ လူ့အခွင့်အရေးချိုးဖေါက်မှုများနှင့် စပ်လျဉ်း၍ တိုင်းပြည်သို့ အစီရင်ခံတင်ပြသွားမည်။ ယင်းတို့ကို ဆောင်ရွက်နိုင်စေရန် လူ့အခွင့်အရေး ချိုးဖေါက်မှုဆိုင်ရာကော်မီတီ၊ လွတ်ငြိမ်းချမ်းသာ ခွင့်ဆိုင်ရာကော်မီတီ၊ ပြန်လည်ထူထောင်ရေးနှင့် သက်သာခွင့် ပေးအပ်ရေးဆိုင်ရာ ကော်မီတီ နှင့် ***"အမှန်တရားဖေါ်ထုတ်ရေးနှင့် ပြန်လည်သင့်မြတ်ရေးဆိုင်ရာ ကော်မီရှင်"*** တို့ကို ဖွဲ့စည်းသွားမည်။ သက်ဆိုင်ရာ ကော်မီတီနှင့် ကော်မီရှင်များအလိုက် လိုအပ်သော တာဝန်၊ လုပ်ပိုင်ခွင့်နှင့် အာဏာများအပ်နှင်းကာ ဆောင်ရွက်သွားစေရမည်။

ငြိမ်းချမ်းမှု၊ အမျိုးသားစည်းလုံးညီညွတ်မှု၊ နဲ့တောင်အာဖရိကနိုင်ငံသားတွေရဲ့ ကောင်းကျိုးစီးပွားများ ရရှိစေဘို့ တောင်အာဖရိကပြည်သူများနဲ့ လူ့အဖွဲ့အစည်းပြန်လည်တည်ဆောက်မှုတွေ အကြားမှာ သဟဇာတရှိရန် လိုအပ်ကြောင်း ဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖေါ်ပြထားခဲ့တယ်။ လက်စားခြေဘို့ မဟုတ် နားလည်မှု တည်ဆောက်ဘို့၊ လက်တုံ့ပြန်ဘို့ မဟုတ် ကုစားမှုပေးဘို့၊ ဆိုတဲ့အခြေခံတွေကနေ ပြန်လည်သင့်မြတ်ရေးနဲ့ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းတွေ လုပ်ဆောင်နိုင်ရေးအတွက် လွန်ခဲ့တဲ့ ပဋိပက္ခကာလများအတွင်း နိုင်ငံရေး ရည်မှန်းချက်နဲ့ ကျူးလွန်ခဲ့တဲ့ ပြစ်မှုတွေကို လွတ်ငြိမ်းချမ်းသာခွင့် ပေးရမှာဖြစ်ကြောင်းဖွဲ့စည်းပုံ အခြေခံဥပဒေမှာ ဖေါ်ပြထားတယ်။

တောင်အာဖရိကနိုင်ငံအပါအဝင် အာဏာရှင်အုပ်ချုပ်မှုဟောင်း အောက်ကနေဒီမိုကရေစီအခြေခံနဲ့ အုပ်ချုပ်မယ့် လူ့ အဖွဲ့ အစည်းသစ်ကို ပြောင်းလဲတည်ဆောက်ခဲ့ကြတဲ့ နိုင်ငံတွေမှာ အတိတ်တုံးက လူထုခံစါးခဲ့ရတဲ့ လူ့ အခွင့်အရေး ချိုးဖေါက်မှုတွေကို ဖွဲ့ စည်းပုံအခြေခံဥပဒေ၊ အခြားသက်ဆိုင်ရာ ဥပဒေများ ရေးဆွဲပြဋ္ဌာန်းပြီး စနစ်တကျအရေးယူ ဆောင်ရွက်ခဲ့ကြတာ ဖြစ်တယ်။

မြန်မာနိုင်ငံမှာတော့ ဒါနဲ့ပြောင်းပြန်ဖြစ်နေပါတယ်။ ဒီမိုကရေစီနိုင်ငံအဖြစ်ကို အသွင်ကူးပြောင်းတည်ဆောက်သွားမယ်လို့ ကြွေးကြော်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူတွေ ရေးဆွဲချမှတ်နေတဲ့ နအဖ ကိုယ်တိုင်ရော၊ သူ့ရဲ့အမျိုးသားညီလာခံမှာပါပြီးခဲ့တဲ့ကာလတွေတုံးက လူထုခံစားခဲ့ရတဲ့ လူ့အခွင့်အရေးချိုးဖေါက်မှုတွေနဲ့ပတ်သက်ပြီး ဘယ်လို အရေးယူဆောင်ရွက်မယ်ဆိုတဲ့ အခြေခံမူတွေချမှတ်ဘို့ဝေးလို့ အဲသည်အကြောင်းထုတ်ဖေါ် ဆွေးနွေးမှုပင် တစိုးတစိမျှမရှိပါ။ သည်လောက် ထင်ရှားတဲ့ဖြစ်ရပ်ကြီးတွေကို ဘာတခုမျှ အရေးယူဆောင်ရွက်ဘို့ မကြိုးစားဘဲ မေ့ခြင်ယောင်ဆောင်ထားတဲ့ နအဖနဲ့သူ့ရဲ့အမျိုးသားညီလာခံဟာ အာဏာရှင်အုပ်ချုပ်မှု ဟောင်း အောက်ကနေဒီမိုကရေစီအခြေခံနဲ့အုပ်ချုပ်မယ့် လူ့အဖွဲ့အစည်းသစ်ကို ပြောင်းလဲတည်ဆောက်မှာ မဟုတ်ဘူးဆိုတာ ရှင်းနေပါတယ်။ တကယ်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ အုပ်ချုပ်တဲ့ အာဏာရှင်အုပ်ချုပ်မှုအဟောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ အုပ်ချုပ်မယ့် အာဏာရှင်အုပ်ချုပ်မှု အသစ်တခုကို ပြောင်းလဲတည်ဆောက်ဘို့ ကြိုးစားတာသာ ဖြစ်ပါတယ်။

တချိန်ထဲမှာ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာကို ကိုယ်နားလည်သလို အဓိပ္ပါယ်ဖွင့်ဆို ဖြစ်ပြီးခဲ့သမျှတွေကို မေ့ထားခဲ့ဘို့တိုက်တွန်း၊ လွတ်ငြိမ်းချမ်းသာခွင့်ဆိုတဲ့ စကားလုံးကို တွင်တွင်သုံးစွဲ၊ ရှေကို တိုင်းပြည်ကောင်းဘို့ ပူးပေါင်းလုပ်ဆောင်သွားကြပါစို့ ဆိုတာလောက် ကိုသာတွန်းတင်ဘို့ကြိုးစားမှုတွေလည်း ရှိနေတာ တွေ့ရပါတယ်။ တကယ်တော့ ဒီလို လုပ်ဆောင် မှုတွေဟာ နိုင်ငံရေးရာဇဝတ်ကောင်တွေကို အလွယ်တကူ လွတ်ငြိမ်းခွင့်ပေးတဲ့ သဘော ဖြစ်တာကြောင့် နောက်ထပ်ပြစ်မှုကြီးတွေ ထပ်မံကျူးလွန်ဘို့ အားပေးရာရောက်ပါတယ်။ ပြစ်မှုကြီးတွေ ကျူးလွန်ခံလိုက်ရတဲ့ အပြစ်မဲ့ပြည်သူတွေရဲ့ တရားမျှတမှုခံစားပိုင်ခွင့်ကို ဥပက္ခာပြုလိုက်ရာလည်းရောက်ပါတယ်။

စစ်မှန်တဲ့ အမျိုးသားပြန်လည်စည်းလုံးမှု အခြေခံကို တည်ဆောက်ပြီး တိုင်းပြည်တိုးတက် စေခြင်တယ် ဆိုရင်တော့ လူထုခံစားခဲ့ရတဲ့ လူ့ အခွင့်အရေးချိုးဖေါက်မှုကြီး တွေကို စနစ်တကျ အရေးယူဆောင်ရွက်နိုင်ဘို့ အနာဂါတ်ဖွဲ့စည်းပုံအခြေခံ ဥပဒေထဲမှာ ထည့်သွင်းပြဋ္ဌာန်းရမှာ ဖြစ်တဲ့အကြောင်း တင်ပြလိုက်ပါသည်။

✡✡✡✡✡✡✡✡✡

အပိုင်း(၉)

## နအဖ ၏ အခြေခံမူများကို ၂၀၀၇ ခုနှစ် ထိုင်းဖွဲ့စည်းပုံအခြေခံဥပဒေနှင့် နှိုင်းယှဉ်လေ့လာခြင်း

၂၀၀၇ ဩဂုတ်လ (၁၉) ရက်နေ့မှာ လူထုဆန္ဒခံယူပွဲကျင်းပပြီး ထိုင်းနိုင်ငံရဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ကိုအတည်ပြု လိုက်ပြန်ပါပြီ။ သည်နေရာမှာ နအဖ ရေးဆွဲနေတဲ့ဖွဲ့ စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရနဲ့ နှိုင်းယှဉ်ပြီး လေ့လာစဉ်းစားစရာတွေ ရှိလာပါတယ်။

စိတ်ဝင်စားစရာကောင်းတဲ့ အချက်ကတော့ ထိုင်းစစ်အစိုးရ ဦးဆောင်မှုအောက်မှာရေးဆွဲခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကို ၅၈ ရာခိုင်နှုန်းက ထောက်ခံပြီး ၄၂ ရာခိုင်နှုန်းက ကန့်ကွက်ခဲ့တယ်။ ကန့်ကွက်သူဦးရေ သည်မျှလောက်များခဲ့တဲ့ အပေါ်မှာ စိုးရိမ်ကြီးစွာတင်ပြကြသူတွေလည်း ရှိလာပါတယ်။ ကန့်ကွက်သူများရခြင်းအကြောင်းကို လေ့လာကြည့်တဲ့အခါမှာ အဓိကအားဖြင့် အောက်ပါအကြောင်းလေးရပ်ကို တွေ့ရတယ်။

(၁) ထိုင်းနိုင်ငံလူထုတွေဟာ ၁၉၉၇ ခုနှစ်မှာ ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ ဖွဲ့ စည်းပုံအခြေခံ ဥပဒေကို ကြိုက်သူများကြတယ်။ ယခု ၂၀၀၇ ခုနှစ် အခြေခံဥပဒေကို ပယ်ချ လိုက်နိုင်ရင် ယခင် ထိုင်းမှာ ကျင့်သုံးခဲ့တဲ့ အခြေခံဥပဒေတွေ အနက်က တခုခုကို ပြန်လည်ရွေးချယ်ပြီး အတည်ပြု ပေးမယ်လို့ထိုင်းစစ်အစိုးရက ကြေငြာထား တာလည်းရှိတယ်။ ၁၉၉၇ ခုနှစ်အခြေခံဥပဒေကို ပြန်လည် အတည်ပြု လိုသူတွေဟာ ၂၀၀၇ ခုနှစ် အခြေခံဥပဒေကို ပယ်မဲပေးခဲ့ကြတယ်။

(၂) ၂၀၀၇ ခုနှစ် အခြေခံဥပဒေအရ ဆီးနိတ်လို့ ခေါ်တဲ့ အထက်လွှတ်တော်ရဲ့ အမတ် ဦးရေ တဝက်ခန့်ကို ရွေးကောက်တင်မြှောက်တဲ့ စနစ်နဲ့မဟုတ်ဘဲ ခန့်ထားတဲ့စနစ်နဲ့ရွေး ချယ်သွားမယ်။ ဒီ အချက်ဟာ ဒီမိုကရေစီ အခြေခံနဲ့ ဆန့်ကျင်တယ် ဆိုပြီး ပယ်မဲ ပေးခဲ့ကြသူတွေ ရှိတယ်။

(၃) ဝန်ကြီးချုပ်ဟောင်း ထပ်ဆင်ကို ထောက်ခံကြတဲ့ လူထုတွေလည်း ပယ်မဲပေး ခဲ့ကြတယ်။

(၄) အာဏာသိမ်းတာကို လက်မခံ၊ အာဏာသိမ်းထားတဲ့ စစ်အစိုးရရဲ့ အုပ်ချုပ်မှု အောက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေကို မရေးဆွဲသင့်ဘူးလို့ယူဆသူတွေကလည်း ပယ်မဲပေး ခဲ့ကြတယ်။

အထက်ပါ အချက်လေးချက် အနက်မှာ နအဖ ရေးဆွဲနေတဲ့ ဖွဲ့စည်းပုံနဲ့ဆက်စပ်နိုင်တဲ့ အချက်က တော့ အထက်လွှတ်တော် အမတ်ဦးရေ တဝက်ခန့် ကို ရွေးကောက်တင်မြှောက်တဲ့ စနစ်နဲ့ မဟုတ်ဘဲ ခန့် ထားတဲ့ စနစ်နဲ့ ရွေးချယ် သွားမယ် ဆိုတာဘဲ ဖြစ်ပါတယ်။ ခန့် ထားတဲ့စနစ်နဲ့ လွှတ်တော်ကိုယ်စားလှယ်တွေအဖြစ်နေရာပေးတာဟာ ဆန်းတဲ့ ကိစ္စမဟုတ်ဘူး၊ ထိုင်းနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လေ့လာကြည့်ပါလားလို့ နအဖ အနေနဲ့ ကိုးကားပြောကောင်း ပြောလာနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ နအဖရေးဆွဲထားတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ

မူတွေအရဆိုရင် ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးမှာ လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ လေးပုံတပုံကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်စေလွှတ်သူတွေနဲ့ ဖွဲ့စည်းသွားမယ်ဆိုတဲ့အပေါ် နအဖ အတွက် ရည်ညွှန်းစရာဖြစ်သွားနိုင်ပါတယ်။ နအဖ ကိုယ်စား စိုးမြကျော်ဆိုတဲ့ စါရေးသူနံမည်နဲ့ ရေးသားပြီး ၂၀၀၆ ခုနှစ် ဧပြီလ အတွင်းက ထုတ်ဝေခဲ့တဲ့ "အနာဂါတ်နိုင်ငံတော် တည်ဆောက်မှု ပုံသဏ္ဍာန်၊ ဥပဒေပြုမှု အသွင်သဏ္ဍာန်နှင့် အနှစ်သာရ" ဆိုတဲ့ စါအုပ်မှာ လွှတ်တော်တွေမှာ ရွေးချယ်တင်မြှောက်မှု မရှိဘဲ ခန့်အပ်တဲ့ စနစ်ကျင့်သုံးတဲ့ နိုင်ငံပေါင်း သုံးဆယ်ကျော်ရှိတယ်ဆိုပြီး သည်စနစ်ဟာ ဘယ်လိုမှန်ကန်တယ် ဆိုတဲ့ အကြောင်း အပြည့်အစုံရှင်းလင်းချက် ထုတ်ထားတာ လေ့လာရတယ်။

လူထု အချုပ်အခြာအာဏာပိုင်စိုးမှု သဘောတရားကို ဖွဲ့စည်းပုံအခြေခံဥပဒေနဲ့အညီ ကျင့်သုံးတဲ့အနှစ်သာရနဲ့ လွှတ်တော်တွေရဲ့ သဘာဝကို အပြည့်အစုံလေ့လာခွင့်မရတဲ့ သာမန်ပြည်သူတွေဟာ နအဖ ကိုယ်စား စိုးမြကျော် ရှင်းလင်းရေးသားထားတာကို ငြင်းဘို့ ခက်ပါလိမ့်မယ်။ ဟုတ်ပေသားဘဲ လို့လက်ခံသူတွေ ရှိနိုင်သလို ဟုတ်များဟုတ်လေမလားလို့ ဇဝေဇဝါ ဖြစ်သွားသူတွေလည်း ရှိကောင်းရှိသွားနိုင်ပါတယ်။ အထက်လွှတ်တော်တွေ အတော်များများမှာ လူထုက ရွေးချယ်တင်မြှောက်ခြင်းခံရသူတွေမဟုတ်ဘဲ ခန့်အပ်စေလွှတ်ခံရသူတွေပါဝင် ဖွဲ့စည်းထားတာတွေ ရှိကြတယ်ဆိုတာကို မငြင်းပါ။ အမှန်ပါဘဲ။ ဒါပေမယ့် အဲသလို ရှိတဲ့အတွက် နအဖ အဆိုပြုနေတဲ့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် နှစ်ရပ်စလုံးမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်စေလွှတ်သူတွေနဲ့ ဖွဲ့စည်းသွားမယ်ဆိုတဲ့ မူဟာ လက်ခံသင့်တယ်လို့ သုံးသပ်ရင် တကဲ့ တက်တက်စင် လွဲသွားပါလိမ့်မယ်။

ဒါကို နားလည်နိုင်ဘို့ အောက်လွှတ်တော် နဲ့ အထက်လွှတ်တော်တို့ မတူတဲ့ သဘာဝကို ရှင်းပြပါ့မယ်။ အမေရိကန် ပြည်ထောင်စုနဲ့ ထိုင်းနိုင်ငံတွေမှာ အောက်လွှတ်တော်ကို ouse of Representatives အထက်လွှတ်တော်ကို Senate လို့ ခေါ်ပါတယ်။ နအဖ မူအရ ဆိုရင်တော့ အောက်လွှတ်တော်ကို ပြည်သူ့ လွှတ်တော်၊ အထက်လွှတ်တော်ကို အမျိုးသားလွှတ်တော်လို့ ခေါ်ပါတယ်။

သည်လွှတ်တော်တွေ အခြေခံနဲ့ လူထု အချုပ်အခြာအာဏာပိုင်စိုးမှု သဘောတရားကို ဘယ်လို ကျင့်သုံးတယ် ဆိုတာကို လေ့လာဘို့ ဖြစ်ပါတယ်။ ဝန်ကြီးချုပ်ဦးဆောင်တဲ့ ပါလီမန်စနစ်ကို ကျင့်သုံးတဲ့ တိုင်းပြည်တွေအားလုံးမှာ တိုင်းပြည်ကို အုပ်ချုပ်မယ့် အစိုးရအဖွဲ့ကို အောက်လွှတ်တော်တွေကနေသာ ရွေးချယ်ဖွဲ့စည်းရတာဖြစ်တယ်။ အောက်လွှတ်တော်ထဲမှာ အနိုင်ရ နိုင်ငံရေးပါတီတွေက ဖွဲ့စည်းသွားကြတာချည်းဖြစ်ပါတယ်။ အထက်လွှတ်တော်ကနေ ဖွဲ့စည်းတယ်ဆိုတာမရှိပါ။ ဒီမိုကရေစီရဲ့ ဘိုးအေနိုင်ငံလို့ နံမည်ကြီးတဲ့ အင်္ဂလန်နိုင်ငံမှာလည်း သည်လိုဘဲ အစိုးရဖွဲ့ရတာဖြစ်တယ်။ လူထုကနေ အချုပ်အခြာအာဏာပိုင်တဲ့ သဘောတရားကို သည်လိုကျင့်သုံးတာဖြစ်ပါ တယ်။ ထိုင်းနိုင်ငံမှာ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေဟာလည်း သည်လိုဘဲ ကျင့်သုံးမှာဖြစ်ပါတယ်။

နအဖရဲ့ဖွဲ့စည်းပုံမူတွေအရ အောက်လွှတ်တော်မှာ လူထုက ရွေးချယ်တင်မြှောက်ခြင်း မခံရသူတွေ ပါဝင်ဖွဲ့စည်းစေတာဟာ လူထုအချုပ်အခြာအာဏာပိုင်စိုးမှု သဘောတရားကို ငြင်းပယ်လိုက်တာဖြစ်တယ်။ ပိုပြီးဆိုးတာက သမတ စနစ်ကို ကျင့်သုံးမယ်ဆိုရင် လူထုက ရွေးချယ်တင်မြှောက်ရမယ့်အစား သမတရွေးချယ်တင်မြှောက်ရေးအဖွဲ့ ဆိုတာတွေကို တည်ထွင်ပြီး လူထုရဲ့ရွေးချယ်ခွင့်ကို ငြင်းပယ်လိုက်တဲ့အခါ နအဖ ဖွဲ့စည်းပုံဟာ လူထု အချုပ်အခြာ အာဏာပိုင်စိုးမှု သဘောတရားကို အပြီးအပိုင် ဖယ်ရှားလိုက်တာပါဘဲ။ ဒါက မတူတဲ့ အချက်တွေဖြစ်ပါတယ်။

ပိုပြီးအရေးကြီးတာရှိပါသေးတယ်။ နိုင်ငံပေါင်းသုံးဆယ်က အထက်လွှတ်တော်တွေမှာ ရွေးချယ်တင်မြှောက်မှု မရှိဘဲ ခန့် အပ်တဲ့ စနစ်ကျင့်သုံးမှုတွေရှိတယ် လို့ ထောက်ပြတဲ့ နအဖ ကို မေးဘို့လိုလာပါတယ်။ အဲဒါက ဘာလဲဆိုတော့ အဲသည်နိုင်ငံတွေအနက် တခုတလေမှာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခန့်အပ်စေလွှတ်ခြင်းခံရတဲ့ တပ်မတော်သား ကိုယ်စားလှယ် ဆိုသူတွေရှိသလား ဆိုတဲ့ အချက်ပါ။ ဘုရင်တွေ၊ သမတ တွေက ခန့် အပ်တာဘဲရှိတယ်။ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ခန့် အပ်စေလွှတ်တယ်ဆိုတာ တနိုင်ငံမှာမှ မရှိပါ။

ထိုင်းနိုင်ငံရဲ့ ၂၀၀၇ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေဟာ စစ်အစိုးရလက်အောက်မှာ ရေးဆွဲခဲ့တာဖြစ်ပါတယ်။ အဲဒါကြောင့်မြန်မာနိုင်ငံ စစ်အစိုးရ ရေးဆွဲထားသလိုများ ကာကွယ်ရေးဦးစီးချုပ်က ခန့်ထားတဲ့စစ်ဗိုလ်တွေဟာ အထက်လွှတ်တော်အမတ်တွေဖြစ်လာမလား ရယ်လို့ သိခြင်ပြီးလေ့လာကြည့်ပါတယ်။ သည်နေရာမှာလည်း ကွဲပြားနေတာကို တွေ့ရတယ်။ ဆီးနိတ်လွှတ်တော်အမတ်အဖြစ် ရွေးချယ်ခံခွင့်ရှိတဲ့လူ့ အလွှာငါးမျိုးကို ဖေါ်ပြထားတယ်။ အဲဒါတွေကတော့ ပညာရှင်တွေ၊ ကျွမ်းကျင်သူတွေ၊ အစိုးရအမှုထမ်းတွေ၊ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းလုပ်သူတွေနဲ့ ဥပဒေနဲ့ အညီပြဌာန်းတဲ့အခြားသူတွေ ဆိုတာပါဘဲ။ အဲသည် လူ့ အလွှာငါးမျိုးထဲကနေ ရွေးချယ်ပြီးအထက်လွှတ်တော်အမတ်တွေဖြစ်လာအောင်ခန့် ထားခွင့်ရှိသူတွေကတော့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး၊ တရားရုံးချုပ်နဲ့ အုပ်ချုပ်ရေးတရားရုံး သုံးရုံးကတရားသူကြီးချုပ်များ၊ အစိုးရအမှုထမ်းများလုပ်ငန်းတာဝန်ထမ်းဆောင်မှုကို စုံစမ်းစစ်ဆေးတဲ့အရာရှိ၊ စါရင်းစစ်ချုပ်၊ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ၊ အမျိုးသား အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင် ဥက္ကဋ္ဌ စတဲ့ပုဂ္ဂိုလ် ခုနှစ်ဦးဖြစ်ပါတယ်။ ရွေးချယ်စေလွှတ်ပိုင်ခွင့်ရှိသူစါရင်းထဲမှာ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်ဆိုတာ လုံးဝပါဝင်ခြင်းမရှိပါ။ ကာကွယ်ရေးဦးစီးချုပ်ကနေ သူ့ အမိန့်ကိုသာနာခံမယ့် စစ်ဗိုလ်တွေကို ရွေးချယ်စေလွှတ်တဲ့ နအဖရဲ့စနစ်နဲ့နှိုင်းယှဉ်ရင် ထိုင်းနိုင်ငံက အထက်လွှတ်တော်အမတ်ရွေးချယ်စေလွှတ်တဲ့ စနစ်ဟာ အဆများစွာသာကြောင်းတွေ့ နိုင်ပါတယ်။

ထိုင်းနိုင်ငံမှာ ၂၀၀၇ ခုနှစ် အခြေခံဥပဒေက ၁၉၉၇ ခုနှစ် အခြေခံဥပဒေထက်သာတဲ့ အချက်တွေကို သတင်းစါတွေက ထောက်ပြတာကိုလည်း လေ့လာရပါတယ်။ အဲဒါတွေအပြင် တချက်ကတော့ နိုင်ငံရေးမှာ လူထုရဲ့ပါဝင်မှုကို ခွင့်ပြုပြဌာန်းထားတဲ့ အချက်ဖြစ်ပါတယ်။ ၁၉၉၇ ခုနှစ်အခြေခံဥပဒေအရဆိုရင် ထိုင်းပြည်သူတွေရဲ့ လွတ်လပ်မှုနှင့်အခွင့်အရေးများ ကဏ္ဍနဲ့ သက်ဆိုင်တဲ့ ဥပဒေကြမ်းတရပ်ကို မဲပေးပိုင်ခွင့်ရှိသူဦးရေ ငါးသောင်းရဲ့ ထောက်ခံမှုနဲ့ အဆိုပြုခွင့် ရှိတယ်။

အခု ၂၀၀၇ ခုနှစ် အခြေခံဥပဒေအရ ဆိုရင်တော့ မဲပေးပိုင်ခွင့်ရှိသူဦးရေ တသောင်းက ထောက်ခံရင် လုံလောက်တယ် လို့ သိရပါတယ်။ နအဖ ရဲ့အခြေခံမူများထဲမှာတော့ ဥပဒေပြုရေးကဏ္ဍမှာ လူထုရဲ့ပါဝင်ပတ်သက်ခွင့်ကို ရှာလို့ ကတော့ ဘယ်နေရာမှာမှ တွေ့နိုင်မှာ မဟုတ်ပါ။

ထိုင်းနိုင်ငံရဲ့ နိုင်ငံရေးမှာ လူထုရဲ့ ပါဝင်ပတ်သက်မှုကို ပြဋ္ဌာန်းထားတဲ့ ပိုပြီး အရေးကြီးတဲ့ အချက်တရပ်ရှိပါတယ်။ ဘာလဲဆိုတော့ ၁၉၉၇ ခုနှစ် အခြေခံဥပဒေအရ နိုင်ငံရေးရာထူးတာဝန် ယူထားသူကို လူထုက ဖြုတ်ချခြင်တယ်ဆိုရင် မဲဆန္ဒပေးပိုင်ခွင့်ရှိသူဦးရေ ငါးသောင်းလက်မှတ်ထိုးပြီး လွှတ်တော်ကိုတင်သွင်းအဆိုပြုခွင့် ရှိခဲ့တာဖြစ်ပါတယ်။ လွန်ခဲ့တဲ့ သုံးနှစ်ခန့်က ထိုင်းမှာ တကယ်ဖြစ်ခဲ့တဲ့ ဖြစ်ရပ်တခုရှိတယ်။ ထိုင်းလွှတ်တော်အမတ်တယောက်ဟာ ရွေးချယ်တင်မြှောက်ခံရပြီးတဲ့နောက် သူ့ကိုရွေးချယ်လိုက်တဲ့ မဲဆန္ဒနယ်က လူထုကို ပြန်လှည့်မကြည့်တော့ဘဲ ရရှိထားတဲ့ အခွင့်အာဏာတွေကို အလွဲသုံးရင်း ဘန်ကောက်မှာ ပျော်မွေ့နေသတဲ့။ အဲသည်မှာ တင်လူထုကမကြေမနပ် ဖြစ်တဲ့အပေါ်မှာ သူ့ကို ပြန်လည်ဖြုတ်ချဘို့ အချင်းချင်းစုစည်းပြီး လက်မှတ်ထိုးလိုက်ကြတာ နှစ်သောင်းခွဲနီးပါးရ သွားခဲ့သတဲ့။ သည်တော့မှ သတင်းကြားပြီး အဲသည်လွှတ်တော်အမတ်ဟာ ကဗျာကသီ ဘန်ကောက်ကနေ သူ့ မဲဆန္ဒနယ်ကို ပြန်ဆင်းသွား၊ လူထုကို တောင်းပန်ပြီး သူ့ကို ဖြုတ်ချဘို့ အဆိုပြုချက်ကို ပြန်လည်ရုပ်သိမ်းပေးဘို့ ညှိနှိုင်းခဲ့ရတယ်လို့ သိရတယ်။

သည်လိုတင်ပြတဲ့ အတွက် ထိုင်းနိုင်ငံရဲ့ ဖွဲ့စည်းပုံတွေဟာ ပြီးပြည့်စုံအောင်ကောင်းနေပြီလို့ဆိုလိုရင်းမဟုတ်ပါ။ လူထုရဲ့ အခန်း ကဏ္ဍကို ဘယ်လို အလေးထားပြဋ္ဌာန်းထားတယ် ဆိုတာကို သိစေလိုလို့ သာဖြစ်ပါတယ်။

ထိုင်းနိုင်ငံရဲ့ ၁၉၉၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာ လူထုရဲ့အခန်းကဏ္ဍကို သည်လိုပြဋ္ဌာန်းခဲ့တာဖြစ်တယ်။ ၂၀၀၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေမှာကျတော့ နိုင်ငံရေးမှာ ပါဝင်ပတ်သက်ဘို့ လူထုရဲ့အခန်းကဏ္ဍကို ပိုပြီးတောင် မြှင့်ပေးထားတယ်လို့ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မဲဆန္ဒရှင် ငါးသောင်းလက်မှတ်ရေးထိုးစရာမလိုတော့ဘဲ နှစ်သောင်းလက်မှတ်ထိုးရုံနဲ့ နိုင်ငံရေးရာထူးတာဝန်ယူထားသူကို ဖြုတ်ချခွင့်ရှိတော့မှာမို့ ဖြစ်ပါတယ်။

နအဖရဲ့ ဖွဲ့စည်းပုံအခြေခံမူတွေထဲမှာတော့ လူထုအချုပ်အခြာအာဏာပိုင်စိုးမှု သဘောတရားအပေါ်မှာအခြေခံပြီး နိုင်ငံရေးမှာ တိုက်ရိုက်ပါဝင်ပတ်သက်ဘို့လူထုရဲ့အခန်းကဏ္ဍကို ထိုင်းနိုင်ငံမှာကဲ့သို့ ပြဋ္ဌာန်းချက်များ တစွန်းတစမျှ မပါရှိကြောင်း တင်ပြရင်း နိဂုံးချုပ်ပါရစေ။

✡✡✡✡✡✡✡✡✡✡

## တရားဥပဒေစိုးမိုးရေး

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910

E-mail : blcsan@ksc.th.com; Website : www. blc-burma.org

# နအဖ သာသနာရေး ဝန်ကြီး၏ ခြိမ်းခြောက်မှု နှင့် ဆက်စပ်၍ မြန်မာနိုင်ငံအတွင်းရှိ ရှေ့နေကြီးများသို့ မေတ္တာရပ်ခံပန်ကြားချက်

၁။ ယခုအခါ မြန်မာနိုင်ငံအတွင်းတွင် သံဃာတော်အရှင်သူမြတ်များ ဦးဆောင်လျှက် ငြိမ်းချမ်းမှု အခြေခံပေါ်၌ လူ့အဖွဲ့အစည်းကို အကောင်းဘက်သို့ ဦးတည်သောအပြောင်းအလဲများ ဖြစ်ပေါ်စေရန်လူထုဆန္ဒထုတ်ဖော်ပွဲများ ခြိမ့်ခြိမ့်သဲ ကျင်းပလျှက်ရှိသည်။ ဤကြိုးပမ်းချက်များ စနစ်တကျ ထမြောက်အောင်မြင်ပြီး ဥပဒေစိုးမိုးမှု အခြေခံပေါ်တွင် လွတ်လပ်၊ တရားမျှတ၍ တိုးတက်ဖွံ့ဖြိုးမှုရှိသော ဒီမိုကရေစီနိုင်ငံပေါ်ပေါက်လာစေရန် ပြည်တွင်းရှိ ရှေ့နေကြီးများနှင့် ဥပဒေပညာရှင်ကြီးများသည် အရေးကြီးသော အခန်းကဏ္ဍတရပ်မှ ပါဝင်သင့်ပါသည်။ အထူး သဖြင့် ယခုကဲ့သို့ နအဖ၏ ပြည်ထဲရေးဝန်ကြီး ဆိုသူက လူထုအစုအဝေးများကို ဓမ္မစက်နှင့် မရလျှင် အာဏာစက်ကို အသုံးပြုကာ တည်ဆဲဥပဒေများအရ နှိမ်နင်းသွားမည်ဟု ကြိမ်းဝါးနေသော ကာလမျိုး တွင်ဖြစ်သည်။ ဥပဒေအရငြိမ်းချမ်းစွာစုဝေးမှုများကို ဖြိုခွဲခွင့် မရှိကြောင်း၊ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ ၁၄၁ အရ ဥပဒေနှင့် ဆန့် ကျင်အကြမ်းဘက်မှုများကို ကျူးလွန်မှသာ ဖြိုခွဲခွင့်ရှိကြောင်း နှင့် ယင်းသို့ ဖြိုခွဲရာတွင်ပင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၁၂၇ နှင့် ၁၂၈များ အရသာ ဖြိုခွဲနိုင်ကြောင်း ရှေ့နေကြီးများအားလုံး အသိဖြစ်သည်။

၂။ ဘားကောင်စီ ဟုခေါ်တွင်သော ရှေ့နေအသင်းကြီးသည် မဆလခေတ်တလျှောက်လုံး အာဏာပိုင်များကို ဦးညွှတ်ခြင်းမရှိဘဲ ဂုဏ်သိက္ခာနှင့်ပြည့်စုံစွာ ရပ်တည်ခဲ့သည်။ ရှစ်လေးလုံး လူထုအရေးတော်ပုံကြီး ဖြစ်ပွားခဲ့သောအခါတွင်လည်း အထင်ကရဦးဆောင်ခဲ့သည်။ ယခင်က ဘားကောင်စီ၏ဥက္ကဋ္ဌမှာ အစိုးရရှေ့နေ ချုပ်ဖြစ်ခဲ့သော်လည်း ဂုဏ်ထူးဆောင်သာဖြစ်ခဲ့ပြီး ရှေ့နေအသင်းကြီးတခုလုံးကို ရွေးချယ်တင်မြှောက်ခြင်းခံရ သော ရှေ့နေကြီးများက လက်တွေ့ ဦးဆောင်ခဲ့ကြသည်။ သို့ဖြစ်၍ ဘားကောင်စီမှာ ရှေ့နေထု တရပ်လုံး၏ အားထားရာဖြစ်ရုံသာ မက မဆလ အစိုးရက အတိုက်အခံ နိုင်ငံရေး အင်အားစုများအပေါ် မတရား ဖိနှိပ်ဖမ်းဆီး အရေးယူမှုများကို တရားခွင်များ တရားရုံးများ၌ တတ်စွမ်းသမျှ ခုခံကာကွယ်ပေးနိုင်ခဲ့သည်။ လူထု၏ လေးစားကြည်ညိုမှုများ အထိုက်အလျှောက် ရရှိခဲ့သည်။

၃။ ၁၉၈၈ ခုနှစ် စစ်တပ် အာဏာသိမ်းပြီး နောက်ပိုင်းတွင် ဘားကောင်စီ၏ ဦးဆောင်မှုတခုလုံးကို နအဖက လုံးဝထိမ်းချုပ်လိုက်သဖြင့် ဘားကောင်စီမှာ အဆိပ်မရှိသောမြွေကဲ့သို့ဖြစ်သွားခဲ့သည်။ ရှေ့နေထုကို အကာအကွယ်ပေးရမည့် အစိုးရှေ့နေများကို ဖိနှိပ်ရန် ကိရိယာတရပ်ကဲ့သို့ ဖြစ်လာသည်။ ရှေ့နေလိုင်စင် မတရား အသိမ်းခံရမှုများ၊ ဖမ်းဆီး ဖိနှိပ်ခံရမှုများ၊ ချိုးနှိမ် ဂုဏ်သိက္ခာချခံရမှုများ ဖြစ်ပွားခဲ့သည်။ ရှေ့နေများ ကိုယ်တိုင်၏ ဘဝလုံခြုံမှု ကင်းမဲ့သွားပြီး အင်အားချည့်နဲ့လာသဖြင့် ၎င်းတို့က အကာအကွယ်ပေးစောင့်ရှောက် ရမည့် ပြည်သူလူထုအနေဖြင့် တရားမျှတမှုကို ရှာဖွေရန်မဖြစ်နိုင်တော့ခြေ။ တရားစီရင်ရေး မဏ္ဍိုင်တည့်မတ်လာအောင်လုပ်ဆောင်နိုင်မည့် အနေအထားမှာလည်း များစွာပင်အားနည်းသွားခဲ့ရသည်။

၄။ မြန်မာနိုင်ငံကဲ့သို့ စစ်အာဏာရှင်သမတ မူရှာရပ်ဖ်၏ အုပ်ချုပ်မှုအောက်တွင်ရှိနေသော ပါကစ္စတန်နိုင်ငံတွင် မကြာသေးခင်သောလများ အတွင်းမှာပင် သောင်းနှင့်ချီသော ရှေ့နေကြီးစုပေါင်းပါဝင်တိုက်ပွဲဆင်နွဲကာ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်ကို တည်ဆောက်ပေးနိုင်ခဲ့သည်။ တနိုင်ငံလုံးအနေဖြင့် စစ်အာဏာရှင်၏ အုပ်ချုပ်မှုအောက်မှ မလွတ်မြောက်သေးသော်လည်း ပါကစ္စတန်တွင် လွတ်လပ်၍ တောင့်တင်းခိုင်မာလာသော တရားစီရင် ရေးမဏ္ဍိုင်က လူထု၏ အခွင့်အရေးများကို တိုးမြှင့်အကာအကွယ်ပေးနိုင်လာသည်။

၅။ မြန်မာနိုင်ငံ၌ ယခုအခါ သံဃာတော်များ၏ ဦးဆောင်မှု အောက်တွင် လူထုကြီးတရပ်လုံး နိုးကြားနေမှုကို အခွင့်ကောင်းယူ၍ လည်းကောင်း၊ ဥပဒေကြောင်းအရ သံဃာတော်များနှင့် လူထုကို ထိထိရောက်ရောက် အကာအကွယ်ပေးရန် လိုအပ်လာပြီဖြစ်၍ လည်းကောင်း၊ လူထုတရားမျှတမှုခံစားနိုင်ရေးအတွက် လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်ကို အမြန်ဆုံးစိုက်ထူရန် အခြေအနေက တောင်းဆိုလာပြီဖြစ်၍ လည်းကောင်း၊ အောက်ပါအတိုင်း အဆောတလျင်ဆောင်ရွက်ကြပါရန် တိုက်တွန်းပန်ကြားအပ်ပါသည်။

(က) နအဖ၏ ထိမ်းချုပ်မှုအောက်မှ ကင်းလွတ်သော တနိုင်ငံလွှမ်းခြုံစွမ်း ဆောင်နိုင်သည့် လွတ်လပ်သော ရှေ့နေအသင်းကြီးတသင်း အမြန်ဆုံးဖွဲ့ စည်းကြပါရန်။

(ခ) အလုပ်သမားသမဂ္ဂများ အပါအဝင် လူ့ အလွှာများကို ကိုယ်စားပြုသော အခြားအလားတူ လူထုအသင်းအဖွဲ့ များ ဖွဲ့ စည်းပေါ်ပေါက်လာရေးကို ဥပဒေကြောင်းအရ ဝိုင်းဝန်းပံ့ပိုးပေးပါရန်။

(ခ) သံဃာတော်များ ဦးဆောင်သည့် ငြိမ်းချမ်းသော လူထုလှုပ်ရှားမှုကြီးများကို ဥပဒေကြောင်းအရ ကာကွယ်စောင့်ရှောက်မှု ပေးပါရန်။

(ဂ) လွတ်လပ်၍ ဘက်မလိုက်သော တရားစီရင်ရေးမဏ္ဍိုင် ပေါ်ပေါက်လာရေးအတွက် သံဃာတော်များ၊ လူထုများ၊ တရားမျှတမှုကိုလိုလားသော တရားသူကြီးများနှင့် လက်တွဲကြိုးပမ်းဆောင် ရွက်ရန်။

မြန်မာနိုင်ငံရှေ့ နေများကောင်စီ
နေ့စွဲ။ စက်တင်ဘာ (၂၅) ရက် ၂၀၀၇ ခုနှစ်

✡✡✡✡✡✡✡✡✡

# တူရကီနိုင်ငံ၏ နိုင်ငံရေးအကြပ်အတည်းနှင့်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး၏အခန်းကဏ္ဍသည် မြန်မာ့တရားစီရင်ရေးအတွက် သင်ခန်းစာယူစရာလား

**တရားစီရင်ရေးဆိုင်ရာသုတေသနပြုအဖွဲ့**
**ပြည်ထောင်စုဥပဒေအကယ်ဒမီကျောင်း**

တူရကီနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးက တိုင်းပြည်ရဲ့တည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုကို မည်ကဲ့သို့အထောက်အပံ့ဖြစ်စေခဲ့ကြောင်း ဖေါ်ပြထားသော စာတမ်းဖြစ်သည်။ မြန်မာနိုင်ငံတွင် တူရကီဖွဲ့စည်းပုံအခြေခံဆိုင်ရာ တရားရုံးကဲ့သို့ စီရင်ပိုင်ခွင့်အာဏာ ရှိသောတရားရုံး မရှိသောကြောင့် တူရကီဥပမာဟာ မြန်မာနိုင်ငံအတွက် သင်ခန်းစာနမူနာတခု ဖြစ်နိုင်ပါ့မလားဟု မေးစရာရှိသည်။ ဤစာတမ်းက တူရကီနိုင်ငံတွင်ဖြစ်ပွားခဲ့သော နိုင်ငံရေးအကြပ် အတည်းကို ၎င်း၏ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးကမည်ကဲ့သို့ဖြေရှင်းပေးခဲ့ပုံကိုဖေါ် ပြထားပြီး အနာဂါတ် မြန်မာနိုင်ငံတွင်လည်း ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးတခုတည်ထောင်ခြင်းအားဖြင့် အလားတူ တိုင်းပြည်၏တည်ငြိမ်မှုနှင့် စီးပွားရေးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေနိုင်မလား ဆိုသည်ကို အကြံပြုထားသော စာတမ်းတခုဖြစ်သည်။

## တူရကီနိုင်ငံ၏ အတ္ထုပတ္တိအကျဉ်း

တူရကီနိုင်ငံသည် အာရှနှင့် ဥရောပတိုက် နှစ်တိုက်ကို ခွ၍တည်ရှိနေသော နိုင်ငံတနိုင်ငံဖြစ်သည်။ တူရကီနိုင်ငံကို ပထမကမ္ဘာစစ်အပြီး အွတ်ထိုမန်အင်ပါယာ ကျဆုံးပြီးနောက် ၁၉၂၃ ခုနှစ်တွင် **မာစတာဖာ ခေမာ အာတာတာဂ်** ကတည်ထောင်ခဲ့သည်။ အန်ကာရာ သည် ၎င်း၏ မြို့တော်ဖြစ်ပြီး အကြီးဆုံးမြို့လည်းဖြစ်သည်။ တူရကီနိုင်ငံ၏ လူဦးရေသည် ၂၀၀၅ ခုနှစ်တွင် (၇၆.၆)သန်းရှိပြီး လူဦးရေ၏ (၉၉%)သည် ဆွန်နီမွတ်ဆလင်များဖြစ်ကြသည်။ တူရကီဘာသာစကားသည် တူရကီ၏ တခုတည်းသော ရုံးသုံးဘာသာဖြစ်သည်။

## တူရကီ၏နိုင်ငံရေးစံနစ်

တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေက တိုင်းပြည်၏ ဥပဒေစံနစ်၊ အစိုးရ၏လုပ်ငန်းဆောင်တာများကို ချမှတ်ထားပေးပြီး တူရကီကို တပြည်ထောင်စံနစ် အဖြစ် ဖန်တီးထားပေးသည်။ ၎င်းဖွဲ့စည်းပုံကို ၁၉၈၂ ခုနှစ်တွင် လူထုဆန္ဒခံ၏ပွဲကျင်းပ၍ အတည်ပြုခဲ့သည်။

တူရကီနိုင်ငံသည် ကိုယ်စားပြုဒီမိုကရေစီစံနစ်ကို ကျင့်သုံးသည်။ နိုင်ငံ၏ ဥသျှောင်သည် သမ္မတဖြစ်ပြီး ၎င်း၏ အဓိက လုပ်ငန်းဆောင်တာ သည် အခမ်းအနားတက် တာဝန်သာဖြစ်သည်။ သို့သော်လည်း သမ္မတထံတွင် ဥပဒေအားလုံးကို ပယ်ချနိုင်သော ဗီတိုအာဏာနှင့် အစိုးရအရာရှိဝန်ထမ်းများကို ခန့်အပ်နိုင်သော အာဏာရှိသည်။ သမ္မတကို ပါလီမန်က ရွေးချယ်တင်မြှောက်ရပြီး ပါလီမန် အမတ် တစ်ဦးဖြစ်ရန်မလိုပေ။ ၎င်း၏သက်တမ်းမှာ ၇-(ခုနှစ်) နှစ်ဖြစ်သည်။

အုပ်ချုပ်ရေးအာဏာကို ဝန်ကြီးချုပ်နှင့် ၄င်း၏ ကက်ဘိနက်အဖွဲ့က ကျင့်သုံးသည်။ ဥပဒေပြုအာဏာ ကို တူရကီ၏ တခုတည်းသော လွှတ်တော်ဖြစ်သော တူရကီအမျိုးသား လွှတ်တော်က ကျင့်သုံးသည်။ ဝန်ကြီးချုပ်သည် သာမန်အားဖြင့် ရွေးကောက်ပွဲအနိုင်ရပါတီ၏ ဥက္ကဋ္ဌဖြစ်ပြီး လွှတ်တော်အမတ် တဦးဖြစ်ရန်မလိုပေ။ ဝန်ကြီးချုပ်များနည်းတူ ဝန်ကြီးများကလည်း လွှတ်တော်အမတ် ဖြစ်ရန်မလို အပ်ပေ။ ပါလီမန် နေရာ ၅၅၀ အတွက် ပါတီကိုယ်စားပြုစံနစ်ဖြင့် ကိုယ်စားလှယ်များကို (၅)နှစ် သက်တမ်းအတွက် ရွေးချယ်တင်မြှောက်သည်။

## ဘာသာရေးကို အခြေမခံသော နိုင်ငံ

တူရကီကို လွှတ်လပ်သော သမ္မတနိုင်ငံ အဖြစ်စတင်ထူထောင်စဉ်ကတည်းက ဘာသာရေးကို အခြေ မခံသော စနစ်ကို အစပျိုးခဲ့ကြသည်။ နိုင်ငံကိုထူထောင်ခဲ့သော **မာစတာဖာ ခေမာ အာတာတာဂ** က မွတ်ဆလင်အဓိကနေထိုင်သော တူရကီနိုင်ငံသည် ဘာသာရေးကို အခြေမခံသော ခေတ်မှီသော နိုင်ငံဖြစ်ရမည်ဟု ဆုံးဖြတ်ခဲ့သည်။ ထို့ကြောင့် အမျိုးသီးများအားဖိနှိပ်မှုကို ဖျက်သိမ်းခြင်း၊ အနောင် တိုင်း ဝတ်စားဆင်ယင်မှု၊ ဥပဒေ၊ အက္ခရာတို့ကို မိတ်ဆက်ပေးခြင်း၊ အစ္စလာမ်မစ်အဆောက်အဦးများ ကိုဖျက်သိမ်းခြင်း စသော ပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်ခဲ့သည်။ တူရကီနိုင်ငံသည် ဘာသာရေးကို အခြေမခံသည့် တင်းကြပ်သော မူပေါ် အခြေခံ၍ တည်ထောင်ခဲ့ပြီး နိုင်ငံ၏သမ္မတများသည်အစဉ်သဖြင့် ဘာသာရေးအစွန်းမရောက်သူများသာဖြစ်ခဲ့ကြသည်။ တူရကီ နိုင်ငံက အစိုးရအဆောက်အဦး၊ စာသင်ကျောင်းနှင့် တက္ကသိုလ်များတွင် ဘာသာရေးအထိမ်းအမှတ် ဖြစ်သောအမျိုးသားများ ဦးထုပ်ဆောင်းခြင်းနှင့်အမျိုးသမီးများ ခြုံပဝါခြုံခြင်းကို ဥပဒေဖြင့် တားမြစ် ထားသည်။

## တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံဆိုင်ရာ တရားရုံး

တူရကီနိုင်ငံ၏ ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ပတ်သက်သော အငြင်းပွား မှုများအတွက် အမြင့်ဆုံး တရားရုံးဖြစ်သည်။ ထိုတရားရုံးက ပါလီမန်မှပြဋ္ဌါန်းသော ဥပဒေများ၊ အုပ်ချုပ်ရေးဆိုင်ရာ အမိန့်များ၊ ပါလီမန်၏ပြုမူဆောင်ရွက်ချက်များ၊ ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ဖွဲ့စည်းပုံနှင့် ညီညွတ်မှုရှိမရှိ သုံးသပ်စစ်ဆေး ကိုင်တွယ်ဖြေရှင်းပေးသည်။ လိုအပ်လာလျှင် နိုင်ငံတော် သမ္မတနှင့် အစိုးရဝန်ကြီးများကြားဖြစ်ပွားသော အငြင်းပွားမှုများကိုကြားနာ ဖြေရှင်းရန်အတွက် အမြင့်ဆုံးတရားရုံးအဖြစ်ဆောင်ရွက်ပေးသည်။ နိုင်ငံရေးပါတီများက ဘာသာရေးကို အခြေမခံသောမူ စည်းမျဉ်းကိုဆန့်ကျင်ခြင်း သို့မဟုတ် ခွဲထွက်ရေးအတွက်ပြုမူပြင်ဆင်မှုများပြုလုပ်လာပါက ၄င်းတို့အား ငွေကြေးဆိုင်ရာ ထောက်ပံ့မှုများကို ဖြတ်တောက် ပစ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးတွင် အာဏာရှိသည်။

## တူရကီနိုင်ငံ၏ နိုင်ငံရေးအကျပ်အတည်းကိုဖြစ်ပေါ်စေသော အကြောင်းအရင်းများ

လက်ရှိသမ္မတ **အာမက် နက်ဒက် ဆီဇာ** သည် ၂၀၀၀ခုနှစ် မေလတွင် ရွေးကောက်ခံရပြီး ၂၀၀၇ မေလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သည်။ ထို့ကြောင့် ၂၀၀၇ ခုနှစ် ဧပြီလတွင် သမ္မတ အသစ်ရွေးချယ်ရန် စီစဉ်ရာမှ ပြဿနာစဖြစ်ပေါ် လာခြင်းဖြစ်သည်။ တူရကီတွင် လက်ရှိအာဏာရပါတီသည် အစ္စလာမ်မစ် ကွန်ဆာဗေးတစ် တရားမျှတရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ

(AKP) ဖြစ်သည်။ ၎င်းသည် ၂၀၀၂ အထွေထွေရွေးကောက် ပွဲတွင် အပြတ်သတ်အနိုင်ရခဲ့ပြီး ပါလီမန် ထိုင်ခုံအားလုံး ၅၅၀ ရှိသည့်အနက် ၃၅၃ နေရာကို သိမ်းပိုက်နိုင်ခဲ့သည်။ အာဏာရ (AKP) ပါတီက အတိုက်အခံ ရစ်ပတ်ပလီကန် ပြည်သူ့ပါတီ (CHP) နှင့် မတိုင်ပင်ဘဲ ၎င်း၏ပါတီမှ နိုင်ငံခြားရေးဝန်ကြီး **အဗ္ဗဒူလာ ဂူလ်း** အား လာမည့် သမ္မတရွေးကောက်ပွဲအတွက် အမည်စာရင်းတင်သွင်းလိုက်သည်။

ပါလီမန်က ပထမအကြိမ် သမ္မတရွေးကောက်ပွဲကို မေလ ၂၇ရက်နေ့ ၂၀၀၇ခုနှစ် တွင် ကျင်းပခဲ့သည်။ ၎င်းရွေးကောင်ပွဲတွင် **အဗ္ဗဒူလာ ဂူလ်းက** တဦးသာ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ပြီးနောက် သမ္မတ သက်တမ်းရာထူး အတွက် အနည်းငယ်သာ လွဲချော်ခဲ့သည်။ ပါလီမန်မှတ်တမ်းအရ သမ္မတရွေးချယ်ရာတွင် လွှတ်တော်ကိုယ်စားလှယ် ပေါင်း ၃၆၁ ဦးတက်ရောက်ခဲ့သည့်အနက် ၃၅၂ ယောက်က (AKP) ပါတီဝင်ဖြစ်သည်။ **အဗ္ဗဒူလာ ဂူလ်း** က မဲပေါင်း ၃၅၇ မဲရရှိခဲ့ပြီး အနိုင်ရရှိရန်အတွက် လိုအပ်သော လွှတ်တော်ကိုယ်စားလှယ်အားလုံး၏ သုံးပုံနှစ်ပုံ မဲအရေအတွက်ဖြစ်သော ၃၆၇ မဲရရှိရန် ၁၀ မဲသာလွဲခဲ့ရသည်။ ဤပထမအကြိမ် သမ္မတရွေးချယ်ပွဲသည် တိုင်းပြည်၏ အမျိုးသားရေးဝါဒများ၊ ဘာသာရေးအခြေမခံသောဝါဒီများနှင့် အစ္စလာမ်မစ်ဝါဒီအခြေခံ AKP ပါတီတို့အကြားနိုင်ငံရေး တင်းမာမှုဖြစ်ပေါ်စေခဲ့သည်။ အတိုက်အခံပါတီဖြစ်သော (CHP) ပါတီက အဗ္ဗဒူလာ ဂူလ်း အား သမ္မတလောင်းအဖြစ် အမည်စာရင်းတင်သွင်းရာတွင် ၎င်းပါတီနှင့် ဆွေးနွေးရန်ပျက်ကွက်မှုကြောင့် သမ္မတရွေးချယ် ပွဲကိုသပိတ်မှောက်ခဲ့သည်။ ပထမအကြိမ်ရွေးကောက်ပွဲပြုလုပ်ပြီးနောက် ၎င်းရွေး ကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် ၃၆၁ ဦးသာတက်ရောက်ခဲ့ပြီး တက်ရောက်ရန်လိုအပ်သော ကိုယ်စားလှယ်ဦးရေ ၃၆၇ ဦးမပြည့်သဖြင့် ၎င်းရွေးကောက်ပွဲရလာဒ်ကို တရားရုံးတွင် စိန်ခေါ်မည်ဟု ကြေငြာခဲ့သည်။

## သမ္မတရွေးကောက်ပွဲအပေါ် တူရကီတပ်မတော်၏စိုးရိမ်ပူပန်မှု

တူရကီတပ်မတော်က မိမိကို မိမိ တူရကီ၏ ဘာသာရေးကို အခြေမခံသော ဖွဲ့စည်းပုံအခြေခံဥပဒေကို ကာကွယ်စောင့်ထိန်းသူအဖြစ်ခံယူထားသည်။ တူရကီတပ်မတော်က (AKP) အား အစ္စလာမ်မစ် အစီအစဉ်ရှိသည်ဟု မသင်္ကာထားသည်။ ထို့ကြောင့် အကယ်၍ အဗ္ဗဒူလာ ဂူလ်းသာ သမ္မတအဖြစ် ရွေးချယ်ခံရပါက အစ္စလာမ်မစ်ဝါဒ၏သြဇာလွှမ်းမိုးမှုကြီးထွားလာနိုင်ပြီး တိုင်းပြည်၏ ဘာသာရေးကို အခြေမခံသော စံနစ်ကို ခြိမ်းခြောက်လာနိုင်သည်ဟု စိုးရိမ်ကြသည်။ ထို့ကြောင့် သမ္မတရွေးကောက် ပွဲပြီးလျှင်ပြီးချင်း တူရကီတပ်မတော်က ကြေငြာချက်တစောင်ထုတ်ပြန်ခဲ့သည်။ ထိုကြေငြာချက်တွင် တူရကီတပ်မတော်က တိုင်းပြည်၏ ဘာသာရေးကို အခြေမခံသော စံနစ်ကို ထိန်းသိမ်းရန် အတွက် ဆောင်ရွက်မှုကို လုပ်ဆောင်ရန် အဆင်သင့်ဖြစ်သည်ဟုထုတ်ပြန်ကြေငြာခဲ့သည်။ အစ္စလာမ်မစ်ဝါဒီ များနှင့် ဘာသာရေး အစွန်းမရောက်ဝါဒီများကြား လွန်ဆွဲပြိုင်ပွဲတွင်တူရကီတပ်မတော်က ဘာသာရေးအစွန်းမရောက်သူများဘက်မှ ပါဝင်နွှဲမည်ကို မမေ့ထားသင့်ဘူးဟုလည်း ကြေငြာခဲ့သည်။ သို့သော် (AKP) ပါတီက ၎င်းတွင် မည်သည့်လျှို့ဝှက်အစ္စလာမ်မစ် အစီအစဉ်မရှိကြောင်းနှင့် တူရကီစစ်တပ်၏ နိုင်ငံရေးတွင် ဝင်ရောက်နှောင့်ယှက်ရန်ခြိမ်းခြောက်မှုကို ပြင်းထန်စွာဝေဖန်ပြီး စစ်တပ်သည် အရပ်သားထိန်းချုပ်မှုအောက်တွင်သာ ရှိသင့်ကြောင်း တုန့်ပြန်ပြောဆိုခဲ့သည်။

## ဘာသာရေးအစွန်းမရောက်ဝါဒီများ၏စိုးရိမ်မှု

၂၇ မေ ၂၀၀၇ရက်နေ့တွင် တူရကီ၏ အကြီးဆုံးမြို့တော် အစ္စတန်ဘူးတွင် လူပေါင်း တစ်သန်း အထက် အစိုးရဆန့်ကျင်ရေးဆန္ဒပြပွဲကိုတက်ရောက်ခဲ့ကြသည်။ ဆန္ဒပြသူများက အစိုးရအား အစ္စလာမ်မစ် နိုင်ငံပြောင်းလဲရန်စီစဉ်နေသည်ဟု စွပ်စွဲခဲ့ပြီး သမ္မတလောင်းအမည်စာရင်း တင်သွင်းမှုအပေါ် အတိုက် အခံပါတီနှင့် ညှိနှိုင်းတိုင်ပင်ရန် ပျက်ကွက်ခဲ့မှုကို ဝေဖန်ခဲ့ကြသည်။

## အငြင်းပွားသော သမ္မတရွေးကောက်ပွဲအပေါ် တရားရုံးကကြားနာဆုံးဖြတ်ခြင်း

အတိုက်အခံ (CHP) ပါတီက သမ္မတရွေးကောက်ပွဲတွင် အထမြောက်ရန်လိုအပ်သော ပါလီမန် အမတ်များမပြည့်သဖြင့် ရွေးကောက်ပွဲရလာဒ်အား မတရားမဝင်ကြောင်း ကြေငြာပေးရန် ဖွဲ့စည်းပုံ အခြေခံဥပဒေရုံးသို့ တောင်းဆိုခဲ့သည်။ ၎င်းက ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပထမအကြိမ်ရွေး ကောက်ရာတွင် လွှတ်တော်အမတ်အားလုံး၏ သုံးပုံနှစ်ပုံ ၃၆၇ ယောက်တက်ရောက်ရန် လိုအပ်သည်။ ပါလီမန်မှတ်တမ်းအရ ပထမအကြိမ်ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်ဦးရေ ၃၆၁ ဦးသာတက် ရောက်ခဲ့သည်။ ထို့ကြောင့် ၎င်းရွေးကောက်ပွဲသည် တရားမဝင်ဟုငြင်းဆိုခဲ့သည်။ AKP ပါတီကလည်း အစည်းအဝေးအထမြောက်ရန်လိုအပ်သော လွှတ်တော်၏ ပုံမှန် ကိုယ်စားလှယ် ဦးရေး မှာ ၁၈၄ ဦးသာဖြစ်သည်။ ထို့ကြောင့် CHP ပါတီက ရွေးကောက်ပွဲရလာဒ်အားတရားရုံးတွင် စွဲဆိုခြင်းသည် နိုင်ငံရေးစိန်ခေါ် မှုသာ ဖြစ်သည်ဟု ပြန်လည် စွပ်စွဲတုံ့ပြန်ခဲ့သည်။

၂၀၀၇ ခုနှစ်၊ မေ (၁) ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေတရားရုံးက ပါလီမန်၏ ပထမအကြိမ် သမ္မတ ရွေးကောက်ပွဲအား တရားဝင်မှုမရှိကြောင်းကြေငြာခဲ့သည်။ တရားရုံး၏စီရင်ချက်တွင် ပါလီမန်အမတ် ၅၅၀ ရှိသည့်အနက် သုံးပုံနှစ်ပုံ ရောက်ရန် အနည်းဆုံး အမတ် ၃၆၇ ဦး တက် ရောက်ရမည်။ သို့သော် ပါလီမန်၏ မှတ်တမ်းအရ အမတ် ၃၆၁ ဦးသာ တက်ရောက်ခဲ့သည်။ ထို့ကြောင့် သမ္မတရွေး ကောက်ပွဲရလာဒ်သည် တရားဝင်မှုမရှိဟု စီရင်ဆုံးဖြတ်ခဲ့သည်။ ဤနည်းဖြင့် ဖွဲ့စည်းပုံတရားရုံးက အငြင်းပွားနေသော သမ္မတရွေးကောက်ပွဲရလာဒ်ကို အဆုံးသတ်ဖြေရှင်းနိုင်ခဲ့သည်။ ဤကဲ့သို့ တရားရုံး၏ သမ္မတရွေးကောက်ပွဲရလာဒ် အငြင်းပွား မှုကို ဖြေရှင်းခြင်းသည် တိုင်းပြည်၏ မငြိမ်မသက် ဖြစ်နေသော နိုင်ငံရေးတင်းမာမှုကို လည်း အဆုံးသတ်လိုက်ခြင်းဖြစ်သည်။

ဤတကြိမ် တူရကီ ဖွဲ့စည်းပုံတရားရုံး၏ ဖွဲ့စည်းပုံဆိုင်ရာ အငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းခြင်း သည် ယခုမှပထမအကြိမ် မဟုတ်ပါ။ ဤကဲ့သို့ဖွဲ့စည်းပုံနှင့် ပတ်သက်ပြီး အငြင်းပွားမှုကို အတိတ် ကလည်း အကြိမ်ကြိမ်ကိုင်တွယ်ဖြေရှင်းခဲ့ဖူးသည့် အတွေ့အကြုံ ရှိခဲ့သည်။ ဥပမာ ၎င်း၏ မတ်လ (၇) ၁၉၈၉ ရက်စွဲပါ စီရင်ချက်အမှတ် ၁၉၈၉/၁၂ တွင် တက္ကသိုလ်ကျောင်းများ၌ မွတ်ဆလင် အမျိုးသမီးများ ခြုံပဝါခြုံခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်မညီဟု ဆုံးဖြတ်ခဲ့သည်။

တူရကီ၏ ဖြစ်ရပ်ကိုလေ့လာကြည့်ပါက တူရကီ ဖွဲ့စည်းပုံဆိုင်ရာ တရားရုံးသည် တိုင်းပြည်၏ ငြိမ်သက်မှုကို ထိန်းသိမ်းရာတွင် အဓိက အခန်းကဏ္ဍမှပါဝင်နေသည်မှာ ထင်ရှားသည်။ အကယ်၍ တူရကီ၌ ဤအငြင်းပွားမှုကို ကိုင်တွယ်ဖြေရှင်းနိုင်သည့် အခွင့်အာဏာအပ်နှင်း

ထားသော တရားရုံးသာ မရှိခဲ့လျှင် နိုင်ငံ၌ ဖြစ်ပွားနေသော တင်းမာမှုက ဒီထက်ပိုပြင်းထန်လာနိုင်ပြီး တိုင်းပြည်၏ တည်ငြိမ်ရေးကိုပင် ပျက်ပြားစေနိုင်သည်အထိကြီးထွားလာနိုင်သည်။ ယခုပင်တပတ်သာကြာသော နိုင်ငံရေးမတည်ငြိမ်မှုက တူရကီ၏စီးပွားရေးကို အတော်ပင်ကျဆင်းသွားစေခဲ့သည်။ ထို့ကြောင့် တရားစီရင်ရေးသည် တိုင်းပြည်၏ စည်းလုံးညီညွတ်မှုနှင့် လူ့အဖွဲ့အစည်း၏ တည်ငြိမ်မှုကို ထိန်းသိမ်း ပေးနိုင်သော ထိရောက်သော ယန္တရားဖြစ်သည်ဆိုလျှင် ငြင်းစရာလိုမည် မထင်ပေ။ ထိုင်းဘုရင် ဘူမိဘော အဒူလ်ယာဒေဂျ် က တရားသူကြီးများက တရားစီရင်ရာတွင် အမှန်ကန်ဆုံး၊ တရားမျှတ ဆုံးစီရင်သင့်သည်။ သို့မဟုတ်ပါက တိုင်းပြည်ကြီးလဲပြိုသွားနိုင်သည်ဟု ဆိုခဲ့ဖူးသည်။ ထို့ကြောင့် တရားစီရင်ရေးမဏ္ဍိုင်သည် တိုင်းပြည်၏ငြိမ်သက်မှုနှင့် စီးပွားရေးတိုးတက်မှုကို ဖေါ်ဆောင်ရာတွင် ထောက်တိုင်သဖွယ် ဆောင်ရွက်ပေးသည်။

## လက်ရှိမြန်မာနိုင်ငံ၏တရားစီရင်ရေးနှင့် တူရကီ၏တရားစီရင်ရေးကို နှိုင်းယှဉ်လေ့လာခြင်း

ကမ္ဘာပေါ် ရှိနိုင်ငံများကို ကြည့်မည်ဆိုလျှင် နိုင်ငံတိုင်းလိုလို၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စများနှင့် ရွေးကောက်ပွဲဆိုင်ရာကိစ္စများကို ကိုင်တွယ် ဖြေရှင်းနိုင်သော အာဏာအပ်နှင်းထားသည့် တရားစီရင်ရေးယန္တရားရှိကြသည်ကို တွေ့နိုင်မည်ဖြစ်သည်။ အင်္ဂလိပ်ရိုးရာ တရားစီရင်ရေးစနစ် (Common Law System) ကို ကျင့်သုံးသော နိုင်ငံများတွင် ဆိုခဲ့သော ကိစ္စရပ်များကိုယ်တွယ် ဖြေရှင်းနိုင်သော စီရင်ပိုင်ခွင့်အာဏာကို အမြင့်ဆုံးတရားရုံးတွင် အပ်နှင်းထားလေ့ရှိပြီး ရောမဥပဒေစနစ် (Civil Law System) ကို ကျင့်သုံးသောနိုင်ငံများတွင်မူ ဆိုခဲ့သော ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းရန် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး ဆိုပြီးသီးသန့်တည်ထောင်ထားကြ သည်ကို တွေ့ရပါသည်။

မြန်မာ့တရားစီရင်ရေးကို ကြည့်မည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်၍ ပေါ်ပေါက်လာသော အငြင်းပွားမှုများ၊ ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စသည့်ကိစ္စရပ်များကို ကိုင်တွယ်ဖြေရှင်းနိုင်သော အာဏာအပ်နှင်းထားခြင်းခံရသည့် တရားရုံးများမြန်မာ့ တရားစီရင်ရေးသမိုင်းတလျှောက် မရှိခဲ့ဖူးပေ။

လက်ရှိမြန်မာ့တရားစီရင်ရေးနှင့် တရားရုံးများကို ၂၀၀၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥပဒေအမှတ် ၅/၂၀၀၀ အရ တည်ထောင်ထားသည်။ ၄င်းတရားစီရင်ရေးဥပဒေက တရားရုံးချုပ်နှင့် လက်အောက်တရားရုံး အသီးသီးကို ဖွဲ့စည်းတည်ထောင် ပေးထားသည်။ မည်သည့်တရားရုံးကမျှ နအဖ၏ ဥပဒေများကို သုံးသပ်ပိုင်ခွင့်ရှိသောအာဏာနှင့် အစိုးရ၏ ပြုမူဆောင်ရွက်ချက်များကို ဥပဒေနှင့် ညီညွတ်မှုရှိမရှိကို သုံးသပ်ပိုင်ခွင့်ရှိသော အာဏာမျိုး အပ်နှင်းထားခံရခြင်းမရှိပါ။ မြန်မာ့တရားရုံးများက တရားစီရင်ရေးလုပ်ငန်းများကို လွတ်လပ်စွာ လုပ်ဆောင်နိုင်ခြင်းမရှိပဲ စစ်အစိုးရ၏ ထိန်းချုပ်မှုအောက်လုံးလုံးကျရောက်နေသည်။ တရားသူကြီးများက တရားစီရင်ရာတွင် အထက်အမိန့်အရ စီရင်ရတာပါဟု ရံဖန်ရံခါ ဝန်ခံလေ့ရှိကြသည်။ ၂၀၀၀ပြည့်နှစ် တရားစီရင်ရေးဥပဒေက တရားသူကြီးများ၏ ရာထူးနေရာတည်မြဲမှုနှင့် လစာကို အာမခံထားပေးခြင်းမရှိ သောကြောင့်

တရားသူကြီးများက သူတို့၏ထမင်းအိုးမြဲဖို့အတွက် အထက် အမိန့်ကို နာခံရုံမှတပါး အခြားရွေး ချယ်စရာလမ်းမရှိပါ။ ထို့ကြောင့် လက်ရှိမြန်မာ့တရားရုံးများက နအဖ ခေါ် စစ်အာဏာရှင် အစိုးရ၏ ဥပဒေများကို အာဏာသက်ဝင်စေသော ယန္တရားမျှသာဖြစ် သည်ဟု ဆိုလျှင်မမှားပါ။

တရားစီရင်ရေးက လူ့အဖွဲ့အစည်း၏ တည်ငြိမ်မှုနှင့်သေဝပ်မှုကို ဖေါ်ဆောင်ပေး ရာတွင် အဓိကကျသော ယန္တရားတခုဖြစ်သည်ဆိုသည်ကို တူရကီနိုင်ငံ၏ နိုင်ငံရေးအကျပ် အတည်းပြဿနာက သက်သေထူခဲ့ပြီးဖြစ်သည်။ နိုင်ငံရေးမတည်ငြိမ်မှုက စီးပွားရေးတိုးတက်မှုကို ဖင့်နှေးစေသည်ဖြစ်၍ စီးပွားရေးတိုးတက်ဖို့အတွက်လည်း တရားစီရင်ရေးက အဓိကကျသည်။ ထို့ကြောင့်အနာဂတ် မြန်မာနိုင်ငံတွင်လည်း တည်ငြိမ်ပြီး စီးပွားရေးမှာတိုးတက်သော လူ့အဖွဲ့ အစည်းတခုကို တည်ထောင် လိုပါက လွတ်လပ်၍ အားကောင်းသော တရားစီရင်ရေးစနစ် တခုကို ဖန်တီးထူထောင်နိုင်ဖို့ လိုပါလိမ့်မည်။ အားကောင်းသော တရားစီရင်ရေး ဆိုရာ၌ တရားရုံးများကို အစိုးရအဖွဲ့နှင့် ပါလီမန်လွှတ်တော်တို့၏ ပြုမူဆောင်ရွက်ချက်များ ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့် ကိုက်ညီမှု ရှိမရှိ၊ ပါလီမန်မှပြဋ္ဌာန်းလိုက်သော ဥပဒေများ ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် ဆန့်ကျင်မှုရှိမရှိစသည်တို့ကို သုံးသပ်နိုင်သောအာဏာနှင့် နိုင်ငံ ရေးပါတီများနှင့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများကို ကိုင်တွယ်ဖြေရှင်းနိုင်သော စီရင်ပိုင်ခွင့် အာဏာများ အပ်နှင်းထားရမည်ဖြစ်သည်။ ဤနည်းအားဖြင့်နိုင်ငံ ရေးဆိုင်ရာ အငြင်းပွားမှုများနှင့် အကျပ် အတည်းများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်၍ တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသော လူ့အဖွဲ့အစည်းတခုကို မုချတည်ဆောက်နိုင်မည်ဖြစ်သည်။

✡✡✡✡✡✡✡✡✡✡

## ပိုင်းခြားစိတ်ဖြာသုံးသပ်ရာ

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council
PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

### ငြိမ်းချမ်းစွာဆန္ဒပြသော သံဃာတော်များအား လူစုခွဲနိုင်ရန် ဥပဒေမဲ့စွာသေနတ် ပစ်ဖေါက်နှိမ်နင်းသည့်ကိစ္စအပေါ် လုံခြုံရေးတပ်ဖွဲ့ဝင်များအား အရေးယူပေးရန် နအဖစစ်အစိုးရအား တောင်းဆိုသည့်ထုတ်ပြန်ချက်။

(စက်တင်ဘာလ ၆ ရက် ၂၀၀၇ ခုနှစ်)

၁။ မြန်မာနိုင်ငံအတွင်း ကုန်ဈေးနှုန်းကြီးမြင့်သည့်အပေါ် လူထု၏ ဆင်းရဲငတ်မွတ်မှုတိုးများ လာသောကြောင့် မကြေနပ်သဖြင့် လွန်ခဲ့သော နှစ်ပတ်ကျော်ခန့်မှစ၍ ဆန္ဒပြပွဲများ တောက် လျှောက် ဖြစ်ပွားလျက်ရှိသည်။ နအဖ သည် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းနှင့် စွမ်းအားရှင်အဖွဲ့များမှ အရပ်သားလူဆိုးများကို ခေါ်ထုတ်သုံးပြီး အရပ်သား၊ အရပ်သားချင်း ပဋိပက္ခပုံစံမျိုးဖန်တည်းကာ ဆန္ဒပြပွဲများကို အကြမ်းဘက်နှိမ်နင်းလျှက်ရှိသည်။ သို့ဖြစ်၍ အရပ်သားလူထုများအနေဖြင့် လမ်းပေါ်ထွက်ရန်အခက်အခဲရှိလာကြသောအခါတွင် ရာနှင့်ချီသော သံဃာတော် များ ကိုယ်တိုင် လမ်းမများပေါ်သို့ထွက်လာကြပြီး ကုန်ဈေးနှုန်း ကျဆင်းရေးအတွက် ငြိမ်းချမ်းစွာ ဆန္ဒပြတောင်းဆို လာကြသည်။

၂။ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေဖြစ်သော ရဲအက်ဥပဒေပုဒ်မ ၃၁ အရ လူစုလူဝေးဖြင့် စီတန်း လှည့်လည်ကာ ငြိမ်းချမ်းစွာ ဆန္ဒပြခွင့်ရှိသည်။ ယင်း အခွင့်အရေးကို ပြည်သူလူထု အနေဖြင့် စနစ်တကျဖေါ်ဆောင်နိုင်ရေး အတွက် ရဲတပ်ဖွဲ့ ထံ လျှောက်ထားခွင့်ရှိကြောင်း၊ ယင်းသို့ သော စီတန်းလှည့်လည်မှုများကြောင့် အခြားပြည်သူများ၏ လမ်းသွားလမ်းလာ၊ ယဉ်သွားယဉ်လာ များမထိခိုက်စေရေးအတွက်ကူညီစီစဉ်ပေးရန် ဥပဒေအရ ရဲတပ်ဖွဲ့ ထံတွင် တာဝန် ရှိကြောင်း တို့ ကို အုပ်ချုပ်ရေး အာဏာပိုင်များက ပြည်သူလူထုသိရှိအောင် ထုတ်ပြန်ရန် လိုအပ်သည်။ ယင်းသို့လျှောက်ထားလာမှုများအပေါ် နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ခွင့်ပြုချက်လိုင်စင်များ လည်းထုတ်ပေး သွားရမည် ဖြစ်သည်။ လိုင်စင်တွင် ဆန္ဒပြစီတန်းလှည့်လည်ကြမည့် လူထုများက ငြိမ်းချမ်းမှုကို ချိုးဖေါက်သည့် အခြေအနေများ မဖြစ်ပွားရေးအတွက် လိုအပ်သော စည်း မျဉ်းစည်းကမ်းများကို ဖေါ်ပြရမည်ဖြစ်သည်။ စီတန်းလှည့်လည် သူများက ယင်းစည်းမျဉ်းစည်း ကမ်းများကို ချိုးဖေါက်ပြီး ငြိမ်းချမ်းမှုကို ပျက်ပြားအောင်လုပ်မှသာ ရဲတပ်ဖွဲ့ကအရေး ယူခွင့်ရှိသည်။ နအဖသည် အမှန်တကယ် ဥပဒေစိုးမိုးရေးကို လေးစားလိုက်နာကြောင်းပြလိုလျှင်

လက်ရှိဆန္ဒပြစီတန်းလှည့်လည်ကြသော လူထုများအပေါ် ဤဥပဒေအခြေခံဖြင့် ကိုင်တွယ်ဆောင်ရွက်ရန် တာဝန်ရှိသည်။

၃။ လက်တွေ့ တွင် နအဖ သည် အထက်ပါအတိုင်း လိုက်နာလုပ်ဆောင်ခြင်းမပြုသည့်အပြင် စက်တဘ်ာလ (၅)ရက် နေ့ တွင် ပခုက္ကူမြို့၌ ငြိမ်းချမ်းစွာဆန္ဒပြစီတန်းလှည့်လည်ကြသည့် သံဃာတော်အပါး ၅၀၀ ခန့်အား လူစုကွဲသွား စေရန်အတွက် သေနတ်ဖြင့် ပစ်ဖေါက်နှိမ်နင်းမှု ပြုခဲ့သည်။[၂] ဤသည်မှာ မြန်မာနိုင်ငံတွင်းရှိဗုဒ္ဓဘာသာသာဝင် လူထု အများစုကြီး ကြည်ညို ကိုးကွယ်ပြီး ငြိမ်းချမ်းမှုအတွက် လှုပ်ရှားဆောင်ရွက်ကြသည့် သံဃာတော်များအပေါ် စိတ်ကူးဖြင့်ပင် မကြံစည်အပ်သည့် လုပ်ရပ်ဖြစ်သည်။ တည်ဆဲဥပဒေများကို လုံးဝချိုးဖေါက်ခြင်း လည်းဖြစ်သည်။

၄။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေ ပုဒ်မ ၁၂၇ အရ "ရာဇဝတ်တရားသူကြီး သို့မဟုတ် ပြည်သူ့ရဲ တပ်ဖွဲ့စခန်းမှူး သို့မဟုတ် ဒုရဲအုပ်အောက်အဆင့်မနိမ့်သော ရဲအရာရှိက ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေး တစုံတရာကိုသို့မဟုတ် အများပြည်သူတို့၏ ငြိမ်းချမ်းမှုကို နှောက်ယှက်ဖျက်ဆီးရန်ရှိသော လူငါးဦးကို ဖြစ်စေ၊ ငါးဦးထက်ပို၍ ဖြစ်စေ စုဝေးသည့်အစုအဝေးတစုံတရာကို လူစုခွဲရန် အမိန့် ပေးနိုင်သည်။" ဟု ပြဌာန်းထားသည်။

၅။ လူငါးဦး သို့မဟုတ် ငါးဦးထက်ပိုသောလူများစုဝေးရုံမျှနှင့် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးမဟုတ်၊ အာဏာပိုင်များက ဖြိုခွဲပိုင်ခွင့်မရှိပါ။ အောက်ပါ ရည်ရွယ်ချက်များဖြင့် စုဝေးမှသာ ဥပဒေနှင့် ဆန့်ကျင်သောအစုအဝေး ဖြစ်မြောက်ကြောင်း ပြစ်မှုဆိုင်ရာ ဥပဒေ ပုဒ်မ ၁၄၁ တွင် ပြဌာန်းထားသည်။

(၁) ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက်ပြုခြင်း၊ ပြုဟန်ပြခြင်းဖြင့် ဥပဒေပြုအဖွဲ့၊ အစိုးရ (သို့) ပြည်သူ့ ဝန်ထမ်းကို ချောက်လှန့်ရန် ရည်ရွယ်ချက်။

(၂) ဥပဒေအရ၊ ဥပဒေ နှင့် အညီထုတ်ဆင့်သည့် အမိန့်ကို ခုခံရန် ရည်ရွယ်ချက်။

(၃) အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်ပြစ်ဒဏ်ထိုက်သင့်သော ကျော်နင်းမှု၊ အခြားပြစ်မှုများ ကို ကျူးလွန်ရန် ရည်ရွယ်ချက်။

(၄) ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက်ပြုခြင်း၊ ပြုဟန်ပြခြင်းဖြင့် ပစ္စည်းကို ရယူရန်၊ လူတဦးဦး ခံစားပိုင်ခွင့်ရှိသော အခွင့်အရေးကို သုံးစွဲရန် ရည်ရွယ်ချက်။

(၅) ရာဇဝတ်ပြစ်ဒဏ်ထိုက်သော အနိုင်အထက်ပြုခြင်း၊ ပြုဟန်ပြခြင်းဖြင့်လူတဦးဦးက ဥပဒေအရပြုရန် တာဝန်မရှိသောအလုပ်ကို အတင်းအကြပ်ပြုစေရန်၊ သို့မဟုတ် ဥပဒေအရပြုပိုင်သော အမှုကို ပြုခြင်းမှ အတင်းအကြပ်ပျက်ကွက်စေရန် ရည်ရွယ်ချက်။

၆။ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ကြသည့် ရဟန်းတော်များသည် မည်ကဲ့သို့သော ရာဇဝတ်ပြစ်ဒဏ်ထိုက်သည့် အနိုင်အထက်ပြုခြင်း၊ ပြုဟန်ပြခြင်းများမျှ မလုပ်ဆောင်ခဲ့ကြပါ။ ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးဟု သတ်မှတ် နိုင်စေရန် မည်သို့သော ပြစ်မှုဆိုင်ရာရည်ရွယ်ချက်နှင့်မည်သည့်ပြစ်မှုကိုမျှကျူးလွန်ခဲ့ခြင်းမရှိပါ။ သို့ပါလျက် ထို ရဟန်းတော်များအပေါ် ဥပဒေနှင့်ဆန့်ကျင်သော အစုအဝေးတခုသဘွယ် ဆက်ဆန်ပြုမူခဲ့ခြင်း၊ ဥပဒေနှင့် ဆန့်ကျင်သော အစုအဝေးတခု ဖြစ်စေဦးတော့ တဆင့်ပြီးတဆင့် အရေးယူဆောင်ရွက်ရမည်ဖြစ်ပါလျက် ယင်းသို့လုပ်ဆောင်ခြင်းမပြုဘဲ လွယ်လင့်တကူ သေနတ်ဖြင့် ပစ်ဖေါက်လူစုခွဲခြင်း တို့မှာ အာဏာပိုင်များအနေဖြင့် ဥပဒေကို လုံးဝပင် မျက်ကွယ်ပြုထားကြောင်း ပေါ်လွင်လျက်ရှိသည်။

၇။ သို့ဖြစ်၍ မြန်မာနိုင်ငံရှေ့နေများကောင်စီ အနေဖြင့် တရားမျှတမှုပေါ်ထွန်းရေးနှင့် ဥပဒေစိုးမိုးရေးအခြေခံမှနေ၍ နအဖ အာဏာပိုင်များ၏ အထက်ပါလုပ်ရပ်ကို ပြင်းထန်စွာကန့်ကွက်ရှုတ်ချပြီး အောက်ပါအတိုင်းတောင်းဆိုသည်။

(က) ငြိမ်းချမ်းစွာစီတန်းလှည့်လည်ကြသည့် ရဟန်းတော်များအပေါ်သေနတ်ဖြင့်ပစ်ဖေါက်လူစုခွဲရန် အမိန့်ပေးခဲ့သည့် တာဝန်ရှိလုံခြုံရေးအရာရှိ (သို့မဟုတ်) စစ်ဘက်ဆိုင်ရာအရာရှိအားအများပြည်သူရှေ့မှောက်တွင် ရုံးတင်တရားစွဲဆိုသည့်နည်းဖြင့် အရေးယူရန်။

(ခ) မိမိ၏ လုံခြုံရေးအရာရှိ သို့မဟုတ် ရဲအရာရှိက ကျူးလွန်ခဲ့သော အမှားအယွင်းအတွက် နစ်နာထိတ်လန့်သွားကြသည့် ငါးရာမျှသော သံဃာတော်များအားလုံးအားတောင်းပန်အပ်ပါကြောင်းဖြင့် နအဖ အစိုးရက အများပြည်သူ ရှေ့မှောက်တွင်ကြေငြာရန်။

(ဂ) နအဖသည် လူ့အခွင့်အရေးများကိုလေးစားကြောင်းနှင့် ဥပဒေစိုးမိုးရေးကို တကယ်တန်းလိုက်နာ ကြောင်းပြသသည့်အနေဖြင့် တည်ဆဲဖြစ်သော ရဲအက်ဥပဒေ ပုဒ်မ (၃၁)နှင့်အညီ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်လိုကြသည့် သံဃာတော်များ၊ လူထုများအား ခွင့်ပြုချက်လိုင်စင်များထုတ်ပေးပြီး စည်းကမ်းတကျ စီတန်းလှည့် လည်နိုင်ကြရေးအတွက် ထိထိရောက်ရောက်ကူညီမှုပြုရန်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ

## Endnote

[၁] "likely to cause of a breach of peace…" Section 31(2) of Police Act, Burma Code Volume I, P. 239

[၂] ၂၀၀၇ ခုနှစ် စက်တဘ်ာလ ၅ ရက် နေ့ ည နှင့် ၆ ရက်နေ့ နံက်ပိုင်းဘီဘီစီ မြန်မာပိုင်း အစီအစဉ်၏ အသံလွှင့်ချက်များ။

✡✡✡✡✡✡✡✡✡

မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand Tel : Fax (66) (055) : 542 910
E-mail : blcsan@ksc.th.com; Website : www. blc-burma.org

## နိုင်ငံတွင်း၌ ခရီးသွားလာသော နိုင်ငံသားများအား ဧည့်စာရင်းမတိုင်ဟု အကြောင်းပြကာ ပြစ်မှုဆိုင်ရာဖြင့်အရေးယူခြင်းသည် ဥပဒေနှင့်မညီညွတ်ကြောင်းထုတ်ပြန်ချက်

၁။ နအဖ စစ်အစိုးရသည် ၎င်း၏အုပ်ချုပ်မှုသက်ဆိုးရှည်စေရေးအတွက် ဥပဒေနှင့်ဆန့်ကျင်သော အမိန့်အမျိုးမျိုးထုတ်ကာ လူထုအပေါ် မတရားဖိနှိပ်လျှက်ရှိသည်။ လူတစ်ဦးခြင်းစီတိုင်း ရရှိခံစားသင့်သော အခြေခံလူ့အခွင့်အ ရေးများကို ချိုးဖောက်လျှက်ရှိသည်။ သာဓကတစ်ရပ်မှာ နိုင်ငံအတွင်း၌ နိုင်ငံသားများခရီးသွားလာသည့် ကိစ္စအပေါ် ကန့်သတ်ချုပ်ချယ်သည့်သဘောဖြင့် ဧည့်စာရင်းမတိုင်ကြားသူများအား ပြစ်မှုဆိုင်ရာဥပဒေကိုသုံး၍ ပုဒ်မ(၁၈၈) အရ ပြည်သူ့ဝန်ထမ်းကထုတ်ပြန်ထားသည့်အမိန့်ကို ဖီဆန်ကြောင်းဖြင့် အရေးယူမှုများလုပ်ဆောင်လာသည်ကို တွေ့ရသည်။

၂။ ပြစ်မှုဆိုင်ရာဥပဒေ ပုဒ်မ (၁၈၈) ၏သဘောအရ ပြည်သူ့ဝန်ထမ်းဆိုသူ အုပ်ချုပ်ရေး အာဏာပိုင်အနေဖြင့် မိမိစိတ် ဆန္ဒရှိသလိုထုတ်ချင်သည့်အမိန့်ကို ထုတ်ခွင့်မရှိပါ။ အငြိမ်းစား တရားရုံးချုပ်တရားသူကြီးဦးသက်ဖေပြုစုပြီး ၁၉၉၂ ခုနှစ်တွင်ထုတ်ခဲ့သည့် "ပြစ်မှုဆိုင်ရာဥပဒေ၏ သိကောင်းစရာများ" စာအုပ်တွင် "ပြည်သူ့ဝန်ထမ်းက ပြည်သူ့အကျိုးအတွက် ထုတ်ပြန်သည့် ကြေငြာချက်သာလျှင် ဤပုဒ်မနှင့်အကြုံးဝင်သည်။" ဟု ရှင်းလင်းဖွင့်ဆိုထားသည်။ နိုင်ငံသားများခရီးသွားလာရာတွင် ရောက်သည့်နေရာ၌ ဧည့်စာရင်းတိုင်ကြားရေးကိစ္စမှာ ပြည်သူ့ဝန်ထမ်းက ပြည်သူ့အကျိုးတွက်ထုတ်ပြန်သည့် ကြေငြာချက် ( သို့မဟုတ် ) အမိန့်ကို ဖီဆန်ခြင်းနှင့် စပ်ဆိုင်ခြင်းမရှိပါ။ ဧည့်စာရင်းမတိုင်ကြားသူများအား ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ (၁၈၈) နှင့် အရေးယူခြင်းမှာ ဥပဒေနှင့် လုံးဝပင်ဆန့်ကျင်လျှက်ရှိသည်။ " ပြည်သူ့ဝန်ထမ်းက ထုတ်ပြန်ကြေငြာထားသည့်အမိန့်ကို ဖီဆန်ရုံမျှဖြင့်ပြစ်မှုမမြောက်ပေ။ ထိုသို့ဖီဆန်ခြင်းကြောင့် ဥပဒေနှင့်အညီ ခိုင်းစေခြင်းခံရသူကို ဟန့်တားခြင်း၊ စိတ်ငြိုငြင်ခြင်း၊ နစ်နာစေခြင်းဖြစ်မှသာ (သို့မဟုတ် ) လူ့အသက်၊ ကျန်းမာရေး၊ လုံခြုံရေးကိုဘေးဖြစ်စေမှသာ ပြစ်မှုမြောက်မည်ဖြစ်သည်။ " ဟု "ဒေါ်စန်းနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော် ၁၉၆၈ မြန်မာပြည်စီရင်ထုံး" တွင် ထုံးဖွဲ့ထားသည်။ ပြည်တွင်း၌ သတ်မှတ်ပြဋ္ဌာန်း ထားသော တည်ဆဲဥပဒေများနှင့်အညီ လွတ်လပ်စွာခရီးသွားလာခြင်းမှာ နိုင်ငံသားတိုင်း၏ အခွင့်အရေးဖြစ်သည်။ ဤသည်မှာ လူတိုင်းရယူခံစားသင့်သော အခြေခံလူ့အခွင့်အရေးတစ်ရပ်လည်းဖြစ်သည်။

သို့ဖြစ်၍ ဤကဲ့သို့သော မတရားသည့်အမိန့်များထုတ်ကာ ဥပဒေနှင့်ဆန့်ကျင်ပြီး နိုင်ငံသား အပေါ်ဖိနှိပ်အုပ်ချုပ်နေမှုများအား အမြန်ဆုံးရပ်တန့်ရန် မြန်မာနိုင်ငံရှေ့နေများကောင်စီက နအဖကို တောင်းဆိုသည်။ မလိုက်နာပါက အောက်ပါအတိုင်းလုပ်ဆောင်ကြပါရန် ပြည်တွင်း လူထုနှင့် နိုင်ငံတကာသို့တင်ပြအပ်ပါသည်။

(က) ပြည်သူလူထုအနေဖြင့် မတရားသည့်အမိန့်၊ ညွှန်ကြားချက်များကိုဂရုမထားပဲ မိမိတို့၏လွတ်လပ်မှုကို အဆုံးရှုံးမခံဘဲ မြို့ပြဆိုင်ရာဥပဒေနှင့်အညီ ငြိမ်းချမ်းစွာခရီးသွားလာ မှုများကို ရဲရဲတင်းတင်းဆက်လက်လုပ် ဆောင်ကြပါရန်၊

(ခ) အာဏာပိုင်များက ဖိနှိပ်ဖမ်းဆီးမှုများလုပ်ဆောင်လာပါက ပြည်တွင်းရှိဥပဒေ ပညာရှင်ကြီးများ၊ ရှေ့နေကြီးများ၏ အကူအညီကိုရယူကာ တည်ဆဲဥပဒေများနှင့် တရားရုံး စနစ်များကိုအသုံးပြု၍ ဥပဒေကြောင်း အရတိုက်ပွဲဝင်ကြပါရန်၊

(ဂ) ပြည်သူလူထု၏ လူ့အခွင့်အရေးများရရှိရေးအတွက် လှုပ်ရှားစွမ်းဆောင် လျှက်ရှိ ကြသော ပြည်တွင်းရှိ နိုင်ငံရေးပါတီကြီးများ၊ အင်အားစုများသည်လည်း ဥပဒေနှင့်ဆန့်ကျင်ပြီး လူထု၏အခွင့်အရေးချိုးဖေါက်ခံနေရမှုများကို လက်ပိုက်ကြည့်မနေဘဲ ဥပဒေစိုးမိုးမှုရှိစေရေး အတွက် ဦးဆောင်လှုပ်ရှားပေးကြပါရန်၊

(ဃ) ပြည်သူလူထု၏ခရီးသွားလာမှုကို ဟန့်တားပိတ်ပင်ခြင်းသည် ကုန်ရောင်းကုန် ဝယ်လုပ်ငန်းများ အပါအဝင် စျေးကွက်စီးပွားရေးလည်ပတ်မှုကို ထိခိုက်စေသဖြင့် ကုန်သည်ကြီး များ၊ ကုမ္ပဏီများ၊ စီးပွားရေးလုပ်ငန်းရှင် ကြီးများသည်လည်း နအဖ၏ မတရားဖိနှိပ်မှုကို ဆန့်ကျင်ကြပါရန်၊

(င) ခရီးသွားလာမှုအခြေခံအခွင့်အရေးကိုပင် ကြီးမားစွာဟန့်တားပိတ်ပင်နေသော နအဖအား နိုင်ငံတကာအနေဖြင့် အရေးယူနိုင်ရေးနည်းလမ်းပေါင်းစုံ ရှာဖွေကူညီကြပါရန်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ
နေ့စွဲ – ဩဂုတ်လ၊ (၂၉) ရက်၊ ၂၀၀၇ ခုနှစ်

✡✡✡✡✡✡✡✡✡

# မြန်မာနိုင်ငံမှ နိုင်ငံရေးအကြမ်းဖက်မှုများ

**သတင်းနှင့်မှတ်တမ်းဌာန**

RFA တနင်္ဂနွေစကားဝိုင်းအစီအစဉ်မှာ ဖိတ်ခေါ်ထားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဝါရင့်သတင်းစာဆရာကြီးဖြစ်တဲ့ ကြေးမုံဦးသောင်းနှင့် ဆီွဒင်ရောက် မြန်မာနိုင်ငံရှေ့နေများ ကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ဖြစ်ပါတယ်။ နောက်ပုဂ္ဂိုလ်တစ်ဦးကတော့ ရန်ကုန်မြို့မှ ၈၈ ကျောင်းသားခေါင်းဆောင် ဦးကိုကိုကြီးဖြစ်ပါတယ်။

## ဦးဝင်းနိုင်ဦး

ပြီးခဲ့တဲ့ရက်ပိုင်းအတွင်းမှာပဲ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးအဖွဲ့က ပုဂ္ဂိုလ်တွေဟာ ရန်ကုန်ကနေပြီး ဧရာဝတီတိုင်း ဟင်္သာတကိုသွားတယ်၊ ရွာတစ်ရွာမှာ ရွာသားတစ်ချို့နဲ့ ဒီလူ့အခွင့်အရေးကိစ္စတွေ ဆွေးနွေးပြီးတော့ အပြန်မှာ ဝိုင်းအရိုက်ခံရတယ်။ ထွက်လာတဲ့သတင်းတွေအရ ဝိုင်းရိုက်တဲ့အထဲမှာ ကြံ့ခိုင်ဖွံ့ဖြိုးရေးအသင်းကပုဂ္ဂိုလ်တွေ ပါတယ်လို့ပြောတယ်။ အရိုက်ခံရတဲ့ပုဂ္ဂိုလ်တွေကလည်း တချို့လည်းဒဏ်ရာအကြီးအကျယ်ရလို့ ရန်ကုန်ဆေးရုံကြီးမှာ တင်ထားရတာတွေ ရှိတယ်။ ဒီလိုပဲဟိုတစ်ခါတုန်းက ဒေါ်အောင်ဆန်းစုကြည်နဲ့ ဦးတင်ဦးတို့ကို ဒေါ်အောင် ဆန်းစုကြည်ခြံထောင့်မှာ ရိုက်မှုဖြစ်တယ်။ ဖြစ်တုန်းကဆိုရင် ကားမှန်တွေကွဲပြီးတော့ စိုးရိမ်စရာ အနေအထားကို ရောက်သွားဖူးတယ်။ အထင်ရှားဆုံးအဖြစ်ကတော့ ၂၀၀၃ ခုနှစ်မှာ ဖြစ်သွားတဲ့ ဒီပဲယင်းကိစ္စပေါ့။ အခုတခါ ကျတော့ ၈၈ ကျောင်းသားတွေက နိုင်ငံရေးအကျဉ်းသားတွေရဲ့ ပြင်ပမှာရှိတဲ့ မိသားစုတွေကို သွားရောက်အားပေးတဲ့အနေနဲ့ အဖြူရောင်တနင်္ဂနွေလှုပ်ရှားမှုဆိုပြီးလုပ်တယ်။ လုပ်တော့လည်း ဘယ်ရပ်ကွက်ကဘယ်အိမ်ကို သွား တော့မယ်ဆိုတဲ့ ကြိုတင်သတင်းတွေရပြီးဆိုရင် အဲ့ဒီရပ်ကွက်ထိပ်ကစောင့်ပြီးတော့ ရန်စောင်တာမျိုး၊ ရန်စတာမျိုး စတာတွေလည်းရှိတယ်။ ဒီကိစ္စတွေက တော်တော်ကို အန္တရာယ်ကြီးတဲ့အနေအထား ရောက်နေပြီလို့ ပြည်တွင်းကရော နိုင်ငံတကာကပါ ယူဆကြတာပေါ့။ အဲ့ဒီတော့ တရားဥပဒေစိုးမိုးရေးလို့ပြောတဲ့ကာလမှာ ဒီအဖြစ်အပျက်တွေက ဖြစ်နေတာ၊ ကြိတ်ပြီးတော့ဖြစ်တာလည်း မဟုတ်ဘူး၊ အုတ်အော်သောင်းတင်းဖြစ်နေတဲ့ကိစ္စတွေ၊ ဒီလို ကာလမျိုးမှာ ဒီလိုမျိုးဖြစ်နေရသလား နောက်တစ်ခုက တရားဥပဒေစိုးမိုးရေးဆိုလို့ရှိရင် ဒီအဖြစ်တွေဖြစ်သွားပြီး တဲ့နောက်ပိုင်းမှာရော စုံးစမ်းစစ်ဆေးမှုတွေ လုပ်ဖို့မလိုအပ်ဘူးလား၊ ဒါဟာလည်းနိုင်ငံတကာကနေပြီးတော့လည်း လူ့အခွင့်အရေးအဖွဲ့တွေက တောင်းဆိုနေကြတာတွေလည်းရှိတယ်။ ပထမဦးဆုံးအနေနဲ့ ဒီလိုဖြစ်ရပ်တွေဟာ တိုင်းပြည်အတွက်၊ တရားဥပဒေအတွက် ဘယ်လောက်အထိ အန္တရာယ်ကြီးတဲ့ကိစ္စလဲဆိုတာကို ကျနော်တို့ ဆွေးနွေးဖို့ပါပဲ။ ဦးအောင်ထူး စပြီးဆွေးနွေးပါလားခင်ဗျ။

## ဦးအောင်ထူး

နိုင်ငံရေးအကြမ်းဖက်မှုတွေအပါအဝင် ဘယ်လိုမှုခင်းမျိုးတွေပဲ တိုင်းပြည်မှာဖြစ်ပွားသည်ဖြစ်စေ၊ သင့်တင့် လျောက်ပတ်တဲ့ စုံစမ်းစစ်ဆေးပြီးတော့ အရေးယူဆောင်ရွက်မှုရှိဖို့က

အခြေခံအားဖြင့် လိုအပ်တဲ့အချက်ဖြစ်ပါတယ်။ ခုနက ဦးဝင်းနိုင်ဦးဆွေးနွေးသွားတဲ့ Background အရကြည့်မယ်ဆိုရင် ဘာတွေသွားတွေ့နေလဲဆိုတော့ ပြစ်မှုကျူးလွန်ခံရ တဲ့ပုဂ္ဂိုလ်တွေအနေနဲ့ နစ်နာနိုင်တဲ့အခြေအနေတွေ ဆက်ရှိနေတာသွားတွေ့ရတယ်။ နိုင်ငံရေးအကြမ်းဖက်မှုရှိသည်ဖြစ်စေ၊ အာဏာပိုင်တွေက အကြမ်းဖက်မှုတွေ ကျူးလွန် သည်ဖြစ်စေ၊ ဘယ်ပုဂ္ဂိုလ်ပဲအကြမ်းဖက်မှုကျူး လွန်သည်ဖြစ်စေ၊ အကြမ်းဖက်မှုတွေကျူးလွန်တဲ့အခါတိုင်းမှာ ကျနော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေမှာ ဒီကျူးလွန်ခံ ရတဲ့ပုဂ္ဂိုလ်တွေဖက်က နစ်နာတဲ့အခြေအနေတွေဆက်ဖြစ်နေတယ်။ ဘာတွေဖြစ်နေလဲဆိုတော့ ဒီမှုခင်းဖြစ်ပွားပြီးတဲ့ အခါမှာ ကျူးလွန်ခံရသူတွေအနေနဲ့ အမြန်ဆုံးတိုင်တန်းနိုင်ခွင့်မရှိဘူး။ တိုင်တန်းချက်တွေကို စနစ်တကျ အပြည့်အစုံရေးမှတ်ထားခြင်းမရှိဘူး၊ မှားပြီးရေးထားတာတွေရှိတယ်။ ပြစ်မှုကျူးလွန်ထားတဲ့သူက အားနည်းတဲ့လူဖြစ်နေပေမယ့်လို့ လူမှုရေးအရကူညီဆောင်ရွက်ပေးမယ့် အဖွဲ့အစည်း၊ ရဲစခန်းကိုလိုက်ပြီးတော့ အကူအညီအမှုဖွင့်ပေးမယ့်အဖွဲ့ အစည်းမျိုးမရှိဘူး။ နောက်တခါ တိုင်ချက်ဖွင့်ပြီးတော့ အမှုကိုလက်ခံထားပေမယ့်လို့ ရဲစုံစမ်းစစ်ဆေးရေးအရာရှိတွေက ဘယ်လိုဆက်လက်အရေးယူဆောင်ရွက်နေတယ်ဆိုတာ ထုတ်ဖော်ပြောဆိုဖို့ ငြင်းဆန်တာတွေ ဖြစ်နေတယ်။ တချိန်ထဲမှာ ကျူးလွန်ခံရသူတွေအတွက် စုံစမ်းစစ်ဆေးပေးခြင်း မရှိဘဲနဲ့ ဥပေက္ခာပြုထားတာတွေရှိနေတယ်။ အဲ့လိုရှိတဲ့အခါမျိုးတွေမှာ၊ တာဝန်ရှိတဲ့ရဲအရာရှိတွေရဲ့နှောင့်နှေးကြန့်ကြာမှု၊ ဒါမှမဟုတ် အမှုကိုထိရောက်စွာအရေးယူ ဆောင်ရွက်မှုမရှိတဲ့ အပေါ်မှာ တဆင့်တက်တိုင်ကြားနိုင်တဲ့ ရဲမဟုတ်တဲ့ တခြားအဆင့်မြင့်အာဏာပိုင်တွေလဲမရှိဘူး ဆိုတာတွေ့ရတယ်။ အခုကျတော့ ဒီပြစ်မှုကျူးလွန်တဲ့သူတွေက စစ်အာဏာပိုင်ကိုယ်တိုင် ဒါမှမဟုတ်သူ့ရဲ့လက်ပါးစေ အဖြစ် မွေးမြူထားတဲ့ ပုဂ္ဂိုလ်တွေအဖွဲ့အစည်းတွေဖြစ်နေပြီဆိုရင် တရားရုံးတွေကနေ နှစ်ဖက်မျှတစွာ တရားစီရင်ခြင်း မပြုတာတွေကို တွေ့ရတယ်။

ဒါကြောင့် ဒီပြစ်မှုကျူးလွန်မှုတွေ ဖြစ်လာတဲ့အခါတိုင်းမှာ တရားမျှတမှုရရှိအောင် ဆောင်ရွက်တဲ့စနစ်၊ အင်္ဂလိပ်ဘာသာနဲ့ ပြောရရင် Criminal Justice System လို့ခေါ်ပါတယ်။ ဒီတစ်ခုလုံးကိုပြင်ဖို့လိုပါတယ်။ တိုးတက်အောင်လုပ်ဖို့လိုအပ်လာတယ်။ ဒါနဲ့ပတ်သက်ပြီး အကြံပြုချင်တဲ့အချက်ကတော့ တိုင်တန်းချက်တွေရှိလာတဲ့အခါမှာ ထိရောက်စွာ အရေးယူဆောင်ရွက်ရေးအပိုင်းမှာ လက်ရှိဥပဒေပြဋ္ဌာန်းချက်တွေနဲ့ မလုံလောက်တော့ဘူး။ လူမှုရေးအရရော ဥပဒေအရပါ ကူညီဆောင်ရွက်ပေးမယ့် လွတ်လပ်တဲ့လူထုအသင်းအဖွဲ့တွေ ပေါ်ပေါက်လှုပ်ရှားဖို့ လိုပါတယ်။ အထူးသဖြင့် ဥပဒေပညာပိုင်းဆိုင်ရာအရ ထိရောက်စွာ အကူအညီပေးမယ့် ဥပဒေအဖွဲ့အစည်းတွေ ပြည်တွင်းမှာ အားကောင်းကောင်းပေါ်လာဖို့ လိုပါတယ်။ နောက်တစ်ချက်ကတော့ အုပ်ချုပ်ရေးအာဏာပိုင်တွေနဲ့ လူထုကြားဖြစ်ပွားတဲ့ မှုခင်းတွေမှာ ဘက်လိုက်မှုမရှိဘဲ တရားနဲ့အညီဆောင်ရွက်နိုင်ဖို့ လွတ်လပ်တဲ့တရားစီရင်ရေး စနစ်ပေါ်ပေါက်လာအောင် အခုကတည်းက ဝိုင်းဝန်းကြိုးပမ်းသွားကြဖို့ဖြစ်ပါတယ်။ နောက်ဆုံးအချက်တစ်ချက်ကတော့ ဒီပြစ်မှုကျူးလွန်ခံရတဲ့ အခါတိုင်းမှာ အမှန်တရားကိုဖော်ထုတ်၊ ကျူးလွန်သူကို အရေးယူပြီးတော့ ထိုက်သင့်တဲ့ ပြစ်ဒဏ်စီရင်နိုင်တဲ့ အခြေအနေအရပ်ရပ်ကို အစကနေအဆုံးစောင့်ကြည့်၊ လူထုတစ်ရပ်လုံးနဲ့နိုင်ငံတကာကသိ အောင်လုပ်ဆောင်ပေးမယ့် သတင်းဌာနတွေ၊ သတင်းဆိုင်ရာလူထုလှုပ်ရှားမှုတွေ အားကောင်းကောင်းပေါ်လာဖို့ လိုပါတယ်။ ဒီလိုအခြေအနေတွေ ရှိလာတဲ့အခါမျိုးမှသာလျှင် ဒီပြစ်မှုကျူးလွန်မှုတွေအပေါ်မှာ တရားမျှတမှုရှိအောင်

ဆောင်ရွက်တဲ့စနစ် တိုးတက်လာပြီးတော့ ဥပဒေစိုးမိုးရေးအခြေခံကို ကြီးကြီးမားမားအထောက်အပံ့ ဖြစ်စေလာမယ်လို့ ကျနော်တင်ပြလိုပါတယ်။

**ဦးဝင်းနိုင်ဦး**

အခုနကပြောတဲ့ ဒီဥပဒေရှုထောင့်အရ လိုအပ်ချက်တွေပေါ့လေ အစိုးရပိုင်းအနေနဲ့ ဆောင်ရွက်သွားရမယ့် တရားဥပဒေပိုင်းအရ လိုအပ်ချက်တွေကို ဦးအောင်ထူးက ထောက်ပြတယ်။ ထောက်ပြတော့ ဒီအချက်တွေကိုမလုပ်ဘူး၊ မလုပ်တဲ့ကာလမှာလည်း ဒီဖြစ်ရပ်တွေဖြစ်လာပြီး ဒီဖြစ်ရပ်တွေကိုလည်းမရှင်းဘူးဆိုလို့ရှိရင် ဒါတွေနဲ့ပတ်သက်လို့ အစိုးရမှာ တိုက်ရိုက်မဟုတ်ရင်တောင် သွယ်ဝိုက်ပြီးတော့ တာဝန်ရှိသွားတဲ့သဘော သက်ရောက်မသက်ရောက် ပေါ့လေ။

**ဦးအောင်ထူး**

ကျနော်တို့တိုင်းပြည်ထဲမှာ ဖြစ်တဲ့ဖြစ်ရပ်တွေအားလုံးကို အစိုးရမှာတော့ တာဝန်ရှိတာပေါ့ဗျာ။ တာဝန်ရှိ တဲ့ အခြေခံကနေ တနည်းအားဖြင့် အင်္ဂလိပ်ဘာသာနဲ့ ပြောရရင် State's responsibility လို့ခေါ်ပါတယ်။ တိုင်းပြည်ထဲမှာရှိတဲ့ နိုင်ငံသားတွေ ဥပဒေချိုးဖောက်ခံရတဲ့ ကိစ္စရပ်တိုင်းမှာ အစိုးရမှာတာဝန်ရှိတယ်။

**ဦးဝင်းနိုင်ဦး**

ဟုတ်ကဲ့။ ဒီကိစ္စတွေနဲ့ပတ်သက်လို့ပေါ့လေ၊ အာဏာပိုင်တွေက တိုက်ရိုက်ဝင်ရောက်စွက်ဖက်မစွက်ဖက်ဆိုတာတော့ မသိရဘူး။ တစ်ပြိုင်ထဲမှာပဲ နောက်ဆုံးဖြစ်နိုင်တဲ့ ပုံစံတစ်ခုက သွယ်ဝိုက်ပြီးတော့ လမ်းညွှန်ချက်ပေးတာ တွေဘာတွေလဲရှိတယ်ဆိုတဲ့ သတင်းလည်းထွက်တယ်။ တစ်ခါတစ်ခါကျလို့ရှိရင် အဲ့လိုမျိုးသွယ်ဝိုက်ပြီးတော့တောင် မရှိဘဲနဲ့ လူကြီးတွေကဒါမျိုးဆိုရင် ကြိုက်မှာပဲ ဆိုတဲ့သဘောနဲ့ အောက်ခြေက သူ့နည်းသူ့ဟန်နဲ့ အထက် လူကြီးတွေရဲ့သဘောထားကို အမိပ္ပါယ်ကောက်ယူပြီးတော့ လူကြီးတွေကြိုက်အောင်ဆိုပြီး ကိုယ့်နည်းကိုယ့်ဟန်နဲ့ ဒီလိုလုပ်ရပ်တွေ အကောင်အထည်ဖော်တာတွေလည်းရှိနိုင်တယ်၊ အဲ့ဒီလိုမျိုးလုပ်ပြီးဆိုရင် အန္တရာယ်ပိုကြီးနိုင်တာ တွေရှိတယ်။ ဒီလိုအကြမ်းဖက်မှုတွေဖြစ်လာတဲ့ကိစ္စနဲ့ပတ်သက်လို့ ကိုကိုကြီးခင်ဗျာ၊ နိုင်ငံရေးရှုထောင့်ကနေပြီးတော့ ဘယ်လိုများသုံးသပ်သလဲ။

**ဦးကိုကိုကြီး**

ပြောချင်တာက အကြမ်းဖက်မှုဆိုတာက အာဏာပိုင်ပဲကျူးလွန်ကျူးလွန်၊ သာမာန်ပြည်သူပဲကျူးလွန်ကျူး လွန် ဒါဟာ ရာဇဝတ်မှုပဲ ကျနော်တို့အမြင်က အဲ့ဒီတော့ ရာဇဝတ်မှုကျူးလွန်ပြီဆိုရင် တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဒါဖော်ထုတ်ရမယ်၊ အရေးယူရမယ်။ လူတစ်ယောက်ရန်ဖြစ်လို့ ဒုတ်ပါလာတယ်၊ ဓါးပါလာတယ်၊ ခုတ်ဟယ်၊ ထစ်ဟယ်ဖြစ်ပြီဆိုရင် သူဟာဆေးရုံရောက်သွားပြီဆိုတာနဲ့ ဆေးရုံကနေပြီးတော့ ဒါဟာသာမန်ဖျားနာ လို့ ရောက်လာတာမဟုတ်ဘူး။ ဒါမှုခင်းတစ်ခုခု ရာဇဝတ်မှုမကင်းတဲ့ ဒဏ်ရာ၊ ဒဏ်ချက်တွေနဲ့ရောက်လာပြီဆိုရင် ဆရာဝန်ကမှန်မှန်ကန်ကန် စစ်ချက်ယူရမယ်။ ရဲကလည်းဒီဟာနဲ့ပတ်သက်လို့ စစ်ချက်ယူရမယ်၊ တိုင်ချက်ဖွင့်ရမယ်စသဖြင့် အလုပ်တွေလုပ်ရမယ်။ အဲ့သလိုမဟုတ်ဘဲနဲ့ ဘာမှဖော်ထုတ်

ခြင်းမရှိဘူး၊ အရေးယူခြင်းမရှိဘူး၊ ဒီထက်ဆိုး တာက အထူးသဖြင့်ဆိုရင် ကျနော်တို့ဒီနိုင်ငံရေးနဲ့ပတ်သက်တဲ့လူတွေ တက်ကြွလှုပ်ရှားတဲ့ လူတွေနဲ့ပါတ်သက်တဲ့ ရိုက်ခံ၊ နှက်ခံရတာမျိုး ပြဿနာဖြစ်ပြီးဆိုရင် ဆရာဝန်ကလည်း မှန်မှန်ကန်ကန်စစ်ချက်မပေးရဲဘူး၊ မဖော်ထုတ်ရဲဘူး၊ ရဲကလည်း မှန်မှန်ကန်ကန်မလုပ်ရဲဘူး၊ ဆိုလိုတာက ကျနော်တို့နိုင်ငံမှာ ဆရာဝန်ကလည်းသူ့ရဲ့ကျင့်ဝတ်နဲ့ အညီ သူဟာ ဆေးဘက်ဆိုင်ရာ ကျမ်းသစ္စာဆိုထားတာရှိတယ်။ မှန်မှန်ကန်ကန်ဖော်ထုတ်ရမယ်။ ထွက်ဆိုရမယ်။ ရဲကလည်း ရဲလုပ်ငန်းကို လွတ်လွတ်လပ်လပ် မှန်မှန်ကန်ကန်လုပ်နိုင်ရမယ်။ တရားရုံးရောက်လာပြီးဆိုရင်လည်း တရားရုံးက လွတ်လပ်တဲ့တရားစီရင်ရေး။ တရားဥပဒေစိုးမိုးရေးကို ဖော်ထုတ်နိုင်ရမယ်။ အဲ့ဒါမှမဟုတ်ရင် တစ်ခုခုဖြစ် သွားပြီဆိုရင် ဒါသတင်းလွတ်လပ်ခွင့်ရှိတဲ့ နိုင်ငံတွေမှာဆိုရင် အာဏာပိုင်ကပဲဖြစ်ဖြစ်၊ ဒုစရိုက်ဂိုဏ်းတွေကပဲဖြစ်ဖြစ် ဒီလိုမျိုးအကြမ်းဖက်မှုတွေလုပ်လာပြီဆိုရင် အနည်းဆုံးသတင်းဌာနတွေကနေ၊ သတင်းစာတွေကနေ ဖော်ထုတ်မယ်။ လိုက်မယ်။ ဖြစ်ရပ်မှန်တွေကို ရေးသားမယ်။ တင်မယ်။ ဟိုတုန်းက ဒီလိုကိစ္စမျိုးတွေကို လက်လွတ်စပယ်မလုပ်နိုင်အောင်၊ မလုပ်ရဲအောင် ထိန်းချုပ်ထားတဲ့စနစ်တွေရှိတယ်။ ကျနော်တို့နိုင်ငံမှာ ဖြစ်နေတာက ဒီလိုမျိုးအများကြီးကြုံ ခဲ့ပြီးပါပြီ။ ဥပမာအားဖြင့် တစ်ယောက်ခြင်းဖြစ်တဲ့ ကိစ္စတွေဆို ကိုအောင်လှိုင်ဝင်းလိုကိစ္စမျိုး၊ စစ်ကြောရေးခဏဆိုပြီး ခေါ်သွားတယ်။ ပြီးတော့သေသွားတယ်။ ပထမဦးဆုံး ဆရာဝန်ရဲ့စစ်ချက်မှာ မှန်မှန်ကန်ကန်ထွက်ပါလျက်နဲ့ နောက်ပိုင်းတွေ လဲကျရော ဘာညာဆိုပြီးတော့ ထွက်ချက်တွေက ပြောင်းသွားတယ်။

အဲ့ဒီတော့ ကျနော်တို့နိုင်ငံမှာ ဖြစ်နေတဲ့ကိစ္စက ဒီလိုအကြမ်းဖက်မှုမျိုးတွေရှိလာပြီဆိုရင် ဘယ်သူကပဲကျူး လွန်ကျူးလွန်၊ မှန်မှန်ကန်ကန်ဖော်ထုတ်ဖို့၊ အရေးယူဖို့ အဲ့သလိုမှ မလုပ်ဘူးဆိုရင် ဒါတွေကို ခွင့်ပြုထားတာ၊ လုပ်ခွင့် ပေးထားတာဆိုတဲ့ သဘောမျိုးကိုသက်ရောက်နေတယ်။ အဲ့ဒီတော့အဓိကတာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေအနက်က ကိုယ့်အစိုးရရဲ့ ဂုဏ်သိက္ခာ၊ ကိုယ့်ရဲ့အာဏာပိုင်အဖွဲ့အစည်းအဆင့်ဆင့်ရဲ့ဂုဏ်သိက္ခာ၊ နိုင်ငံသူ၊ နိုင်ငံသားတွေရဲ့ယုံကြည်ကိုးစားမှုကို ရရှိဖို့ဆိုရင် ဘယ်သူကပဲကျူးလွန်ကျူးလွန် မှန်မှန်ကန်ကန်ဖော်ထုတ်ဖို့ အရေးယူဖို့ လိုတယ်လို့ အလေး အနက်ပြောချင်တယ်။

**ဦးဝင်းနိုင်ဦး**

ဟုတ်ကဲ့၊ ဦးအောင်ထူးအနေနဲ့ အခု ကိုကိုကြီးပြောသွားတဲ့ အနေအထားတွေအပေါ်မှာရော ဘယ်လိုယူဆသလဲ။

**ဦးအောင်ထူး**

ဒီသဘောအခြေခံပါပဲ။ အဲ့ဒါဘယ်ကလဲဆိုတော့ ခုနက ကိုဝင်းနိုင်ဦးမေးသွားတဲ့ မေးခွန်းနဲ့ ဆက်စပ်ပါတယ်။ ဒီတော့ ကမ္ဘာလုံးမှာရှိတဲ့ တိုင်းပြည်တိုင်းမှာ တိုင်းပြည်တိုင်းက အစိုးရတွေရဲ့ အရေးအကြီးဆုံးတာဝန်ပေါ့ဗျာ၊ ပင်မ အကျဆုံးတာဝန် အဓိကအကျဆုံးတာဝန်က ဘာလဲလို့ပြောရမယ်ဆိုရင်တော့ တိုင်းပြည်တိုင်းမှာရှိတဲ့ နိုင်ငံသားတွေ ရဲ့ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်ဖို့ ဖြစ်တယ်။ အဲ့ဒီတော့ အစိုးရရယ်လို့ဖြစ်လာပြီးဆိုရင် အစိုးရနေရာမှာ နေပြီး ဆိုရင် နိုင်ငံသားရဲ့လုံခြုံမှုကို အကာကွယ်ပေးဖို့ သူ့ရဲ့အခြေခံအကျဆုံး တာဝန်ကိုဖြစ်တယ်။ အဲ့ဒီ တာဝန်ကိုမှ ထမ်းဆောင်နိုင်တော့ဘူးဆိုရင် အစိုးရနေရာမှာနေလို့ကိုမရတော့ဘူး။ အစိုးရမဟုတ်တော့ဘူး။ အဲ့ဒီတော့ အစိုးရတ ရပ်ရှိရဲ့သားနဲ့ တိုင်းပြည်မှာဒီအကြမ်းဖက်မှု

တွေက ဖြစ်ချင်တိုင်းဖြစ်ပွါးနေမယ်ဆိုရင် ဒါကတည်ငြိမ်တဲ့အဖွဲ့အစည်း မဟုတ်တော့ဘူး။ တနည်းအားဖြင့် တိုင်းပြည်ကနေပြီးတော့ အကြမ်းဖက်မှုတွေကို ကျူးလွန်ခွင့်ပေးထားတဲ့သဘော၊ State Terrorism ဖြစ်သွားတယ်။ ဒါကိုကျွန်တော် ပထမ တစ်ချက်ပြောချင်တယ်။ ဒုတိယ တစ်ချက်က ကောင်းပြီ ဒါဖြင့်ရင် အစိုးရသူ့တာဝန်သူမကျေလို့ နိုင်ငံသားတွေရဲ့လုံခြုံမှုကို တာဝန်ယူမပေး နိုင်တော့ဘူးဆိုရင် ကျွန်တော်တို့နိုင်ငံသားတွေဒီလိုပဲ ထိုင်ကြည့်တော့မလား။ အစိုးရက သူ့တာဝန်ကို သူမယူတော့ ဘူးဆိုတဲ့အခါမျိုးတွေမှာကျွန်တော်တို့က ကိုယ့်တာဝန် ကိုယ် ယူကြရမှာဖြစ်တယ်။ ဒီဥပဒေစိုးမိုးရေး အခြေခံကနေပြီးတော့ နိုင်ငံသားရဲ့ လုံခြုံမှုကိုတိုး တက်လာအောင်လုပ်ဖို့အတွက် ဒီဘက်ပေါင်းစုံဝိုင်းဝန်းဆောင်ရွက်ကြရမယ့် အချိန်ကိုလက်တွေ့ ရောက်နေပြီ။ အားလုံးဝိုင်းဝန်းကြိုးစားကြဖို့ဖြစ်တယ်လို့ကျွန်တော် တင်ပြလိုပါတယ်။

## ဦးဝင်းနိုင်ဦး

ဟုတ်ကဲ့ ဆရာဦးသောင်းခင်ဗျ၊ ဆရာဆိုလို့ရှိရင် လွတ်လပ်ရေးအကြိုခေတ်ကိုလည်း ဖြတ်သန်းဘူးတယ်။ လွတ်လပ်ရေးခေတ်ကိုလည်းဖြတ်သန်းဘူးတယ်၊ အဲ့ဒီကာလတွေမှာတုန်း ကရော ဒီလိုအစိုးရနဲ့မကင်းတဲ့ပေ့ါလေ တိုက်ရိုက်မဟုတ်ရင်တောင်မှ ဟိုသွယ်ဝိုက်ပြီးတော့ အစိုးရနဲ့ ဆက်စပ်ပြီးတော့ ဒီအတိုက်အခံဆန့်ကျင်ဘက်တွေကို အကြမ်းဖက်မှုတွေရှိခဲ့ဖူးတယ်လို့ ကျွန်တော်တို့ကြားဖူးတာပေ့ါလေ။ အဲ့ဒီဖြစ်ရပ်တွေပေါ်လာတဲ့အခါ ဘယ်လိုစီစဉ် ဆောင်ရွက် ခဲ့ကြသလဲပေ့ါနော်။ ဒီကိစ္စတွေဘယ်လိုကိုင်တွယ်ဖြေရှင်းခဲ့ကြသလဲဆိုတာ ဆရာဆွေးနွေးပါလား ခင်ဗျ။

## ဦးသောင်း

ဟုတ်ကဲ့ အကြမ်းဖက်မှုဆိုတာ ကမ္ဘာ့ရာဇဝင်မှာ ဟစ်တလာရဲ့ ရုပ်ညိုအဖွဲ့ကစပါ တယ်။ ဗမာပြည်မှာတော့ ဂဠုန်ဦးစောကစပါတယ်။ ဘယ်လိုပဲစစ ဒီအကြမ်းဖက်မှုတွေသာရှိရင် အဆုံးကျတော့ အဲ့ဒီအဖွဲ့အကြမ်းဖက်မှုကို အကြောင်းပြု၍ သုံးစွဲသောအင်အားစုပါ ပျက်စီး ရတာများပါတယ်။ အကြမ်းဖက်မှုကို ပြုလုပ်တယ်ဆိုတာက အစိုးရအာဏာ တစ်စိတ်တဖဲ့ရနေတဲ့ လူတွေကသာ အဲ့ဒီအဖွဲ့အစည်းနဲ့အကြမ်းဖက်မှုကို ကျူးလွန်နိုင်ပါတယ်။ ဂဠုန်ဦးစော သစ်တော ရေးဝန်ကြီး ဖြစ်တဲ့အချိန်တုန်းက သခင်တွေကိုဝါးရင်းတုတ်နဲ့ရိုက်ကွာ၊ သခင်တွေကို သတ်ဖြတ် ရမယ် ဆိုပြီးတော့ ကြွေးကြော်ခဲ့ပါတယ်။ ဦးစောဟာ အဲ့ဒီလိုအကြမ်းဖက်မှုနဲ့လုပ်တဲ့အခါကျတော့ လူထုက လူထုနည်းနဲ့ ပြန်ပြီးတော့ တိုက်ကြပါတယ်။ တိုက်တော့အခါ အဲ့ဒီဦးစောလိမ်တာ သူတို့အကြံ၊ ငါတို့မခံဘူး၊ ဘာထင်လို့လဲ၊ ရာထူးငတ်တဲ့ မောင်ဂဠုန်၊ အကြံကုန်လို့ ဂဠုန်ဆား ချက်စသည့်ဖြင့် သံချက်တွေထိုး၊ နိုင်ငံရေးသြဇာနဲ့ ပြန်လုပ်တဲ့အခါကျတော့ ဂဠုန်ဦးစောဟာဖြင့် ဝန်ကြီးရာထူးကတောင်မှ ခေတ္တခဏကျသွားပါတယ်။ ကျသွားတဲ့အခါ ကျတော့မှ ဦးစောရိုင်ဖိုမိပြီး တော့မှ နောက်ပိုင်းမှာလူထုအစည်းအဝေးလုပ်တဲ့အခါ၊ ဆန္ဒပြပွဲလုပ်တဲ့အခါမှာ စာရေးဆရာကြီး မဟာဆွေ တို့လိုပုဂ္ဂိုလ်တွေကို ကျနော်နဲ့ လိုက်ခဲ့ပါလို့ ပြောရတဲ့ဘဝရောက်ပါတယ်။ တကယ့်တကယ် ကိုယ့်လိုလားချက်ကို ကိုယ်လိုလို့ရှိရင် အကြမ်းနည်းသည်မအောင်၊ အနုနည်းသာလျှင်အောင် တယ်ဆိုတဲ့ဟာကို ဂဠုန်ဦးစောလက်ခံသွားပါတယ်ခင်ဗျား၊

**ဦးဝင်းနိုင်ဦး**

အဲဒီတုန်းက လွှတ်လပ်ရေးခေတ်တုန်းကကော ဒီဖဆပလခေတ်ပေါ့ အဲ့ခေတ်က အနေအထားတွေနဲ့ပေါ့လေ၊ နိုင်ငံရေးအရ အကြမ်းဖက်တဲ့ကိစ္စမျိုးတွေ၊ အဲ့ဒီတုန်းကအနေအထားနဲ့ အခုဒီနောက်ပိုင်း အနေအထားနဲ့ နှိုင်းယှဉ်မယ်ဆိုလို့ရှိရင်ကော ဘယ်လိုကွာခြားချက်တွေရှိလဲ။

**ဦးသောင်း**

ကွာခြားပါတယ်။ ဟိုဖဆပလခေတ်ကျတော့အခါ အကြမ်းဖက်တာလည်း ထုံးစံအတိုင်းပဲ၊ စစ်သားလို့ခေါ်ပါတယ်။ ဘယ်လိုမျိုးအကြမ်းများ ဖက်သလဲဆိုရင် ကြားရွေးကောက်ပွဲတစ်ခုမှာ စစ်တပ်ကထောက်ခံတဲ့အမတ်လောင်း တစ်ယောက်အတွက်နဲ့ ရွာတစ်ရွာကို စစ်တပ်ကဝိုင်းလိုက်ပါတယ်။ ဝိုင်းပြီးတော့ ခင်ဗျားတို့ရွေးကောက်ပွဲ ဘယ်လိုလုပ်ထားလဲ၊ အကာအရံနဲ့ မဲပုံးနှစ်ပုံးချထားပါတယ်။ အဖြူနှင့်အနီပါ။ အဲ့ဒါကျနော်တို့လုပ်နေပါတယ်လို့ ပြောတဲ့အခါကျတော့ မလိုချင်ဘူး၊ စစ်တပ်က ဒီဘေးကအကာအရံမရှိရဘူး၊ ရွာသားတွေမဲပေးကြပါ၊ အဖြူကိုကြိုက်သလား၊ အနီကိုကြိုက်သလား၊ ကျုပ်တို့ရှေ့တင် မဲပေးပါလို့ ခြောက်ချက်ဆိုပြီးတော့ သေနတ်နဲ့ချိန်ပြီးတော့တောင်မှ ပြောပါတယ်။ အဲ့ဒီတော့အခါ လူထုသတ္တိက ဘယ်လောက်ကောင်းသလဲဆိုရင် စစ်ဗိုလ်တွေက သူတို့ ကြိုက်တဲ့သူကိုမဲပေးစေချင်တာကို ဆန့်ကျင်ပြီးတော့ သေနပ်နဲ့ချိန်ထားတောင်မှ မဲမပေးနဲ့ အတိုက်အခံဖက်ကို မဲပေး လို့အောင်နိုင်ခဲ့တော့မှ စစ်တပ်ကနောက်ဆုတ်သွားပါတယ်။ အဲ့ဒါက အကြမ်းဖက်မှုလုပ်တဲ့သူတွေ မှန်သမျှဟာ သူတို့အာဏာနဲ့လုပ်ခဲ့တယ်။ လုပ်ပေမယ့်လို့ အဲ့ဒီ အာဏာဟာ မတည်မြဲပါဘူး။

**ဦးဝင်းနိုင်ဦး**

လွှတ်လပ်ရေး အကြိုခေတ်ရော၊ လွှတ်လပ်ရေးခေတ်မှာရော၊ သတင်းလွှတ်လပ်ခွင့်ကရှိတာကိုး။ တစ်ခုခုဖြစ်လာပြီးဆိုရင် သတင်းတွေကနေဖော်ပြကြ၊ ဝိုင်းရေးကြ၊ ဖော်ထုတ်ကြဆိုတော့ အများလည်းသိပေ့ါလေ၊ ပြည်တွင်းမှာ ဒီသတင်းလွှတ်လပ်ခွင့် ကဏ္ဍကလည်း တရားရေးစနစ်လိုပဲ ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီဆိုတော့ အရေးတော်တော် ကြီးမယ့်သဘောရှိတယ်။ ဦးအောင်ထူးရော ဘယ်လိုယူဆသလဲခင်ဗျ။

**ဦးအောင်ထူး**

သိပ်အရေးကြီးတာပေ့ါဗျာ။ ဒီတရားစီရင်ရေးနဲ့ သတင်းလုပ်ငန်းနဲ့က နှစ်ဖက်အပြန်အလှန်ဆက်စပ်နေတယ်။ နှစ်ဖက်အပြန်အလှန် ထိန်းကျောင်းလည်ပတ်ရတာဖြစ်တယ်။ ဘယ်ဒီမိုကရေစီနိုင်ငံမှာမဆို တရားစီရင်ရေး ကိုလွှတ်ထားလို့မရဘူး၊ တရားစီရင်ရေးရဲ့လုပ်ဆောင်ချက်တွေကို သတင်းဌာနတွေက ထိန်ကျောင်းရတာတွေရှိတယ်။ သတင်းဌာနတွေကလည်း လုပ်ချင်တိုင်းလုပ်၊ လွှင့်ချင်တိုင်းလွှင့်လို့မရဘူး။ သတင်းဌာနတွေရဲ့လုပ်ဆောင်ချက်တွေအပေါ်မှာ တရားစီရင်ရေးက ကြပ်မတ်ရတာရှိတယ်။ ဒါအပြန်အလှန်သွားနေကြတာပဲဖြစ်တယ်။ ကျနော်တို့ နိုင်ငံထဲမှာ စုံစမ်းအရေးယူဆောင်ရွက်တဲ့စနစ်မရှိတာတော့မဟုတ်ဘူး၊ ရှိတယ်။ မပြည့်စုံဘူး၊ ဒါတစ် ချက်၊ စုံစမ်းအရေးယူဖော်ထုတ်တဲ့စနစ်ကိုသုံးပြီးတော့ စနစ်တကျဖော်ထုတ်ဖို့ကြိုးစားတဲ့နေရာမှာ ကျနော် တို့လူထု တွေပေ့ါဗျာ၊ သက်ဆိုင်ရာပါတီအဖွဲ့အစည်းတွေ

လုပ်ဆောင်ချက်တွေက လိုအပ်သလောက်အားမကောင်းဘူး။ ဘာကြောင့်ပြောချင်လဲဆိုတော့ ဥပမာ – ကျနော်အထက်ကပြောပြတဲ့ ဒီပဲယင်းဖြစ်ရပ်ကြီးနဲ့ပတ်သက်ပြီးတော့ ဒီပဲယင်းဖြစ်ရပ်ကြီးဖြစ်လာတဲ့အချိန်မှာ လူထုအတော်တော်များများ ပူးပေါင်းဆောင်ရွက်ပြီးတော့မှ ဒီဖြစ်ရပ်ကြီးကိုဖော်ထုတ် ဖို့ကြိုးစားတာပဲ။ တစ်ချိန်တည်းမှာလည်းပဲ လက်ရှိမြန်မာနိုင်ငံထဲမှာ တည်ရှိနေတဲ့ စုံစမ်းအရေးယူဖော်ထုတ်တဲ့ စနစ်ကိုသုံးပြီးတော့မှ လှုပ်ရှားတိုက်ပွဲဝင်ဖို့ကြိုးစားတာဘဲ။ ဒါပေမယ့် အဲ့ဒီအချိန်ကဖြစ်ပေါ်သွားတဲ့ နိုင်ငံရေးအနေအထားကဘာလဲဆိုတော့ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုတာကို နင်းကန်တင်လာပြီးတော့ ဒီပဲယင်းဖြစ်ရပ်ကြီးကို တကယ့်ကိုအားကြိုးမာန်တက် ဖော်ထုတ်လိုက်မယ်ဆိုင်ရင် နအဖနဲ့ဆွေးနွေးဖို့ မျှော်မှန်းနေတဲ့ (ဒိုင်ယာလော့)ကိုများ ထိပါးသွားမလားဆိုတော့ နိုင်ငံရေးပိုင်းဆိုင်ရာကတာဝန်ရှိတဲ့ အဖွဲ့အစည်းတွေ၊ ပုဂ္ဂိုလ်တွေရဲ့စုစုစည်းစည်းတင်ပြနိုင်ဖို့က အားနည်းသွားတယ်။ အဲ့ဒီအခါမှာ လိုအပ်သလောက် နိုင်ငံတကာကို ပြန့်မသွားဘဲနဲ့ နောက်ပြန်ဆုတ်သွားတဲ့အခါမှာ ဒီစုံစမ်းအရေးယူဖော်ထုတ်တဲ့ အခြေခံကအားနည်းသွားတယ်။ နိဂုံးချုပ်အနေနဲ့ ဒီကိစ္စကို ဆက်စပ်ပြောရမယ်ဆိုရင်တော့ ဒီလိုအကြမ်းဖက်မှုတွေဖြစ်ပေါ်လာ တဲ့အခါမှာ အချက်သုံးချက်တင်ပြချင်တယ်။ တစ်ချက်ကဘာလဲဆိုတော့ ဒီကိစ္စရပ်နဲ့ပတ်သက်ပြီးတော့ အစိုးရလုပ်တဲ့ပုဂ္ဂိုလ်တွေက သဘောထားမှန်မှန်ထားဖို့လိုတယ်။ မိမိတို့ကိုဆန့်ကျင့်တဲ့၊ မိမိတို့အုပ်ချုပ်နေတဲ့ အစိုးရကို ဆန့်ကျင် တဲ့အကြမ်းဖက်မှုကိုတော့ အပြတ်နှိမ်နင်းတယ်။ မိမိတို့ကိုဆန့်ကျင့်တဲ့သူတွေကိုတော့ အကြမ်းဖက်တာတွေအပေါ်မှာ ခွင့်ပြုချက်ထားတယ်။ ဒါဟာတရားဥပဒေစိုးမိုးရေးနဲ့ လုံးဝဆန့်ကျင့်တယ်။

ဒုတိယအချက်ကတော့ ကျနော်တို့လူထုအနေနဲ့လည်း ဒီအကြမ်းဖက်မှုကို အကြမ်းဖက်မှုနဲ့ မတုန့်ပြန်ဖို့လိုပါတယ်။ ဒါဖြင့်ရင်ဘာလုပ်ရမှာလဲ။ အကြမ်းဖက်မှုမလုပ်ပါနဲ့ ပြောတဲ့အခါကျတော့ ဘာမှမလုပ်ဘဲ ငြိမ်ထိုင်နေတာ ပြဿနာဖြစ်သွားတယ်။ ဒါဟာလည်းလုံးဝ မဖြစ်သင့်ဘူး။ နောက်ဆုံးတစ်ချက်ကတော့ ဒီလိုအကြမ်းဖက်မှုတွေကို ဒီ အတင်းအကြပ်ပြန်လည်တုန့်ပြန်ပြီးတော့ တည်ငြိမ်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် တည်ဆောက်နိုင်ဖို့အတွက် တည်ဆဲဥပဒေကို ကိုးကားဖို့လိုတယ်။ တည်ဆဲတရားစီရင်ရေးစနစ်ကို စနစ်တကျ ဒီထက်ပိုကောင်းအောင် ကျင့်သုံးဖို့လိုတယ်။ လက်ရှိတည်ရှိနေတဲ့ တိုင်းပြည်ယန္တ ရားတွေကို တိုးတက်အောင်လုပ်ဖို့လိုတယ်။ ဒီသတင်းလုပ်ငန်းတွေကို ကျယ်ကျယ်ပြန့်ပြန့် လူထုအတွင်းထဲကို ဖြန့်ကျက်လှုပ်ရှားလုပ်ဆောင်လာဖို့လိုတယ်။ ဒီလို အခုပြောတဲ့အချက်တွေ လုပ်ဆောင်လာဖို့အတွက်ကို ကျနော်တို့ လူထုတွေဟာ စနစ်တကျစုဖွဲ့လှုပ်ရှားမှုတွေကို ပိုပြီးတော့ကျယ်ပြန့်အားကောင်းလုပ်ဆောင်လာဖို့လိုတယ်လို့ အကြံပြုချင်တယ်။

## ဦးဝင်းနိုင်ဦး

အခုဟာက ပြဿနာက ကိုအောင်ထူးရဲ့ တရားဥပဒေပိုင်းကိစ္စပဲဖြစ်ဖြစ်၊ လူ့အခွင့်အရေးပိုင်းကိစ္စပဲဖြစ်ဖြစ်၊ ဒီကိစ္စတွေကို စုဖွဲ့ပြီးတော့ စတင်လှုပ်ရှားဖို့ကြိုးစားတယ်။ အဲ့ဒီချိန်မှာပဲ ဟသ်ာတအဖြစ်အပျက်မျိုးလိုပေါ့ အကြမ်းဖက်လာတယ်။ ဒီလိုမျိုးကလည်းဖြစ်နေတော့ အစိုးရကလည်း ဒီကိစ္စတွေဖွံ့ဖြိုးလာအောင်၊ ကျယ်ပြန့်လာအောင် မြေတောင်မြှောက်ပေးမယ့် အနေအထားကလည်း မရှိတဲ့အခြေအနေ၊ အဲ့ဒီအခြေအနေအတွင်းမှာ ဘယ်လိုပုံစံမျိုးတွေနဲ့ပေါ့လေ၊ ကိုယ်ဆောင်ရွက်လို့ရနိုင်တဲ့ အနေအထားတွေကရော ဘယ်လိုရှိလဲ။

**ဦးအောင်ထူး**

ကျနော်တို့အများကြီးရှိတာပေါ့၊ အခုလက်ရှိ မီဒီယာကနေ ဆွေးနွေးနေတာကိုက ကျနော်တို့လုပ်ငန်းစဉ် တစ်ခုချလုပ်နေတာဖြစ်တယ်။ ဒီကိစ္စကိုအရေးယူဆောင်ရွက်တဲ့ အပိုင်း တစ်စုံတရာအခြေခံကနေလုပ်ဆောင်နေတာ ဖြစ်တယ်။ ဒီလိုအကြမ်းဖက်မှုတွေဟာ ဘယ်လိုဖြစ်ပေါ်နေတယ်ဆိုတာကို အထဲမှာရှိတဲ့လူထုက စနစ်တကျသတင်းစုဆောင်းပြီးတော့ စာတန်းတွေပြုစုနေပြီးတော့ ထုတ်နိုင်ပြီဆိုရင်ပဲ နိုင်ငံတကာက အကြီးအကျယ်စိတ်ဝင်စားလာမယ်။ အဲ့ဒီတော့ ဒီလိုဖြစ်လာတဲ့အခါတိုင်းမှာ တည်ဆဲဥပဒေကို ကိုးကားပြီးတော့ တရားစွဲဖို့လိုတယ်။ လက်ရှိ တရားစီရင်ရေးစနစ်ကို ကျင့်သုံးဖို့လိုတယ်။ လက်ရှိတရားစီရင်စနစ်က နအဖရဲ့ လက်အောက်မှာ ရှိနေတယ်လို့ ကျနော်တို့ထားပြီးတော့ ဥပေက္ခာပြုတာမျိုးမဖြစ်သင့်ဘူး။ ဥပမာဆိုရင် ကျနော်တို့ ဖိလစ်ပိုင်နိုင်ငံမှာပဲကြည့် ကြည့်၊ တောင်ကိုးရီးယားနိုင်ငံမှာပဲဖြစ်ဖြစ် အင်ဒိုနီးရှားလည်းပါပါတယ်။ အာဏာရှင်စနစ်အောက်မှာရှိစဉ်တုန်းကသည်ပင်လျှင် လူထုက အာဏာရှင်တွေကို ပြန်လည်တိုက်ပွဲဝင်တဲ့အခါမှာ လက်ရှိတည်ဆဲတရားစီရင်ရေးတွေကို အသုံးချခဲ့ တာပဲဖြစ်တယ်။ ကျနော်တို့နိုင်ငံထဲမှာသုံးတော့ သုံးတယ်။ ဒါပေမယ့် လူထု အသွင်နဲ့အသေအချာ မသုံးသေးဘူး။ ဒါကို ကျနော်တို့သုံးဖို့လိုတယ်။ အဲ့ဒီလိုလှုပ်ရှားခွင့်လုပ်နိုင်ဖို့အတွက်ကိုလည်း လူထုတွေက စုဖွဲ့သွားမယ်။ စုဖွဲ့မှုဖြစ်လာတဲ့အခါတိုင်းမှာတော့ ဖိနှိပ်ဖို့ကြိုးပမ်းတာတွေရှိလာမှာပဲ၊ သို့သော် ဒါကိုတော့ ကျနော်တို့က ရဲရဲခိုင်မာစွာနဲ့ စုဖွဲ့လှုပ်ရှားသွားမယ်ဆိုရင် တချိန်ချိန်မှာ လူထုမျှော်မှန်းချက်ကို ရောက်လိမ့်မယ်လို့ကျနော်တို့ ယူဆပါတယ်။

**ဦးဝင်းနိုင်ဦး**

အထဲက ပုဂ္ဂိုလ်တွေရဲ့ မျှော်လင့်ချက်ပေါ့နော်၊ အဲ့ဒါက ဘာလဲဆိုတော့ သက်ဆိုင်ရာ အာဏာပိုင်တွေဖက်ကနေပြီးတော့ တာဝန်ရှိသလို စုံစမ်းစစ်ဆေးမှုတွေ မလုပ်ဘူး၊ မလုပ်တဲ့အချိန်ကတော့ ဒီအပြင်က နိုင်ငံတကာက ဒီကိစ္စ တွေကို ဆက်လက်ဆောင်ရွက်နိုင်တဲ့အနေအထား မရှိဘူးလားဆိုတဲ့ မျှော်လင့်ချက်ပေါ့လေ၊ အဲ့လိုလုပ်ပေးစေချင်တဲ့ မျှော်လင့်ချက်မျိုးလည်းရှိတယ်။

**ဦးအောင်ထူး**

အဲ့ဒါနှစ်ပိုင်းရှိတယ်ခင်ဗျ။ တစ်ပိုင်းက ခင်ဗျားတို့ မီဒီယာကသုံးလို့ရတဲ့ သတင်းနဲ့ ကျနော်တို့ ဥပဒေရှုထောင့်ကသုံးလို့ရတဲ့အပိုင်းဆိုပြီး နှစ်ပိုင်းဖြစ်သွားတယ်။ မီဒီယာက သုံးလို့ရတဲ့သတင်းက သာမာန်အခြေအနေအောက်မှာ ရတဲ့သတင်းတစ်ခုကို မီဒီယာက သုံးလို့ရသွားနိုင်တယ်။ ဥပဒေအကြောင်းအရ တင်ပြနိုင်လောက်တဲ့ အဆင့်မျိုး အထိက တစ်နည်းအားဖြင့်ပြောရင် သက်သေခံဥပဒေအရ သက်သေခံဝင်နိုင်လောက်တဲ့ Evidence မျိုးဖြစ်ဖို့ကြတော့ ဒီလောက်နဲ့မရဘူးဗျ။ အဲ့ဒါကိုကျနော်တို့အထဲမှာရှိတဲ့ လူထုကအသေအချာမသိတာက ပြဿနာ တစ်ခုဖြစ်တယ်။ လိုအပ်တဲ့ သက်သေခံအထောက်အထားအချက်အလက်တွေ ရဖို့လိုတယ်။ ထွက်ဆိုချက် ယူတယ်ဆိုရင်လည်း အကုန်လုံးပြည့်ပြည့်စုံစုံနဲ့ ရအောင် လုပ်ပေးနိုင်ဖို့လိုတယ်။ အများပြည်သူသတင်း မီဒီယာက သုံးလို့ရတဲ့ အခြေအနေမျိုး ရှိပေမယ့် တကယ့်လက်တွေ့ တရားရုံးမှာသက်သေအဖြစ်နဲ့တင်နိုင်လောက်တဲ့ သက်သေခံ အချက်မျိုးတွေ ထွက်မလာဘူး၊

**ဦးဝင်းနိုင်ဦး**

အဲ့ဒီလိုထွက်မလာတော့ ဒီဖက်က နိုင်ငံတကာမှာရှိတဲ့ ကူညီဆောင်ရွက်ပေးလိုတဲ့ ပုဂ္ဂိုလ်တွေအနေနဲ့ ရှေ့ဆက်တက်ဖို့ အခက်အခဲတွေရှိတယ်။

**ဦးအောင်ထူး**

အခက်အခဲရှိတယ်လေ။ ဒါကလုံးဝကို အခက်အခဲရှိတယ်။ အဲ့ဒီတော့ အထဲထဲမှာရှိတဲ့ လှုပ်ရှားလုပ်ဆောင်နေတဲ့ မိတ်ဆွေတွေ၊ ရဲဘော်တွေ၊ လူ့အခွင့်အရေး လှုပ်ရှားသူတွေ အကုန်လုံးကဒီမတရားပြုခံရတဲ့ သတင်းတစ်ခု၊ ဖြစ်ရပ်တစ်ခုဖြစ်ပွါးသွားပြီဆိုရင် အတတ်နိုင်ဆုံး၊ အတိကျဆုံး၊ ဥပဒေကြောင်းနဲ့အညီ သက်သေခံအဖြစ်သုံးနိုင်တဲ့ Statement မျိုးတွေကို အထောက်အထားများနှင့် တကွစုဆောင်းပြီးတော့ ပို့ဖို့လိုပါတယ်။

**ဦးဝင်းနိုင်ဦး**

ဘယ်လောက်လိုအပ်တယ် မလိုအပ်ဘူးဆိုတဲ့ကိစ္စတွေကျတော့ သက်ဆိုင်ရာကို နားလည် ကျွမ်းကျင်တဲ့ ဥပဒေသမားတွေနဲ့တိုင်ပင်ညှိနှိုင်းပြီးလုပ်မယ်ဆိုရင်–

**ဦးအောင်ထူး**

ဒါပေါ့။ ဒါကြောင့် ကျွန်တော်တို့ခုနကတင်ပြတဲ့အထဲမှာ အဲ့ဒီဟာ ပါတာပေါ့၊ ဥပဒေပညာရှင် အဖွဲ့အစည်းနဲ့ အသေအချာကို ပူးပေါင်းဆောင်ရွက်ဖို့ကိုလိုတယ်။ အဲ့ဒါအားနည်းချက်ဖြစ်နေတယ်။ တခုကလည်းပဲ အဲ့သတင်း အဲ့လိုမျိုးထွက်နိုင်တဲ့အခါမှာ တကယ်တော့ ပြည်တွင်းထဲမှာရှိတဲ့ ဥပမာဗျာ ပြောမယ်ဆိုရင် အစိုးရက အလုပ်မလုပ်တော့ဘူး။ အစိုးရမှာ တာဝန်ရှိတယ်။ ဒီနိုင်ငံနဲ့ လုံခြုံမှုအတွက် အစိုးရက အလုပ်မလုပ်တော့ဘူး။ ဒီနိုင်ငံသားရဲ့လုံခြုံမှုအတွက်။ အဲ့ဒီအခါမှာ Non State Actor လို့ခေါ်တဲ့ တစ်ခြားနိုင်ငံရေး ပါတီအဖွဲ့အစည်းတွေက ဒီကိစ္စကိုကိုင်တွယ်ဖို့တာဝန်ရှိလာတယ်။ ဒါကိုပါတီအဖွဲ့အစည်းတွေက ယူကိုယူရမယ်။ ယူအောင် လူထုကလည်း ဖိအားပေးဖို့ လိုပါတယ်။

**ဦးဝင်းနိုင်ဦး**

အခုကဘယ်လိုဖြစ်နေလဲ ဆိုတော့အခုလိုအကြမ်းဖက်တဲ့ကိစ္စတွေကို အကြောင်းပြုပြီးတော့ ရှေ့ကိုဒီထက်ပိုပြီးတော့ ဆိုးလာမလားဆိုတဲ့ စိုးရိမ်မှုတွေလဲရှိတယ်။ ဒီအနေအထားနဲ့ ပတ်သက်လို့ တစုံတရာထိန်းချုပ်နိုင်မှုမရှိဘူးဆိုလို့ရှိရင် ဒီအကြမ်းဖက်မှုတွေက ကြံ့ခိုင်ဖွံ့ဖြိုးရေးတို့၊ အခုတော့ပြောနေကြတာပေါ့လေ။ အဲ့ဒီတော့ ဒီလိုတရားမဲ့ အကြမ်းဖက်မှုတွေက ဒီထက်ပိုပြီးတော့ဖြစ်လာနိုင်စရာရှိလာလိမ့်မယ်ဆိုပြီးတွက်ချက်ကြတာတွေရှိတယ်။ သက်ဆိုင်ရာ အာဏာပိုင်တွေက သူတို့နဲ့ဒီကိစ္စတွေက အကြမ်းဖက်မှုတွေက မပတ်သက်ဘူးဆိုပါတော့၊ စုံစမ်းစစ်ဆေးမှု၊ အရေးယူမှုကို ၂၀၀၃ ခုနှစ်က ဒီပဲယင်းကိစ္စမှာလိုပဲ မလုပ်ဘူးဆိုလို့ရှိရင် ဒါဟာ အောက်ခြေအဖွဲ့အစည်းတွေအနေနဲ့ နားလည်မှုက တစ်မျိုးဖြစ်သွားမယ်။ ဖြစ်သွားလို့ရင် အခြေအနေက ပိုရှုပ်သွားလာမယ်။ နောက်တစ်ခုက ဒီနိုင်ငံရေးလုပ်ရှား နေတဲ့ လူဖက်က ဘယ်လိုပြောလာလဲဆိုတော့ ခိုးဆိုးလုယက်ရာဇဝတ်မှုကျူးလွန်တဲ့လူတွေနဲ့ ပတ်သက်လာလို့ရှိရင် စုံစမ်းအရေးယူ အပြစ်ပေးမှုတွေက တော်သေးတယ်ပေါ့လေ။ အခု နိုင်ငံရေးသမားတွေ ကျလို့ ရှိရင်

တော့ အရေးယူအပြစ်ပေးမှုတွေ ဒီ့ထက်ဆိုးတယ်။ ဒီနိုင်ငံရေးသမားတွေကိုပဲ သဲကြီးမဲကြီးပေါ့လေ အကြမ်းဖက်နေတဲ့ကိစ္စတွေ၊ အကြမ်းဖက်မဲ့အရိပ်အယောင်တွေတွေ့နေရတဲ့ ကိစ္စတွေက တော်တော်များများမကောင်းဘူးလို့ပြောကြတယ်။ ကျနော်တို့စကားဝိုင်းလည်း ဒီမှာပဲ ဆုံးရ အောင်ပါ။ နောက်ဆုံးအနေနဲ့တော့ ဒါဗမာပြည်မှာတရားဥပဒေ စိုးမိုးပြီးတော့ လူတိုင်း လုံခြုံမှုရအောင်၊ သက်ဆိုင်ရာပုဂ္ဂိုလ်တွေအနေနဲ့ ဆောင်ရွက်နိုင်စွမ်းရှိပါစေလို့ပဲ ဆန္ဒပြုရင်းနဲ့ ဒီတစ်ပါတ်တနင်္ဂနွေဝိုင်း အစီအစဉ်ကို ဒီမှာပဲရပ်နားခွင့်ပြုပါ။

***(မှတ်ချက်။ ။ RFA ၂၀၀၇ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့တွင်ထုတ်လွှင့်ခဲ့သော တနင်္ဂနွေစကားဝိုင်းဆွေးနွေးချက်မှ ကောက်နုတ်ချက်များကို ဥပဒေရေးရာစာစောင် စာဖတ်ပရိတ်သတ်များအတွက် ပြန်လည်တင်ပြခြင်းဖြစ်သည်၊ )***

✡✡✡✡✡✡✡✡✡

# လောင်စာဆီဈေးနှုန်းမြှင့်တင်မှုကြောင့် ဆန္ဒပြသူများကို အရပ်ဝတ် ဝတ်ထားသူများက ဖမ်းဆီးမှုအပေါ် ဆွေးနွေးသုံးသပ်ချက်

**သတင်းနှင့်မှတ်တမ်းဌာန**

လောင်စာဆီဈေးတွေ မြင့်တက်လိုက်တာကြောင့် ရန်ကုန်နှင့်တကွ နယ်အချို့တို့မှာ ဆန္ဒပြမှုတွေဖြစ်ပေါ်နေတာ ပြီးခဲ့တဲ့ ဩဂုတ်လ (၂၂)ရက်နေ့ကတည်းကဖြစ်ပါတယ်၊ ဆန္ဒပြတာတွေ သုံးရက်ဆက်တိုက်ဖြစ်ပေါ်တဲ့အချိန်မှာ အဖမ်းခံရသူတွေ (၁၀၀) လောက်ရှိနေပြီလို့ ခန့်မှန်းကြပါတယ်။ ဆန္ဒပြသူတွေကို လိုက်ဖမ်းနေတာကတော့ အရပ်ဝတ် ဝတ်ထားသူတွေပါဘဲ၊ ဒီလိုဆောင်ရွက်မှုဟာ မြန်မာနိုင်ငံကတည်ဆဲ ဥပဒေအရ တရားဝင်ပါသလား၊ အခုတပတ် သတင်းမြင်ကွင်းကျယ် အစီအစဉ်ကနေ ဦးတင်အောင်ခိုင်က စီစဉ်ထားပါတယ်။



လောင်စာဆီဈေးနှုန်းတွေ အဆမတန် မြှင့်တင်လိုက်တဲ့အချိန်ကနေစပြီး ဆန္ဒပြမှုတွေဟာ ရန်ကုန်မြို့အနှံ့ ဟိုနေရာတကွက်၊ သည်နေရာတကွက် ဖြစ်ပေါ်လာနေပါတယ်၊ ဖမ်းဆီးမှုတွေလည်းရှိနေပါတယ်၊ သည်နေရာမှာ ဖမ်းတဲ့သူတွေဟာ ယူနီဖောင်းဝတ် အာဏာပိုင် တွေ မဟုတ်ဘဲ၊ အရပ်ဝတ် ဝတ်ထားကြသူတွေသာဖြစ်တယ်လို့ မျက်မြင် သက်သေတွေက ပြောပါတယ်၊ ဩဂုတ်လ (၂၃)ရက်နေ့နံနက်ပိုင်းက တောင်ဒဂုံမြို့နယ်အတွင်း ဆန္ဒပြသူတွေကို ဖမ်းဆီးရာမှာ စစ်အစိုးရ ကျောထောက်နောက်ခံပြုထားတဲ့ အဖွဲ့အစည်းတွေက အရပ်ဝတ် ဝတ်ပြီး ဖမ်းဆီးတယ်လို့မျက်မြင်သက်သေတွေကပြောပါတယ်။

> "ကြံ့ခိုင်ရေးတွေပါတယ်၊ နောက်ပြီး ပြည့်စွမ်းအားဆိုလား အဲ့ဒါတွေပါတယ်၊ စွမ်းအားရှင် တွေပါတယ်၊ ပြီးတော့ ရယကဥက္ကဌတွေက ၁၅ယောက် အယောက် ၂၀ လောက်ပါတယ်၊ မယက တွေပါတယ်၊ Informer တွေပါတယ်၊ အဲ့ဒီ Informerတွေဟာ လောင်းကစားသမားတို့၊ ဘိန်းရောင်းတဲ့သူတို့၊ ဆေးခြောက်ရောင်းတဲ့သူတို့ အဲ့လိုလူမျိုးတွေကို ကျနော်တို့ အများဆုံး တွေ့တယ်"

ဒါပေမဲ့ဩဂုတ်လ ၂၃ ရက်နေ့က ရွှေဂုန်တိုင်မှာ ဖမ်းဆီးမှုနှင့်ပတ်သက်ပြီး ဆန္ဒပြသူ တစ်ဦးအမြင်ကတော့ လာရောက်ဖမ်းဆီးသူအရပ်ဝတ်တွေဟာ စွမ်းအာရှင်တွေမဟုတ်ဘူးလို့ သူ့အမြင်ကို အခုလို ပြောသွားပါတယ်။



"ဒီတခါဝင်ဆွဲတဲ့သူတွေဟာ အရင်လိုစွမ်းအားရှင်လိုမဟုတ်ဘူး၊ တကယ့် ရုပ်ရည်သန့်သန့်၊ အထက်အရာရှိတွေ၊ စီးပွားရေးသမားတွေပုံစံ၊ မိုက်မိုက်ရိုင်းရိုင်းတွေပြောဆိုပြီး သူတို့ကိုဆွဲတာ၊ ရုပ်ရည်သန့်သန့်ဘဲ၊ အသားဖြူဖြူ အရပ်ကမြင့်မြင့်နဲ့၊ အသက် (၅၀)ခန့်လောက်ရှိတဲ့ ဗလခပ်တောင့်တောင့်လူက ဘောင်းဘီရှည်နဲ့ နေကာမျက်မှန်နဲ့၊ အဲ့ဒီလူက ပြည်သူ ထဲကတစ်ယောက်ကို ဆဲလဲဆဲ လှည့်လဲထိုး၊ ကျန်တဲ့လူတွေကလဲဝိုင်းထိုးပြီး ကျနော်တို့ လူတွေကိုပါ သူတို့ အဆင့်သင့် ပါလာတဲ့ကားပေါ်ကို ဆွဲတင်ပေးလိုက်တယ်"

အလားတူးဘဲ ဩဂုတ်လ (၂၂)ရက်နေ့က ဆန္ဒပြမှုနှင့် သမိုင်းအုတ်ကျင်းမှာ အဖမ်းခံရပြီး ပြန်လွှတ်ပေးလိုက်တဲ့ ဒေါ်နော်အုံးလှကလည်း ဖမ်းဆီးသူတွေဟာ အရပ်ဝတ် ဝတ်ထားပေမဲ့ အရပ်သားမဖြစ်နိုင်ဘူးလို့ ပြောပြပါတယ်။ အာဏာပိုင်တွေအနေနဲ့ ယူနီဖေါင်းမဝတ်ဘဲ အရပ်ဝတ် ဝတ်ထားပြီး လာရောက်ဖမ်းဆီတာဖြစ်နိုင်တယ်လို့ ပြောပါတယ်။ ဒါကြောင့် အရပ်ဝတ် ဝတ်ထားသူဟာ အာဏာပိုင်ဖြစ်ပါစေ အရပ်သားတဦးကိုဖမ်းဆီးခွင့်ရှိပါသလား ဆိုတာ မေးရမယ့်မေးခွန်းပါ။ ဒီမေးခွန်းကိုတော့ မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးက

"ရဲကဖမ်းရင် ရဲယူနီဖေါင်းဝတ်ပြီးဖမ်းရမယ်၊ အရပ်သားအနေနဲ့ ဖမ်းချင်တယ်ဆိုရင် အရပ်သား အနေနဲ့ ဖမ်းခွင့်ရှိတဲ့ ပြစ်မှုကျင့်ထုံး ၅၉ (၁)အရ သာလျှင် အရပ်ဝတ် ဝတ်ထားတဲ့ပုဂ္ဂိုလ်တွေက ဖမ်းနိုင်ခွင့် ရှိတယ်။"

မြန်မာနိုင်ငံရဲ့ ဥပဒေအရ ဖမ်းဆီးပိုင်ခွင့်ရှိသူဟာ ရဲပဲဖြစ်တယ်လို့ဆိုပါတယ်။

"ရဲကလွဲရင် ဘယ်သူမှ ဥပဒေအရ ဖမ်းဆီးပိုင်ခွင့် မရှိဘူး၊ ရဲက ဘယ်အခါမှာ ဝရမ်းမပါဘဲ ဖမ်းခွင့် ရှိသလဲ၊ ဥပမာ ဆန္ဒပြတဲ့ကိစ္စတွေမှာဆိုရင် ဝရမ်းမတောင်းပဲဖမ်းနေတာ၊ တရားရုံးရဲ့ ဝရမ်းမပါဘဲ ဘယ်အခါမှာ ဖမ်းခွင့်ရှိသလဲဆိုရင်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ

❝ရဲကဖမ်းရင် ရဲယူနီဖောင်းဝတ်ပြီးဖမ်းရမယ်၊ အရပ်သားအနေနဲ့ ဖမ်းချင်တယ်ဆိုရင် အရပ် သားအနေနဲ့ ဖမ်းခွင့်ရှိတဲ့ ပြစ်မှုကျင့် ထုံး ၅၉ (၁)အရ သာလျှင် အရပ်ဝတ် ဝတ်ထားတဲ့ပုဂ္ဂိုလ်တွေက ဖမ်းနိုင်ခွင့် ရှိတယ်။❞

၅၄ အရ သတ်မှတ် ပြဋ္ဌာန်း ထားတဲ့ ပြစ်မှုတွေကို ချိုးဖေါက်တဲ့အခါမှာ ဖမ်းဆီးခွင့်ရှိတယ်။ ဥပမာ အာမခံပေး ပိုင်ခွင့်မရှိတဲ့ ပြစ်မှုကြီးတွေ ကျူးလွန်တဲ့ပုဂ္ဂိုလ်တွေကို ဖမ်းခွင့်ရှိတယ်၊ ပြစ်မှုကျူး လွန်ပြီးထွက်ပြေးသွားတဲ့ ပုဂ္ဂိုလ်တွေကို ဖမ်းခွင့်ရှိတယ်၊ အသေးစိတ်ပြဋ္ဌာန်းထားတာရှိတယ်၊ တချိန်တည်းမှာ ဘယ်အခါမှာ အရပ်သားက ဖမ်းနိုင်လဲဆိုတာပြဋ္ဌာန်းထားတယ်၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၉ (၁)ထဲမှာ အတိအလင်းပြဋ္ဌာန်းထားတာ ရှိတယ်၊ အရပ်သားကနေ ဖမ်းနိုင် တာတွေလဲရှိတယ်၊ ဘယ်အခါမှာ ဖမ်းနိုင်လဲဆိုတော့ နှစ်ပိုင်းရှိတယ်၊ တပိုင်းက အာမခံမပေးနိုင်တဲ့ ရဲအရေးယူပိုင်ခွင့်ရှိတဲ့ ပြစ်မှုတစုံတရာကို ကျူးလွန်တဲ့ သူတွေကို ဖမ်းပိုင်ခွင့်ရှိတယ်၊ ဥပမာ – ဓါးပြမှု၊ မုဒိန်းမှု၊ လူသတ်မှု သည့်လိုပြစ် မှုတွေကိုကျူးလွန်တဲ့အခါမှာ ရဲမဟုတ်သော်လည်းဘဲ အရပ်သားက ဖမ်းနိုင်တယ်။ ဒုတိယတပိုင်းက ပြစ်မှုကျူးလွန်ကြောင်း ကြေငြာခြင်းခံထားရသူတွေ၊ အဲ့လိုကြေငြာခံထားရသူတွေကိုတော့ ဖမ်းခွင့်ရှိတယ်၊”

တခါ ဆန္ဒပြသူတွေကိုဖမ်းဆီးရာ၌လည်း ဘယ်နိုင်ငံမှာဖြစ်စေ အကြောင်းမဲ့ဖမ်းခွင့်မရှိဘူးလို့ပြောပါတယ်။

“လူစုလူဝေးနဲ့ စီတန်းလှည့်လည်တာကို ခွင့်ပြုရမယ်၊ ခွင့်ပြုရမယ်ဆိုတာကို ရန်ကုန်ရဲအက်ဥပဒေမှာ အတည်အလင်းဖေါ်ပြထားတယ်၊ သို့သော် စည်းမဲ့ကမ်းမဲ့စုဝေးလို့မရဘူး၊ ဥပဒေနဲ့ ဆန့်ကျင်တဲ့အစုဝေးတော့ ဖြစ်လို့မရဘူး၊ အဲတော့ ဘယ်လိုလုပ်ရမလဲဆိုရင် လူထုက တိုင်ပြည်မှာ စုဝေးချင်တယ် စီတန်းလှည့်လည်ချင်တယ်ဆိုရင် သက်ဆိုင်ရာအာဏာပိုင်တွေမှာ ခွင့်ပြုချက်တောင်းရတယ်၊ သူတို့စီတန်းလှည့်လည်တဲ့အခါ အခြားသူတွေရဲ့ အသွားအလာ၊ အလုပ်အကိုင်၊ အနေအထိုင်တွေကို ထိခိုက်မှုမရှိအောင် အာဏာပိုင်တွေက အကူအညီပေးတဲ့အနေနဲ့ လမ်းလွှဲပေးရတာတွေရှိတယ်၊ အချိန်ကန့်သတ်ပေးရတာတွေရှိတယ်၊ ဒီလိုလုပ်ကိုင်ဖို့အတွက်ကို ခွင့်ပြုချက်ပေးတယ်ဆိုတဲ့ လုပ်ထုံးလုပ်နည်းကို တိုင်းပြည်ထဲမှာဖန်တီးပေးထားရတာ ဖြစ်တယ်၊ ကျနော်တို့နိုင်ငံမှာ ရဲအက်ဥပဒေအရ အတိအကျ အပြည့်အစုံရှိတယ်။ ပြဿနာက ဘာလဲဆိုတော့ ဥပဒေနှင့်အညီ စုဝေးခွင့်၊ စီတန်းလှည့်လည်ခွင့် ပေးမယ်လို့ ကြေငြာမထားတဲ့ အချက်ဘဲ။ မပေးတဲ့အခါကျတော့ ပြည်သူတွေက ဒီလုပ်ငန်းစဉ်ကိုမသိတဲ့အခါကျတော့ သိလို့ လျှောက်လဲမပေးတဲ့အခါကျတော့ စီတန်းလှည့်လည်မှုတွေက မူအရ၊ ဥပဒေအရ မပေးတဲ့ အစိုးရမှာတာဝန်ရှိတယ်၊ ဒီလိုဘဲကျနော်ပြောချင်ပါတယ်”

ဦးအောင်ထူးပြောသွားတာပါ၊ ဒီပြဋ္ဌာန်းထားတဲ့ဥပဒေတွေဟာ မြန်မာနိုင်ငံမှာ အတိအကျရှိနေတယ်လို့ဆိုပါတယ်၊ ဒါပေမယ့် ဥပဒေဘက်တော်သားတွေကိုယ်တိုင်က သာမန်

လူတွေကို ဥပဒေနဲ့ပတ်သက်ပြီး ပညာပေးခြင်း၊ လမ်းပြပေးခြင်းတွေမလုပ်တာကြောင့် ပြည်သူတွေကိုယ်တိုင်လည်း ဥပဒေနဲ့ပတ်သက်ပြီး မသိဖြစ်နေရတာပါလို့ ဆိုပါတယ်၊ တခါ နိုင်ငံရေးအရ အစိုးရနဲ့ အတိုက်အခံဖြစ်သူတွေကို ရပ်ရွာလူထုက ဖမ်းဆီးလိုက်တယ်ဆိုတဲ့ အသုံးအနှုန်းတွေကိုလည်း အစိုးရပိုင်သတင်းစာတွေမှာ မကြာခဏသုံးနှုန်းနေတာကိုလည်း မြင်တွေ့ရပါတယ်။ ဒီအသုံးအနှုန်းတွေကြောင့် အာဏာပိုင်တွေက အရပ်ဝတ်ဝတ်ပြီး ရပ်ရွာပြည်သူ အမည်ခံနိုင်သလို အာဏာပိုင်တွေ ကျောထောက်နောက်ခံပြုထားတဲ့ အဖွဲ့အစည်းတွေကလည်း နိုင်ငံရေးအရ အမြင်ကွဲသူတွေကို ဥပဒေအရဖမ်းဆီးနိုင်ခွင့် ရှိတယ်ဆိုတဲ့ အနေအထားတွေ တွေ့မြင်နေရပါတယ်။ ဦးအောင်ထူးက အခုလိုဆက်ပြီးပြောပါတယ်။

> "အရပ်ဝတ်နဲ့ဖမ်းဆီးမှုတွေကို ယနေ့အချိန်မှာ ကြံ့ဖွံ့နှင့် သူ့ရဲ့ ကျောထောက်နောက်ခံတွေက ကျူးလွန်နေတဲ့အပြင် အကြမ်းဖက်ရိုက်တာ၊ နှက်တာတွေ လုပ်နေတယ်၊ ကြံ့ဖွံ့ဟာ ဒီလိုလုပ် ဆောင်နေတာဟာ တရားမဝင်ဘူး၊ ယနေ့ အချိန်မှာ ဒီကြံ့ဖွံ့အဖွဲ့ရဲ့လုပ်ဆောင်ချက်တွေဟာ တော်တော့်ကို ပြင်းထန်လာနေတယ်၊ ဒီပဲယင်းမဖြစ်ခင်ကရော၊ ဒီပဲယင်းအတွင်းမှာရော၊ ဖြစ်ပြီး နောက်ပိုင်းမှာရောတောက်လျှောက် အရပ်ဝတ်ကိုဝတ်ပြီး အာဏာပိုင်တွေနဲ့ ပေါင်းပြီး လုပ်ဆောင်နေတာ တော်တော့်ကိုဆိုးဝါးလာပြီး၊ ဒါကြောင့် ကြံ့ဖွံ့ဟာ ကျနော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ ၁၉၀၈ ခုနှစ် မတရားအသင်းအက်ဥပဒေနှင့် အညီ တရားမဝင်တဲ့အသင်းဖြစ်တယ်။ ပြည်သူတွေကို ခြောက်လှန့်မှု၊ အကြမ်းဖက်မှုတွေကို ကူညီတဲ့အသင်းဖြစ်တယ်၊ သူတို့ကိုယ်တိုင် ဖွဲ့တဲ့ အသင်းဖြစ်တယ်။ ဒါကြောင့် အဲ့ဒီအသင်းကို မတရားအသင်းအဖြစ်ကြေငြာဖို့လိုနေပြီး၊ မကြေငြာဘူးဆိုရင် အဲ့ဒီအသင်းကိုသုံးပြီး ပြည်သူတွေကိုဖိနှိပ်တဲ့အစိုးရဟာ နိုင်ငံသားတွေရဲ့ လုံခြုံမှုကို ကာကွယ်စောင့်ရှောက်မပေးတဲ့အပြင် လုံခြုံမှုကို ထိပါးအောင်လုပ်နေတဲ့ အစိုးရဖြစ်တဲ့အတွက် ရာဇဝတ်သားအစိုးရလို့ ပြောရမယ့် အဆင့်ကိုရောက်သွားလိမ့်မယ်လို့ ကျနော်ပြောချင်ပါတယ်"

ဒါကတော့ မြန်မာနိုင်ငံရှေ့နေများကောင်စီအထွေထွေအတွင်းရေးမှူး ဦးအောင်ထူး ပြောပြသွားတာဖြစ်ပါတယ်။

***(မှတ်ချက်။ ။ ၂၅၊ ၈၊ ၂၀၀၇ နံနက်ပိုင်း RFA မှထုတ်လွှင့်ခဲ့သော သတင်းမြင်ကွင်းကျယ်အစီအစဉ်မှ ဆွေးနွေးပြောကြားချက်များကို ဥပဒေရေးရာစာစောင် စာဖတ်ပရိတ်သတ်များအား ပြန်လည်တင်ပြခြင်း ဖြစ်သည် )***

✡✡✡✡✡✡✡✡✡

# မြန်မာနိုင်ငံ၏ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး တို့အပေါ် လေ့လာသုံးသပ်ခြင်း [အပိုင်း ၁]

**မရမ်းတလင်း**

## နောက်ခံသမိုင်းအကျဉ်း

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင် တည်ရှိပြီး အနောက်ဘက်တွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အနောက်မြောက်ဘက်တွင် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်နှင့်အရှေ့မြောက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အရှေ့ဘက်တွင် လာအိုနိုင်ငံ၊ အရှေ့တောင်ဘက်တွင်ထိုင်းနိုင်ငံတို့နှင့် နယ်မြေခြင်းထိစပ်နေသော နိုင်ငံဖြစ်သည်။ အကျယ်အဝန်း စတုရန်းမိုင်ပေါင်း ၂ သိန်း ၆ သောင်းကျော်ရှိပြီး၊ လူဦးရေ(၅၂)သန်းခန့်(၂၀၀၆)ခုနှစ်ထိ ရှိသည်။ လူမျိုးစုများအားဖြင့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ မြန်မာ၊ ရခိုင်၊ ရှမ်း ဟူ၍ရှိပြီး မြန်မာအများစုဖြစ်သည်။ လူမျိုးစုခွဲ (၁၂၈) မျိုးလည်း စုပေါင်းနေထိုင်ကြသောနိုင်ငံဖြစ်သည်။

မြန်မာနိုင်ငံကိုယခင်က မိမိဒေသအလိုက် သက်ဦးဆံပိုင်စနစ်ဖြင့်အုပ် ချုပ်လာခဲ့ပြီး၊ ၁၈၂၄ ပထမ အင်္ဂလိပ်–မြန်မာ ပထမစစ်ပွဲအပြီးမှစ၍ ၁၉၄၈ ခုနှစ်ထိအင်္ဂလိပ်ကိုလိုနီအုပ်ချုပ်မှုအောက်တွင် နှစ်ပေါင်း(၁၀၀)ကျော်နေခဲ့သည်။ ၁၉၄၂ မှ ၁၉၄၅ ခုနှစ်အတွင်းဂျပန်စစ်အုပ်ချုပ်မှုအောက်တွင် ၃ နှစ်တာမျှရောက်ခဲ့သည်။ ၁၉၄၅ မှ ၁၉၄၈ အတွင်းပြန်လည် ထူထောင်ရေးကာလတွင်အင်္ဂလိပ်၏စက္ကူဖြူစီမံကိန်းဖြင့်ခေတ္တအုပ်ချုပ်သည်။ ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ(၄)ရက်နေ့တွင် လွတ်လပ်ရေးရလာပြီး ၁၉၆၁ ခုနှစ်ထိ ပါလီမန်ဒီမိုကရေစီစနစ် ကျင့်သုံးပြီး ၁၉၆၂ မှ ၁၉၈၈ ထိ မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီ ၏တပါတီစနစ်ကို ကျင့်သုံးခဲ့ပါသည်။ ၁၉၈၈ ခုနှစ်မှစ၍ ယနေ့အထိစစ်အုပ်ရေးစနစ်ကိုကျင့်သုံးကာ ဥပဒေပြုရေး၊ တရားစီ ရင်ရေး၊စီမံခန့်ခွဲရေးကိစ္စအဝဝကို စစ်တပ်မှ ချုပ်ကိုင်လျက်အုပ်ချုပ်နေပါသည်။

## ဘုရင်စနစ်(သက်ဦးဆံပိုင်စနစ်) ၏ဥပဒေပြုရေး၊တရားစီရင်ရေး၊အုပ်ချုပ်ရေး

သမိုင်းတင်ပြီးကာလတွင် မြန်မာနိုင်ငံ၏အုပ်ချုပ်ရေးယန္တ ယားမှာ သက်ဦးစံပိုင် ဘုရင်စနစ်ဖြင့်အဓိကထားအုပ်ချုပ် လျက်ရှိသည်။ ထိုစဉ်တောင်တန်းဒေသနှင့် မြေပြန့်ဒေသတွင်လည်း နယ်မြေအပိုင်းအလိုက် ကွဲပြားကာ သူတလူ၊ ငါတမင်းအုပ်ချုပ် လျက်ရှိသည်။ မြန်မာ့သမိုင်းတွင် မြန်မာဘုရင်၏စစ်တပ်မှ တိုင်းရင်းသားလူမျိုးကွဲများဖြစ်သည့် မွန်၊ ရခိုင်တို့နှင့် စစ်တိုက်ခြင်း၊ နယ်မြေလုခြင်း၊ သစ္စာခံစေခြင်းစသည်များသာ တလျှောက်လုံးပြုလုပ်နေသည်ကို တွေ့ရမည်ဖြစ်သည်။ ထို့အပြင် အာသံ၊ မဏိပူရ(ယခုအိန္ဒိယနိုင်ငံ)သို့စစ်ချီတက်တိုက်ခိုက်ခြင်း၊ တရုတ်မင်းနှင့်စစ်တိုက်ခြင်း၊ ယိုးဒယားသို့ နယ်ချဲ့ခြင်းများကိုတွေ့ရသည်။

သက်ဦးဆံပိုင်စနစ်တွင်ဘုရင်၏နှုတ်ထွက်စကားသည် ဥပဒေဖြစ်သည်။ ဆိုလိုသည်မှာ ဥပဒေတခုဖြစ်လာရန် ဝိုင်းဝန်းဆွေးနွေးခြင်းမရှိဘဲ ဘုရင်၏ နှုတ်ထွက်စကားသည် ဥပဒေဖြစ်လာသည်။ တရားစီရင်ရေးတွင်ဖြတ်ထုံး၊ ဓမ္မသတ် စသည်တို့ကို အသုံးပြုကာ စီရင်ဆုံးဖြတ်သည်။ ဘုရင်၏လွှတ်ရုံးသည်အာဏာအရှိဆုံးနေရာဖြစ်သည်။ အယူခံခြင်းအမှုကို လွှတ်ရုံးမှ အပြီးအပြတ် အဆုံးအဖြတ်ပေးသည်။ အုပ်ချုပ်ရေးတွင် ဘုရင်မှအရာထမ်း၊ အမှုထမ်းများကို ခန့်အပ်၍ ဘုရင့်အမိန့်ကို နာခံရန်အုပ်ချုပ်သည်ကို တွေ့ရသည်။

## အင်္ဂလိပ်ကိုလိုနီခေတ် ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေး

အင်္ဂလိပ်တို့သည် အောက်မြန်မာနိုင်ငံကို နှစ်ပေါင်း(၁၀၀)ကျော် အုပ်ချုပ်ခဲ့ပြီး အထက်မြန်မာနိုင်ငံကို နှစ်ပေါင်း (၈၀)ခန့် အုပ်ချုပ်ခဲ့သည်။ ၁၈၂၄ တွင်စတင်ခဲ့သောအင်္ဂလိပ်– မြန်မာ ပထမစစ်ပွဲမှစတင်ပြီး ၁၈၈၅ ခုနှစ်သို့ရောက်သောအခါ တနိုင်လုံးကို ဂျော့ ဘုရင်၏ နေမဝင် အင်ပါယာစာရင်းသို့ သွတ်သွင်းလိုက်သည်။ အင်္ဂလိပ်တို့သည် မြန်မာဘုရင် သီပေါကို အိန္ဒိယနိုင်ငံသို့ ဖမ်းဆီးပို့ဆောင်ပြီး၊ အိန္ဒိယတွင် ကျင့်သုံးသောဥပဒေများကို မြန်မာနိုင်ငံသို့ တင်သွင်းလာသည်။ မြန်မာနိုင်ငံတွင်ဘုရင်ခံတစ်ဦးကို ခန့်အပ်ထားပြီး ဥပဒေပြုရေးကို ဘုရင်ခံ၏ လွှတ်တော် အမတ်များက ပြုလုပ်သည်။ တရားစီရင်ရေးကိုမူတဦးထိုင်စနစ်ဖြင့်တရားစီရင်ခဲ့သည်၊ အုပ်ချုပ်ရေးတွင်နယ်ပိုင်၊ ဝန်ထောက်၊ အရေးပိုင်၊ မြို့ပိုင်၊ တောင်အုပ်စသဖြင့်ခန့်အုပ်အုပ်ချုပ် ခဲ့သည်။ တောင်တန်းဒေသနှင့် မြေပြန့် ကွဲပြားသောဥပဒေများလည်းရှိခဲ့သည်။

၁၉၃၉ခုနှစ်တွင် ဒုတိယကမ္ဘာစစ် စတင်ခဲ့ပြီး ဂျပန်သည်မြန်မာနိုင်ငံကို ၁၉၄၂ မှ ၁၉၄၅ ထိအုပ်ချုပ်ခဲ့သည်။ ဂျပန်ခေတ်ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးမှာ ဂျပန်စစ်အုပ်ချုပ် ရေးစနစ်ဖြစ်သဖြင့် ဂျပန်စစ်တပ်အလိုကျစနစ် ဖြစ်သည်။ အုပ်ချုပ်ရေးတွင် ဒေါက်တာဗမော်အား အဓိပတိခန့်၍ အုပ်ချုပ်စေခဲ့သည်။ ၁၉၄၈ ခုနှစ် ဇန်နဝါရီလ (၄)ရက်နေ့တွင် မြန်မာနိုင်ငံသည် လွတ်လပ်သောနိုင်ငံ ဖြစ်လာသည်။ နိုင်ငံ လွတ်လပ်ရေးရသည်နှင့် ပြည်တွင်းစစ် စတင်ဖြစ် ပွားခဲ့သည်။ ထိုစဉ်ကပြည်တွင်းစစ်တွင်တရုတ်ဖြူကျူးကျော်စစ်၊ ကရင်တော်လှန်ရေး၊ ဗမာပြည် ကွန်မြူနစ် ပါတီ(ဗကပ)၏ မြေပေါ်မြေအောက်တော်လှန်ရေးတို့သည် ထင်ရှားသော ပြည်တွင်း စစ်များဖြစ်ပြီး အခြားတိုင်းရင်းသားများလည်း သီးခြားလွတ်လပ်ရေးအတွက် တော်လှန် ပုန်ကန်မှုများ ရှိခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဟု ခေါ်တွင်ခဲ့ပြီး လွှတ်တော် ကို အမျိုးသားလွှတ်တော်နှင့်လူမျိုးစုလွှတ်တော်ဟူ၍(၂)ခုထားရှိခဲ့ပါသည်။ ထိုစဉ်က ဥပဒေပြု ရေးကို အမျိုးသားလွှတ်တော်နှင့် လူမျိုးစုလွှတ်တော်တို့မှ ဆောင်ရွက်ကြပြီး တရားစီရင်ရေးကို လည်း နယ်ပိုင်၊ မြို့ပိုင်ဝန်ထောက်၊ တောင်အုပ်စသည်တို့ကိုတရားစီရင်ရေး အာဏာများခွဲစေ ပေးထားပြီး အထူးအာဏာရ၊ တရားသူကြီးများလည်းခန့်ထားကာ တရားစီရင်ခဲ့ကြပါသည်။ အုပ်ချုပ်ရေးတွင် အင်္ဂလိပ်ခေတ်နှင့်မခြားသော အုပ်ချုပ်ရေးစနစ်ကို ကျင့်သုံးခဲ့ပါသည်။

## ၁၉၆၂ ခုနှစ်မတ်လ(၂)ရက်နေ့ အာဏာသိမ်းပွဲကြီး

မြန်မာနိုင်ငံ၏အခြေအနေကိုလေ့လာတင်ပြသုံးသပ်ရာ၌ စစ်တပ်၏အခန်းကို မေ့ထား၍ မရပေ။ အထက်ဖော်ပြခဲ့သလို သက်ဦးဆံပိုင်ခေတ်က မြန်မာစစ်တပ်သည်၊ အင်္ဂလိပ် ကို စစ်ရှုံးခဲ့သဖြင့် နှစ်ပေါင်း(၁၀၀)ခန့်မြန်မာစစ်တပ်ဟူ၍ မရှိခဲ့ပါ။ ၁၉၃၉ ခုနှစ် ဒုတိယကမ္ဘာ စစ်စတင်လာသည့်အခါ အင်္ဂလိပ်ကိုတော်လှန်လိုသော မြန်မာလူငယ်(၃၀)ကို သခင် အောင်ဆန်း (နောင်ဗိုလ်ချုပ်အောင်ဆန်းအဖြစ်နိုင်ငံခေါင်းဆောင်ဖြစ်လာသူ)မှ ဦးဆောင်၍ဖက်ဆစ်ဂျပန်နှင့် အဆက်အသွယ်ရကာ ဟိုင်နန်ကျွန်းတွင်စစ်ပညာသင်ခဲ့ပါသည်။ ၁၉၄၂ ခုနှစ်ဒီဇင်ဘာလတွင် ထိုင်းနိုင်ငံ၌ ထိုလူငယ်များက BIA (Burma Independence Army) ကိုထူထောင်ခဲ့သည်၊ BIA သည် ဂျပန်တော်လှန်ရေးပြီးသည့်အခါ BDA (Burma Defence Army) ဖြစ်လာသည်။ မည်သို့ပင်ဖြစ်စေကာမူ နှစ်ပေါင်း (၁၀၀)ကျော် ကွယ်ပျောက်သွားသော ဗမာ့တပ်မတော်သည် ၁၉၄၂ ခုနှစ်တွင်ပြန်လည်ပေါ်ပေါက်လာသည်။

ဗမာ့တပ်မတော်အသစ်စတင်ပေါ်ပေါက်လာသောအခါ ဗိုလ်ချုပ်အောင်ဆန်းသည် တပ်မတော်၏ ဦးစီးချုပ် ဖြစ်လာသည်။ ၁၉၄၇ ခုနှစ်တွင်ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရသည်။ ၎င်းနောက် ဗိုလ်ချုပ်နေဝင်းသည် ဦးစီးချုပ်ဖြစ်လာသည်။ မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရလာသည်နှင့် ပြည်တွင်းစစ်ဖြစ်လာသည်။ ပြည်တွင်းစစ်ဖြစ်လာသည်နှင့် စစ်တပ်သည် အရေးပါလာသည်။ လွတ်လပ်ရေးရပြီးနောက် ၁၉၅၄ ခုနှစ်တွင် တပ်တော်မှအာဏာသိမ်းသည်။ ၁၉၅၄ ခုနှစ်တွင် အာဏာပြန်လွှဲပေးသည်။ ထိုစဉ်မြန်မာနိုင်ငံတွင်ပါလီမန် ဒီမိုကရေစီကျင့်သုံးရာ ပါလီမန်အတွင်းရှုပ်ထွေးမှုကို အကြောင်းပြကာ နိုင်ငံတော်ပြိုကွဲမည့်အန္တရာယ်ရှိသည်ဟု အကြောင်းပြကာ ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်ကောင်စီသည် ၁၉၆၂ ခုနှစ် မတ်လ(၂)ရက်နေ့တွင် နိုင်ငံတော်အာဏာကို သိမ်းယူပြီး ပါလီမန်(၂)ရပ်ကိုလည်းဖျက်သိမ်းခဲ့သည်။ တဆက်တည်းပင် ဗိုလ်ချုပ်နေဝင်းသည် ငွေစက္ကူများကို ဖျက်သိမ်းခြင်း၊ ပုဂ္ဂလိကစက်ရုံအလုပ်ရုံများ၊ ဆက်သွယ်ရေးလုပ်ငန်း၊ ကုန်သွယ်ရေးလုပ်ငန်းများ၊ ကိုယ်ပိုင်စာသင်ကျောင်းများအား ပြည်သူပိုင်သိမ်းယူခဲ့သည်။

ဗိုလ်ချုပ်နေဝင်းသည် မြန်မာနိုင်ငံအား မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ကို ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။ ၎င်းနောက် ၁၉၇၄ ခုနှစ်တွင်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲအတည်ပြုကာ နိုင်ငံတော်ကိုဆိုရှယ်လစ်စနစ်ဖြင့် အုပ်ချုပ်လေသည်။ ၎င်းဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) ပုဒ်မ(၁)တွင် မြန်မာနိုင်ငံကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဟု ခေါ်တွင်ရန် ပုဒ်မ(၅) တွင်မြန်မာနိုင်ငံ၏ စီးပွားရေးစနစ်ကို ဆိုရှယ်လစ်စီးပွားရေးစနစ် ကျင့်သုံးမည်ဟု၎င်း၊ ပုဒ်မ(၁၁) တွင် မြန်မာနိုင်ငံကိုမြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီက ဦးဆောင်မည်ဟူ၍၎င်း ဖော်ပြပါရှိပါသည်။

## ၁၉၆၂ ခုနှစ် မှ ၁၉၇၄ ခုနှစ်အတွင်းဥပဒေပြုရေးတရားစီရင်ရေးအုပ်ချုပ်ရေး

ဗိုလ်ချုပ်နေဝင်း၏ စစ်အာဏာသိမ်းမှုနောက်ပိုင်းတွင်၊ ဥပဒေပြုရေး၊ တရားစီရင်ရေး၊ အုပ်ချုပ်ရေးလုပ်ငန်းများမှာ၊ စစ်တပ်ကအလိုကျဆောင်ရွက်ခဲ့သည်။ (၁၂) နှစ်လုံးလုံး စစ်ကောင်စီမှ ၎င်းတို့အလိုကျ ဥပဒေပြုသည်။ တရားစီရင်သည်။ အုပ်ချုပ်ရေးလုပ်ငန်းများတွင် စွက်ဖက်သည်။ ပြည်သူတို့၏ထင်မြင်ချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိ၍သာ ဤကဲ့သို့ ဖြစ်ရသည်ဟု ယုံကြည်ခဲ့ကြသည်။

## ၁၉၇၄ မှ ၁၉၈၈ ခုနှစ်တွင်းဥပဒေပြုရေးတရားစီရင်ရေးအုပ်ချုပ်ရေး

၁၉၇၄ ခုနှစ်တွင် မြန်မာနိုင်ငံ၏ပုံသဏ္ဍာန်သည် တလှည့်ပြောင်းခဲ့ပြန်ပြီ။ ဗိုလ်ချုပ်နေဝင်းသည် The Burmese Way to Socialism ကို ကြွေကြော်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို ပြည်သူလူထုထံချပြသည်။ အပေါ်ယံအားဖြင့် ပြည်သူလူထုအတွက် အခွင့်အရေးများစွာ ပါရှိသည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူအများစုက အတည်ပြုပေးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုပြီးနောက် ဗိုလ်ချုပ်နေဝင်းနှင့် ဗိုလ်ချုပ်ကြီးများသည် အရပ်ဝတ်လဲကာ အရွေးခံကြတော့သည်။ တပါတီအာဏာရှင်စနစ်ဖြစ်သဖြင့် ဗိုလ်ချုပ်နေဝင်းနှင့်၎င်း၏အရပ်ဝတ်လဲ ဗိုလ်ချုပ်ကြီးများကသာ နိုင်ငံ၏အမြင့်ဆုံး ရာထူးများရခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ မြန်မာနိုင်ငံကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံဟူ၍ ခေါ်တွင်စေသည်။ ထိုစဉ်ရွေးချယ်ခံရသောသူများမှာ၊ နိုင်ငံတော် သမ္မတအဖြစ် ဦးနေဝင်းဖြစ်ပြီး နိုင်ငံတော်ကောင်စီဝင် (၂၉)ဦးတွင်လည်း စစ်တပ်မှအရပ်ဝတ်လဲစစ်ဗိုလ်များသာ ဖြစ်သည်။ လွှတ်တော်ကိုယ်စားလှယ်

များထဲမှ ဝန်ကြီးများ ရွေးချယ်ပြီး ထိုသူများမှဝန်ကြီးချုပ်ကို ရွေးချယ်သည်၊ အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်မှဝန်ကြီးအဖွဲ့ကို ဦးဆောင်သည်။ တရားသူကြီးအဖွဲ့ကို လွှတ်တော်မှရွေးချယ်ပေးပြီး ဥက္ကဋ္ဌ တဦးကို ရွေးချယ်ရသည်။ ၎င်းအပြင် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ကိုလည်ကောင်း၊ ပြည်သူ့စာရင်းစစ်အဖွဲ့ကိုလည်းကောင်း ရွေးချယ်ပေးရသည်။ ဖွဲ့စည်းပုံသစ်အရ သမ္မတကို ပြည်သူက တိုက်ရိုက်ရွေးချယ်သည့်စနစ် မဟုတ်ဘဲပြည်သူလူထုက ဒေသဆိုင်ရာလွှတ်တော်ကိုယ်စားလှယ်များကို ရွေးချယ်ပေးရသည်။ ထိုလွှတ်တော်ကိုယ် စားလှယ်များမှ နိုင်ငံတော်သမ္မတ၊ ဝန်ကြီးချုပ်၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်(ရှေ့နေချုပ်) စာရင်းစစ်ချုပ်တို့ကို ရွေးချယ်ပေးရသည်။ လွှတ်တော်ကိုယ်စားလှယ် အားလုံးသည်ပါတီဝင်များဖြစ်ရသည်။

ပြည်သူ့တရားသူကြီးအဖွဲ့သည် နိုင်ငံတော်၏အမြင့်ဆုံးသော တရားစီရင်ရေးလုပ်ငန်းများနှင့် အယူခံမှုများကို ကြားနာရသည်။ ပြည်နယ်နှင့်တိုင်းတရားရုံးများသည် မူလမှုများကို စစ်ဆေးကြားနာခြင်း၊ အယူခံမှုများကို ကြားနာ ခြင်းများ ပြုရသည်။ မြို့နယ်တရားသူကြီးများသည် မူလမှုများကို စစ်ဆေးစီရင်ပြီးရပ်ကွက်နှင့် ကျေးရွာအုပ်စုများသည် ထောင်ဒဏ်(၆)လထက်မပိုသော မူလမှုများကိုစစ်ဆေးစီရင်သည်။ ပြည်နယ်နှင့်တိုင်းတရားသူကြီးများကို ပြည်နယ်နှင့်တိုင်းလွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းပြီး၊ မြို့နယ်တရားသူကြီးကို မြို့နယ်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ထို့အတူရပ်ကွက်ကျေးရွာအုပ်စု တရားသူကြီးများကို ရပ်ကွက်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသည်။ အားလုံးတင်းပြည့်ပါတီဝင်များဖြစ်ရသည်။ (၃)ဦးထိုင်စနစ်ကို ကျင့်သုံးသည်။ ဖွဲ့စည်းပုံသစ်အရ Attorney General ကိုလွှတ်တော်မှ ရွေးချယ်ရသည်။ Attorney General သည် ဥပဒေဝန်ထမ်း (Legal Officer) များနှင့် ဗဟိုနှင့် ဒေသဆိုင်ရာများတွင် ကြီးကြပ်ရသည်။ Legal Officer များသည် ဗဟိုနှင့်ဒေသဆိုင်ရာတရားရုံးများတွင် အမှုလိုက်ပါဆောင်ရွက်ခြင်း၊ ဗဟိုနှင့်ဒေသဆိုင်ရာများတွင်အယူခံမှု၊ ပြင်ဆင်မှုများကို လိုက်ပါဆောင်ရွက်ခြင်း၊ သက်ဆိုင်ရာဌာနများမှ ဥပဒေအကြံဉာဏ်များတောင်းခံလာပါက ဥပဒေအကြံပေးခြင်း၊ နိုင်ငံသားများမှ တိုင်ကြားလာသည့်တိုင်တန်းချက်များကို လက်ခံဖြေရှင်းခြင်း၊ ဖြေရှင်းမပေးနိုင်သည်များကို အထက်အဆင့်ဆင့်သို့ တင်ပြခြင်း လုပ်ငန်းများလုပ်ကိုင်ရသည်။

ပြည်သူ့တရားသူကြီးဥက္ကဋ္ဌသည် ဗဟိုနှင့်တရားရုံးအဆင့်ဆင့်ကို ကြီးကြပ်ခြင်း၊ တရားရေးဝန်ထမ်းများခန့်ထား၍ အဆင့်သောတရားရုံးများရှိ တရားသူကြီးများကို ကူညီအကြံပေးခြင်း စသည့်လုပ်ငန်းများဆောင်ရွက်ပါသည်။ ထို့အတူ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့သည် စာရင်းစစ်ရုံးဝန်ထမ်းများဖြင့် ဒေသဆိုင်ရာများတွင်ကြီးကြပ်သည်။ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ၏ ဦးဆောင်မှုဖြင့် ပြည်သူတရပ်လုံး၏ စားဝတ်နေရေးကိုချောင်လည်အောင်၊ လူနေမှုဘဝ မြင့်တင်ပေးမည်ဟုကြေငြာချက်နှင့်အညီ၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန် ဦးတည် လာသည်။ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို အကောင်အထည်ဖော်ရန်၊ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ကာကွယ်သော ဥပဒေများပြဋ္ဌာန်းရန် လိုအပ်သည်ဟုဆိုကာ ဥပဒေသစ်များကို လွှတ်တော်မှပြဋ္ဌာန်းခဲ့ပါသည်။

**(မှတ်ချက်။ ။ ပြည်သူ့ဟစ်တိုင်အင်တာနက်စာမျက်နှာတွင် ဖေါ်ပြထားသော ဆောင်းပါးအား ဥပဒေရေးရာ စာစောင်၊ စာဖတ်ပရိတ်သက်များအား ပြန်လည် ဖေါ်ပြလိုက်ပါသည်။)**

✡✡✡✡✡✡✡✡✡

## အသင်းအဖွဲ့များဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ဆွေးနွေးသုံးသပ်တင်ပြချက်

**သတင်းနှင့်မှတ်တမ်းဌာန**

တနင်္ဂနွေနေ့တိုင်း တင်ဆက်ပေးနေကြ မြန်မာ့ဒီမိုကရေစီရေးရာ ဆွေးနွေးခန်း အစီအစဉ်ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရက်ပိုင်းမှာ မြန်မာနိုင်ငံရဲချုပ် ဗိုလ်မှူးချုပ်ခင်ရီက CRPP အဖွဲ့တာဝန်ရှိသူတွေကို ခေါ်ယူသတိပေးခဲ့ပါတယ်။ ဒီလိုလုပ်တာဟာ တရားဝင်မှုရှိရဲ့လား ဥပဒေနှင့်အညီ စည်းရုံးဖွဲ့စည်းမယ်ဆိုတာ ဘာတွေလဲ၊ စတာတွေကို မြန်မာနိုင်ငံ ရွေးနေများကောင်စီ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးနှင့် ဆက်သွယ်ပြီး ဦးသန်းလွင်ထွန်းက ဆွေးနွေးတင်ဆက်ထားပါတယ်။

### ဦးသန်းလွင်ထွန်း

မြန်မာနိုင်ငံမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးစတဲ့ နိုင်ငံရေးခေါင်းဆောင်များနှင့်တိုင်းရင်းသား ခေါင်းဆောင်များကို ဖမ်းဆီးထားတာဟာ တည်ဆဲဥပဒေအရ ပြစ်မှုကျူးလွန်သည်ကို ဥပဒေနှင့်အညီ အရေးယူထားခြင်းဖြစ်ပြီး တွေ့ဆုံဆွေးနွေးရေးတောင်းဆိုချက် ပြည်သူ့လွှတ်တော်ခေါ်ယူရေးတောင်းဆိုချက် စတာတွေဟာ မဖြစ်နိုင်တော့တဲ့ ကျိုးကြောင်း ဆီလျော်မှုမရှိတဲ့ တောင်းဆိုချက်တွေဖြစ်တယ်လို့ မြန်မာ့အစိုးရသတင်းစာတွေမှာ ဖော်ပြထားပါတယ်။ အထူးသဖြင့် စီအာပီပီလို့ခေါ်တဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဟာ ဥပဒေနှင့်အ ညီ ဖွဲ့စည်းထားတဲ့ အဖွဲ့မဟုတ်တာမို့ ဒီလိုတောင်းဆိုချက်တွေကို ဆက်မလုပ်ဖို့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီက အန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေ စီအာပီပီအတွင်းရေးမှူး ဦးအေးသာအောင်တို့ကို ခေါ်ယူသတိပေးခဲ့တယ်လို့ ဆိုတော့ အဲ့ဒါဟာ ခြိမ်းခြောက်မှုသဘောပါ ထိုသတိပေးချက်ဟာ ဥပဒေနဲ့ညီရဲ့လားဆိုတာကို မြန်မာနိုင်ငံရွှေနေ များကောင်စီအထွေထွေ အတွင်းရေးမှူး ဦးအောင်ထူးကို ကျနော်ဆက်သွယ်မေးမြန်းထားပါတယ်။ ဦးအောင်ထူး ခင်ဗျား၊ ပထမဆုံးအနေနဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီရဲ့ ခေါ်ယူသတိပေးချက်ဟာ မြန်မာနိုင်ငံရေး အတိုက်အခံတွေအတွက် ဘယ်လောက်ထိများ စိုးရိမ်စရာရှိသလဲဆိုတာ အရင်ဆုံးရှင်းပြပေးပါလားခင်ဗျား။

### ဦးအောင်ထူး

စိုးရိမ်စရာဖြစ်တဲ့အခြေအနေနဲ့ ပြောမယ်ဆိုရင်တော့ ဦးခွန်ထွန်းဦးနှင့်ရှမ်းတိုင်းရင်းသား ခေါင်းဆောင် (၉) ဦးကို ဖမ်းပြီးတဲ့နောက်ပိုင်းမှာ အသင်းအဖွဲ့ဖွဲ့ စည်းရေးဆိုင်ရာ ဥပဒေကို ၁၉၈၈ ခုနှစ် ဥပဒေနဲ့ဆက်စပ်ပြီး တောက်လျှောက် ပြစ်မှုကြီးတွေ ဆင်ပြီးတော့ ထောင် (၁၀၆) နှစ်ချတဲ့အဆင့်ထိ ဖြစ်သွားတယ်။ အဲ့ဒီမှုခင်းပေါ်မှာ ကျနော်တို့လူထုတစ်ရပ်လုံးက ထိထိရောက်ရောက် တုံ့ပြန်ပြီး ဥပဒေကြောင်းနှင့်အညီ တိုက်ပွဲမဝင်နိုင်တဲ့အခါကျတော့ အခုချိန်မှာ နောက်တစ်ဆင့်တိုးပြီး အန်အယ်လ်ဒီခေါင်းဆောင်များနှင့် စီအာပီပီအဖွဲ့ဝင်များကို ဥပဒေ ကြောင်းအရ ခြိမ်းခြောက်မှုလုပ်လာတာမျိုး ဖြစ်တယ်လို့ ကျနော်မြင်ပါတယ်။

**ဦးသန်းလွင်ထွန်း**

ဟုတ်ကဲ့၊ အစောပိုင်းက ဦးအောင်ထူးပြောသွားတဲ့အထဲမှာ ပြစ်မှုကြီးတွေဆင်တယ်ဆိုတဲ့ အသုံးအနှုန်းကို ကျနော် ကြားရပါတယ်။ ဒီနေရာမှာ စီအာပီပီဆိုတဲ့အဖွဲ့ဟာ ရဲချုပ် ဗိုလ်မှူးချုပ် ခင်ရီပြောသလို ဥပဒေနှင့်အညီ ဖွဲ့စည်းထားတဲ့အဖွဲ့အစည်းမဟုတ်ဘူးဆိုတာကရော မှန်ပါသလားခင်ဗျား။

**ဦးအောင်ထူး**

ဒီလိုပါ အသင်းအဖွဲ့နဲ့ဆိုင်တဲ့ဥပဒေကို အနည်းငယ်ရှင်းပြဖို့လိုပါတယ်။ မြန်မာနိုင်ငံမှာ တည်ဆဲဥပဒေနှစ်ခုရှိပါတယ်။ တစ်ခုကတော့ ၁၉၈၈ မတရားအသင်းအက်ဥပဒေဖြစ်ပါတယ်။ မတရားအသင်းအက်ဥပဒေက ဘာလဲဆိုတော့ အသင်းအဖွဲ့တစ်ရပ်က ဖွဲ့စည်းပြီးလို့ လှုပ်ရှားနေတဲ့အချိန်မှာ ဒီအသင်းအဖွဲ့က အကြမ်းဖက်မှုကို ကျူးလွန်အားပေးတဲ့ အဖွဲ့ဖြစ်တယ်ဆိုရင် ဒီအသင်းဖွဲ့ကို မတရားအသင်းအဖွဲ့အဖြစ် ကြေညာလို့ရတယ်။ ဒုတိယတစ်ချက်က ဒီအသင်းအဖွဲ့ဟာ ဥပဒေစိုးမိုးမှုကို နှောင့်ယှက်တယ်။ လူထုတွေညီညွတ်မှုကို အန္တရာယ်ပြုတယ် ဆိုတဲ့ အဖွဲ့ဖြစ်လျှင် သမ္မတက မတရားအသင်းအဖြစ်ကြေညာခွင့်ရှိတယ်။ ဒီဥပဒေအခြေခံနဲ့ ပြောမယ်ဆိုရင် စီအာပီပီဟာ အကြမ်းဖက်မှုကို ကျူးလွန်အားပေးတဲ့အဖွဲ့မဟုတ်ဘူး၊ ဥပဒေစိုးမိုးမှုကို နှောင့်ယှက်တယ်၊ လူထု ငြိမ်းချမ်းမှုကို အန္တရာယ်ပြုတယ်ဆိုတဲ့အဖွဲ့ဖြစ်တယ်ဆိုလို့ ဘာတစ်ခုမှ အချက်အလက်မရှိတာကြောင့် မတရား အသင်းကြေညာစရာအကြောင်း လုံးဝမရှိတော့ ၁၉၈၈ မတရားအသင်းအက်ဥပဒေနဲ့ လုံးဝဆက်စပ်လို့မရနိုင်ဘူး လို့ ကျနော်ပြောချင်ပါတယ်။

**ဦးသန်းလွင်ထွန်း**

ဒီနေရာမှာ မြန်မာစစ်အစိုးရအနေနဲ့ သူတို့ရဲ့လမ်းညွှန်ချက်တွေနဲ့အညီ ဆောင်ရွက်နေတဲ့ အမျိုးသားညီလာခံ နှင့်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကြိုးပမ်းချက်တွေအပေါ်ကို ထိပါးနှောင့်ယှက်မည့်သူမှန်သမျှကို ဥပဒေကြောင်းအရ အရေးယူသွားမယ်ဆိုပြီး အမိန့်ကြေညာချက်တွေ ထုတ်ပြန်ထားတာလည်းရှိတယ်ဆိုတော့ စီအာပီပီဟာ အထူးသဖြင့် ပြည်သူ့လွှတ်တော် ခေါ်ယူရေးကိစ္စကို တွန်းအားပေးနေတဲ့အဖွဲ့အစည်းဖြစ်တာမို့ ဒါဟာ မြန်မာစစ်အစိုးရ ကျင်းပနေတဲ့ အမျိုးသားညီလာခံကို နှောင့်ယှက်တဲ့အချက်လို့ သူတို့အနေနဲ့ယူဆလို့ မရနိုင်ဘူးလားခင်ဗျား။

**ဦးအောင်ထူး**

နိုင်ငံရေးအရ ယူအဆတာကတော့ ကြိုက်သလို ယူဆခွင့်ရှိတယ်၊ ဘယ်သူမဆိုယူဆလို့ရတာဘဲ၊ အခုကျနော်တို့ တင်ပြနေတာက လက်ရှိတည်ဆဲဥပဒေအရ တင်ပြခြင်းဖြစ်တယ်။ ခုနက မီဒီယာဆရာမေးသွားတဲ့ ဥပဒေအရ ပြောမယ်ဆိုရင် အမျိုးသားညီလာခံမှာ နှောင့်ယှက်မှု၊ အမျိုးသားညီလာခံကို ဆန့်ကျင်ပြီး ပျက်စီးအောင်လုပ်တဲ့ ကိစ္စမျိုးဖြစ်တော့မှ သာလျှင် အဲ့ဒီဥပဒေနှင့်အညီ ပြောလို့ရတာဖြစ်တယ်။ ဒါကြောင့် စီအာပီပီ အနေနဲ့ လုံးဝအဓ ဝေးကြီးဖြစ်နေတယ်။ နောက်တခု ရဲချုပ်ကနေ ခေါ်ပြီး သတိပေးတဲ့ကိစ္စကလည်း အမျိုးသားညီလာခံဆန့်

ကျင်တဲ့ ကိစ္စနဲ့ မဆိုင်ဘဲ အသင်းအဖွဲ့ ဖွဲ့စည်းတဲ့ကိစ္စအပေါ်မှာ ခြိမ်းခြောက်လိုက်တာဖြစ်တယ်လို့ ကျနော်နားလည်ပါတယ်။

### ဦးသန်းလွင်ထွန်း

ဟုတ်ကဲ့၊ ဒီလိုခေါ်ယူ သတိပေးပြီးလို့ရှိရင် နောက်ထပ် နောက်ဆက်တွဲအနေနဲ့ ဘာတွေများဖြစ်လာစရာရှိပါ သလဲခင်ဗျာ။

### ဦးအောင်ထူး

ဘာဖြစ်လာနိုင်သလဲဆိုရင် ဦးခွန်ထွန်းဦးအပါအဝင် ရှမ်းတိုင်းရင်းသားခေါင်းဆောင် (၉)ယောက်ကို အရေးယူသလိုမျိုးပေ့ါ၊ ရှမ်းခေါင်းဆောင် (၉)ယောက်ဖြစ်တဲ့ကိစ္စမှာဆို ဒီထက်အများကြီး ပေါ့တယ်လို့ပြောလို့ရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ဘက်က ရှမ်းအမျိုးသားနေ့မှာ ရှမ်းပြည်နယ်ပညာရှင်များအတိုင်ပင်ခံကောင်စီ ဖွဲ့စည်းဖို့ ကြိုးစားတဲ့အဆင့်ပဲ ရှိသေးတယ်။ အဲ့ဒီကြိုးစားတဲ့အဆင့်မှာ ဆေးမှင်ထုတ်တဲ့အဆင့်လောက်မှာတင် အားလုံးကိုဖမ်းပြီး ထောင်ချလိုက်တာ ပြစ်ဒဏ်ကြီးကြီးမားမား ချလိုက်တာဖြစ်တယ်။ သို့သော် အခု စီအာပီပီက တော့ အဲ့ဒါနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပိုပြီးထင်သာမြင်သာတဲ့ Body တရပ်လို ဖြစ်လာတာပေ့ါ၊ တကယ့်အကယ် ရှမ်းခေါင်းဆောင်(၉) ဦးကို ချတဲ့နေရာမှာ အမှုဟာ ဥပဒေနှင့်မညီဘူးဆိုတဲ့ အချက်ပေါ်မှာ လူထုတရပ်လုံးက ဥပဒေကြောင်းအရကိုပဲ ပြင်းပြင်းထန်ထန်ဆန့်ကျင်ဖို့ လိုပါတယ်။ အဲ့လိုမဆန့်ကျင်တဲ့အခါမှာတော့ အခု စီအာပီပီ ကိစ္စမှာ လာရိုက်ခတ်တာဖြစ်တယ်။

### ဦးသန်းလွင်ထွန်း

စောစောတုန်းက ရှမ်းခေါင်းဆောင်တွေကို အမှုတွေနဲ့စွဲပြီး ထောင်ချတဲ့ကိစ္စမှာ ရှမ်းခေါင်းဆောင်တွေက ရှမ်းပြည် အတိုင်ပင်ခံကောင်စီဆိုပြီး ဖွဲ့စည်းတဲ့ကိစ္စမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ နိုင်ငံတော်စည်းလုံးညီညွတ်ရေး ကိုပျက်စီးစေမယ့် အခြေတရပ်အဖြစ် ယူဆပြီး ထောင်ချခဲ့တာဖြစ်တယ်လို့ ကျနော်တို့သိရပါတယ်။ အခု စီအာပီ ပီရဲ့ လုပ်ရပ်နဲ့ ပတ်သက်ပြီး မြန်မာစစ်အစိုးရအနေနဲ့ ဘာများအထူးတလည် စိုးရိမ်စရာတွေရှိနေလို့လဲခင်ဗျာ။

### ဦးအောင်ထူး

ရှမ်းခေါင်းဆောင်တွေအတွက် စတင်စိုးရိမ်တာကတော့ လူတွေစုပြီးတော့ အသင်းအဖွဲ့တွေ ဖွဲ့စည်းလှုပ်ရှားလာကြတယ်၊ ငြိမ်းချမ်းတဲ့စုစည်းဖွဲ့စည်းမှုတွေ လှုပ်ရှားလာတဲ့အခါမှာ နိုင်ငံရေးအခြေအနေမူတရပ် ဖြစ်လာနိုင်တယ်၊ အဲ့ဒီတော့ တိုင်းရင်းသားအဖွဲ့တွေ စုစည်းကြတယ်၊ တပ်ပေါင်းစုကြီးတည်ဆောက်ကြတယ်၊ အပြစ်အခတ်ရပ်စဲ ရေးအဖွဲ့တွေ စုစည်းကြတယ်၊ အချင်းချင်းပြည်လည် ထိတွေ့ကြတယ်၊ ဒီလိုအသင်းအဖွဲ့ ဖွဲ့စည်းလှုပ်ရှားတဲ့ ပုံသဏ္ဍာန်မျိုးနဲ့ အရှိန်အဟုန်ကောင်းလာရင် အဲ့ဒီအရှိအဟုန်ကို သူတို့ကြောက်တယ်၊ လမ်းပေါ်မှာ လူအုပ်ကြီးနဲ့ လူထုချီတက်တဲ့ပုံစံနဲ့ လုပ်တဲ့ကိစ္စကို သူတို့ကြောက်တယ်။ ဒါကြောင့် ဒီပဲယင်းကိစ္စမှာ သူတို့အကြီးအကျယ် ရိုက်ချိုးခဲ့တယ်၊ ရိုက်ချိုးခံရတဲ့လူထုက နောက်ထပ်နည်းလမ်းတွေရှာတယ်၊ သူတို့မှာရှိတဲ့ လွတ်လပ်စွာဖွဲ့စည်းခွင့်၊ ပြောရေးဆိုခွင့်တို့ကို ကျင့်သုံးဖို့ ကြိုးစားလာကြတယ်၊ ကြိုးစားတဲ့အထိမ်းအမှတ်အဖြစ်နဲ့ အပြစ်အခတ်ရပ်စဲရေး အဖွဲ့တွေအား

လုံးနီးပါးပါတဲ့ တိုင်းရင်းသားခေါင်းဆောင်တွေရဲ့ စုစည်းမှုတွေ၊ နိုင်ငံရေးအရလှုပ်ရှားမှုတွေ ပေါ်လာတယ်။ ပေါ်လာတဲ့အခါကျတော့ ဖိနှိပ်ဖို့ကြိုးစားတယ်၊ လက်ရှိတည်ဆဲဥပဒေတွေကို တလွဲမှားယွင်း အသုံးချပြီး ရိုက်ချိုးဖို့ကြိုးစားလာတယ်လို့ ကျနော်သုံးသပ်ပါတယ်။

### ဦးသန်းလွင်ထွန်း

ဒီနေရာမှာ ဦးအောင်ထူးပြောသလိုဘဲ စစ်အစိုးရလုပ်ရပ်တွေနဲ့ပတ်သက်လို့ ပြည်သူတွေဘက်ကရော၊ နိုင်ငံရေး အသိုင်းအဝိုင်းဘက်ကပါ ဥပဒေကြောင်းအရ ပြန်ပြီး ပြင်းပြင်းထန်ထန် လှုပ်ရှားတုံ့ပြန်ခဲ့မှုတွေ အားနည်းခဲ့တယ်လို့ ဆိုပါတယ်ခင်ဗျာ၊ အဲ့ဒါကို နည်းနည်းလေးရှင်းပြပေးပါလား။

### ဦးအောင်ထူး

လက်ရှိတည်ဆဲဥပဒေတွေကို ပြန်လေ့လာဖို့လိုပါတယ်။ အခု အဓိကပြဿနာဖြစ်လာတဲ့ ၁၉၈၈ ခုနှစ်၊ အသင်း အဖွဲ့များဆိုင်ရာဥပဒေဖြစ်ပါတယ်၊ နိုင်ငံထဲမှာရှိတဲ့ ပြည်သူပြည်သားတိုင်း ဒီဥပဒေကို ပြန်ကြည့်လို့ရပါတယ်၊ ရှင်းနေတဲ့အချက်က နိုင်ငံတော်အုပ်ချုပ်ရေးယန္တရား၊ တပ်မတော်၊ ရဲတပ်ဖွဲ့ရဲ့ လိုက်ပါမှုကိုထိခိုက်စေဖို့ ရည်ရွယ် ချက်နဲ့အဖွဲ့အစည်းတွေ ဖွဲ့လို့မရဘူး၊ ထိခိုက်ဖို့ ရည်ရွယ်ချက်မရှိဘူးဆိုရင် ဘယ်အသင်းအဖွဲ့မဆိုဖွဲ့စည်းလို့ရ တယ်။ သူ့ရဲ့ကန့်သတ်ချက်က ဘာလဲဆိုတော့ (၂)ချက်ရှိပါတယ်။ တစ်ချက်က အသင်းအဖွဲ့တွေဟာ ဖွဲ့စည်းခွင့် ရဖို့သတ်မှတ်ထားတဲ့နည်းလမ်းအတိုင်း လျှောက်ရမယ်၊ ဒုတိယတချက်က ဖွဲ့စည်းပြီးတဲ့အသင်းအဖွဲ့တွေဟာ ဖွဲ့စည်းပြီးတဲ့နေ့ကစပြီး ရက်ပေါင်း(၃၀)အတွင်းမှာမှတ်ပုံတင်ရန်အတွက် လျှောက်ရတယ်။ ကျနော်တင်ပြချင်တဲ့ အချက်က လက်ရှိတည်ဆဲဥပဒေအရကိုပဲ မှတ်ပုံမတင်တဲ့ အဖွဲ့တွေဟာ တရားမဝင်တဲ့အဖွဲ့တွေဖြစ်တယ်၊ မှတ်ပုံ မတင်တဲ့အဖွဲ့တွေကို ဥပဒေနဲ့အညီအရေးယူလို့ရတယ်၊ ပြစ်ဒဏ်ပေးလို့ရတယ်ဆိုတဲ့ ပြဌာန်းချက်တွေဟာ ဒီဥပဒေမှာ တလုံးမှမပါဘူး၊

### ဦးသန်းလွင်ထွန်း

ဆိုလိုတဲ့သဘောက စီအာပီပီ ဆိုတဲ့အဖွဲ့ဟာ မြန်မာအစိုးရမှာ သက်ဆိုင်ရာမှာ မှတ်ပုံတင်ထားတဲ့ အဖွဲ့မဟုတ်တဲ့အတွက်ကြောင့်မို့လို့ အရေးယူဖို့ ခံရနိုင်တယ်ဆိုတဲ့ ပြောဆိုချက်ဟာ ဒီဥပဒေမှာမပါဘူးဆိုတဲ့ သဘောပေါ့။

### ဦးအောင်ထူး

ဥပဒေထဲမှာ လုံးဝမပါဘူး၊ တလုံးတပါဒမှ မပါဘူး၊ လူတိုင်းပြန်ဖတ်ကြည့်လို့ရတယ်၊ အဲ့ဒီတော့ အသင်းအဖွဲ့ တဖွဲ့ဖွဲ့လိုက်လျှင် ဖွဲ့ပြီးတဲ့အချိန်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို အဖွဲ့အစည်း ဖွဲ့စည်းကြောင်း လျှောက်ရမယ်၊ လျှောက်ပြီးတဲ့အခါ ရက်ပေါင်း(၃၀)အတွင်း လျှောက်ထားရမယ်။ ဒါပေမဲ့ ရက်ပေါင်း(၃၀)အတွင်း မလျှောက်ထားလျှင် ဘယ်အသင်းအဖွဲ့ကိုမဆို အရေးယူမည်ဆိုတဲ့ ပြဌာန်းချက်က လုံးဝမပါဘူး။ သို့သော် ဘယ်အခါမှာ အရေးယူမလဲဆိုတော့ ဤဥပဒေ အပိုဒ် (၇)မှာ ခွင့်ပြုချက်မရတဲ့ အသင်းအဖွဲ့ကို ဖွဲ့စည်းမယ်၊ ဆက်လက်ရပ်တည်လှုပ်ရှားမယ်ဆိုရင်တော့ ပြဿနာရှိသွားပြီ။

**ဦးသန်းလွင်ထွန်း**

ဟုတ်ကဲ့၊ စီအာပီပီ အနေနဲ့ကရော လူတိုင်းပါဝင်နိုင်တဲ့အသင်းအဖွဲ့သဘောမျိုးရော သက်ရောက်ရဲ့လားခင်ဗျာ။ သူ့အနေနဲ့ ဒါနိုင်ငံရေးပါတီ အဖွဲ့အစည်းတွေရဲ့ ခေါင်းဆောင်တွေ စုပေါင်းပြီးတော့ လုပ်ငန်းကော်မတီလေးသာ ဖွဲ့ထားတာပဲ မဟုတ်ဘူးလားခင်ဗျာ။

**ဦးအောင်ထူး**

အဲ့ဒါကတော့ အသင်းအဖွဲ့တခုချင်းစီရဲ့ အနေအထားနဲ့ပဲဆိုင်တယ်၊ အသင်းအဖွဲ့ဆိုတာက သူ့ရဲ့ရည်မှန်းချက်ရှိမယ်၊ လုပ်ငန်းစဉ်တွေရှိမယ်၊ ဖွဲ့စည်းပုံးတွေရှိမယ်၊ သတ်မှတ်ထားတဲ့ ဥက္ကဋ္ဌ၊ အတွင်းရေးမှူး ရှိမယ်။ အဲ့လိုရှိမယ်ဆိုရင်တော့ အသင်းအဖွဲ့လို့ဘဲ သတ်မှတ်ရမှာဖြစ်တယ်။

**ဦးသန်းလွင်ထွန်း**

စောစောက ဦးအောင်ထူးပြောတဲ့နေရာမှာ မြန်မာနိုင်ငံမှာ ဥပဒေကို လိုရာဆွဲယူအသုံးချပြီးတော့ အတိုက်အခံတွေကို နှိပ်ကွပ်နေတဲ့ ပြဿနာတွေနဲ့ပတ်သက်လို့ ပြည်သူတွေဘက်ကနေပြီး ဥပဒေကြောင်းအရဘဲ ပြန်ပြီး ပြင်းပြင်းထန်ထန် ဆန့်ကျင်လှုပ်ရှားသွားဖို့ဆိုရင် ခေါင်းဆောင်ပြီးတော့ လုပ်ကိုင်ပေးရမယ့် အဖွဲ့အစည်းသဘောမျိုး လိုအပ်မယ်ပေါ့၊ ဘာကြောင့်လဲဆိုရင် ဦးအောင်ထူးအနေနဲ့ မြန်မာနိုင်ငံရှေ့နေများကောင်စီဆိုရင် နိုင်ငံခြားမှာ အခြေစိုက်တဲ့ အဖွဲ့အစည်းဖြစ်နေတယ်ဆိုတော့ ပြည်တွင်းမှာဆိုရင်ကော အလားတူဦးစီးဦးရွက် လုပ်ဆောင်နေတဲ့ အဖွဲ့အစည်းမျိုးရှိသင့်တယ်လို့ယူဆပါသလားခင်ဗျာ။

**ဦးအောင်ထူး**

ရှိရင်တော့ကောင်းတာပေါ့ခင်ဗျာ၊ ဥပမာ ဖိလစ်ပိုင်းအတွေ့အကြုံတခုမှာ သမ္မတမားစ်ကို့ရဲ့ထုတ်ပြန်ချက် ဥပဒေတွေကို ခုခံတိုက်ဖို့ ဥပဒေဆိုင်ရာကိစ္စနှင့်ပတ်သက်ပြီး ဖွဲ့စည်းထားတဲ့ အဖွဲ့အစည်းတခုက တော်တော်ကို နာမည်ရခဲ့တာပဲ၊ တချိန်တည်းမှာ ကျနော်တို့နိုင်ငံထဲမှာ ဥပဒေပညာရှင်တွေ၊ ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်တွေ တော်တော်များများရှိကြတယ်၊ လုပ်ဆောင်နေတဲ့အပိုင်းတွေလည်း ရှိပါတယ်။ အဲ့လို ကြီးကြီးမားမားအသင်း အဖွဲ့ကြီးတခုအဖြစ် နဲ့ ရပ်တည်လှုပ်ရှားဖို့ အခြေအနေပေးထား၊ မထားတာတော့ အထဲကပုဂ္ဂိုလ်များကပိုသိနိုင်ပါတယ်၊ တင်ပြချင်တဲ့အချက်က ဥပဒေထဲမှာလည်းပဲ၊ ဥပဒေဘောင်ထဲကကိုပဲ လှုပ်ရှားလို့ရတဲ့ အချက်အလက်တွေရှိနေပါတယ်။ ရှိနေတဲ့အချက်ကို သုံးပြီးတော့ လှုပ်ရှားခြင်းအားဖြင့် ဥပဒေနည်းနဲ့တိုက်ပွဲဝင်တဲ့အခြေခံကို အရှိန်အဟုန်တိုးသွားမယ်ဆိုရင် အောင်မြင်နိုင်တဲ့ အလားအလာရှိမယ်လို့ ကျနော်တင်ပြချင်ပါတယ်။

**ဦးသန်းလွင်ထွန်း**

ဒါဆိုရင် ဥပဒေနည်းလမ်းအရတိုက်ပွဲဝင်တယ်ဆိုတဲ့ ဥပမာတချို့ကို နည်းနည်းပြောပြပါလားခင်ဗျာ။

**ဦးအောင်ထူး**

အသင်းအဖွဲ့ရဲတင်းစွာဆက်ဖွဲ့ရမယ်၊ ဥပဒေအရ တင်ပြချင်တဲ့အချက်က အသင်းအဖွဲ့ ဖွဲ့ခွင့်ရှိတယ်၊ ဥပဒေမှာ မဖွဲ့နဲ့လို့ ပိတ်ပင်မထားဘူး၊ နောက်ပြီး မှတ်ပုံ တင်ပါလို့ပြောထားတယ်။ သို့သော် ရက်ပေါင်း(၃၀)အတွင်း မှတ်ပုံမတင်ရင် အပြစ်ပေးမယ်လို့ ပြဌာန်းထားတာ မရှိဘူး။ ဒုတိယအချက်က အသင်းအဖွဲ့တွေက နိုင်ငံရဲ့ အုပ်ချုပ်ရေးယန္တရားလည်ပတ်မှုကို ထိခိုက်ဖို့အတွက် ရည်ရွယ်ချက်နဲ့ဖွဲ့တာမဟုတ်ရင် လှုပ်ရှားခွင့်ရှိတာပဲ၊ အသင်းအဖွဲ့ရဲ့ ရည်ရွယ်ချက်ထဲမှာ အဲ့လိုဖြစ်စေမည့် အသုံးအနှုန်းတွေမျိုး မပါဘူးဆိုရင်တော့ အစိုးရဖက်က အဲ့ဒီ အသင်းအဖွဲ့တွေကို ဥပဒေအရ ဘယ်လိုမှအရေးယူလို့မရဘူး၊ ဒါဟာ ကျနော်တို့ဖက်က တင်ပြလိုခြင်း ဖြစ်တယ်။

မြန်မာနိုင်ငံရှေ့နေများကောင်စီ၊ အထွေထွေအတွင်းရေးမှူး ဦးအောင်ထူးကို ဆက်သွယ်မေးမြန်းခဲ့တာဖြစ်ပါတယ်။

**(မှတ်ချက်။ ။VOA မှထုတ်လွှင့်ခဲ့သော မြန်မာ့ဒီမိုကရေစီရေးရာဆွေးနွေးခန်းမှ ကောက်နှုတ်ချက်ကို ဥပဒေရေးရာစာစောင် စာဖတ်ပရိတ်သတ်များအတွက် ပြန်လည်တင်ပြခြင်းဖြစ်သည်၊)**

✡✡✡✡✡✡✡✡✡

## စာစောင်မှာယူခြင်း

သို့
ဖြန့်ချိရေးတာဝန်ခံ
အခြေခံဥပဒေရေးရာစာစောင်
မြန်မာနိုင်ငံရှေ့နေများကောင်စီ

အခြေခံဥပဒေရေးရာစာစောင်ကို မှန်မှန်ဖတ်ရှုလိုပါသဖြင့် အောက်ဖော်ပြပါ လိပ်စာအတိုင်း ပေးပို့ပါရန် မှာကြားအပ်ပါသည်။

လေးစားစွာဖြင့်
အမည် – _ _ _ _ _ _ _ _ _ _ _ _ _ _ _ _
ရက်စွဲ – _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသူအနေဖြင့် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြပေးရန် ပန်ကြားအပ်ပါသည်။

အဖွဲ့အစည်းအမည် (အဖွဲ့အစည်းတခုခု၏ အဖွဲ့ဝင်ဖြစ်ပါက)

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

စာစောင်မှာယူသည့်ရည်ရွယ်ချက်၊

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

မှာယူလိုသည့်စာအုပ်အရေအတွက် ( _ _ _ _ _)အုပ်။
ယခင်ထုတ်ဝေခဲ့သော စာစောင်များ မှာယူလိုပါက –
အမှတ်စဉ် (_ _ _ _ )၊ အုပ်ရေ (_ _ _ _ ) အုပ်။
စာအုပ်ပေးပို့ရမည့်လိပ်စာ

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _

_ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _ _

ဤအမှာစာကို
Burma Lawyers' Council, P.O Box-144, Mae Sot, Tak, Thailand, 63110 သို့ပေးပို့ရန်။

ဤနေရာမှ ဖြတ်ပါ။

ဤစာရွက်ကို ဖြတ်၍ ဖြည့်စွက်ရေးသားရန်၊ ထို့နောက် အထက်ပါလိပ်စာအတိုင်း ပေးပို့ရန်။